

ဝဏ္ဏဩအာင်
ကျောင်ချိုင်စံ
သိုင်းတာမန်
ဒုတိယပိုင်း
ဇာတ်သိမ်း
ထိပုံး ၊ ဓွမ် ၊ ကျက်မန်

ဝဏ္ဏအောင်

# လှောင်ချိုင့်စံ သိုင်းတမန်

ဒုတိယပိုင်း (ဇာတ်သိမ်း)

(ပ-ဒု နှစ်အုပ်တွဲ)

စာမူခွင့်ပြုချက်အမှတ် ၁၄၅၅/၂၀၀၃ (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၀၃/၂၀၀၄ (၁)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၀၄-ခုနှစ်၊ ဧပြီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀-ကျပ်။

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)၊ ရွှေနံ့သာကျေးရွာ
ပုလဲမြို့ (၃)၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ

ဦးလှသိန်း (လှသိန်းဦးပုံနှိပ်တိုက်)၊
အမှတ် ၁၂၊ ဒါနလမ်း၊ သာယာကုန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပုံနှိပ်သူ

ဦးထွန်းလင်း (မြဲ-၀၆၃၆၂)၊
ဖိုးဝဇော့ဖ်ဆက်၊ အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ထူးဆန်းသောဘုံ[illegible]

---

နေခြည်ဖြာကျလာသောအခါ ပန်းကျင်တစ်ခုလုံး သာယာလှပလာလေသည်။

စစ်လိန်ခေတာင်၏ သာယာလှပမှုသည် မကောင်းဆိုးဝါးကောင်၏ သတင်းဆိုးကြောင့် မှေးလျော့သွားစေလောက်အောင် ဆွဲဆောင်မှုရှိနေပါသည်။

ကျင်းလုံသည် သူတော်၏ဆွဲခေါ်မှုကြောင့် ဘာမသိဘာမသိ လိုက်ပါသွားခဲ့ရပြီး မြက်ပင်ရှည်များကြားသို့ ရောက်ရှိလာလေတော့သည်။

မြက်ပင်များ ဖရိုဖရဲဖြစ်နေသည်။

ပြန့်ကျဲနေသော လူသေ အလောင်းများအား တွေ့လိုက်ရသည်။

ဟာ....

ကျင်းလုံ အထိတ်အလန့်အော်လိုက်မိသည်။

ဤမြေနေရာ၌ ပြင်းထန်သောတိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ထင်ရှားနေပါသည်။

'စစ်လိန့်တောင်ကို ရောက်လာကြတဲ့ သိုင်းလောကသားတွေဟာ မကောင်းဆိုးဝါးကောင်ရဲ့ လက်ချက်မိသွားကြတာပဲ'

သူတော်က ပြောပြလေသည်။

ကျင်းလုံ မျက်မှောင်ကုပ်သွား၏။

'ညက တိုက်ပွဲဖြစ်ခဲ့သယ် ဟုတ်လား'

'ဟုတ်တယ်'

'ဦးဘယ်လုပ်ပြီး သိတာလဲ'

'ညက ငါလာကြည့်တာပေါ့ကွာ၊ သိုင်းလောကသားတွေက တစ်ယောက်ချင်းလဲ လာကြတယ်၊ နှစ်ယောက် တစ်တွဲ သုံးယောက်တစ်တွဲလဲ လာကြတယ်၊ အုပ်စုလိုက်လဲ လာကြတယ်၊ ဒီဘုံကျောင်းတစ်ဝိုက်ကို ရောက်လာချိန်မှာ မကောင်းဆိုးဝါးထွက်လာပြီး တိုက်ခိုက်ခဲ့တာပဲ'

ကျင်းလုံစိတ်ဝင်စားသွားတော့သည်။

'ဦးက မကောင်းဆိုးဝါးကို တွေ့ခဲ့ရသလား'

'တွေ့တယ် ဒါပေမယ့် သူ့ရဲ့လှုပ်ရှားမှုက မြန်ဆန်လွန်းလှတာကြောင့် အရိပ်သဏ္ဍာန်လောက်ပဲတွေ့ရတာ အတော့်ကိုကြောက်စရာကောင်းတဲ့ မကောင်းဆိုးဝါး တစ်ကောင်ပဲ၊ သိုင်းလောကသားတွေလဲ မခေပါဘူး၊ ဒါပေမယ့် မကောင်းဆိုးဝါးကောင်ကို မယှဉ်နိုင်ကြတာ ,မင်းအမြင်ပဲ'

ကျင်းလုံ ထိတ်လန့်သွားသည်။

'မကောင်းဆိုးဝါးကောင်က ဘာကြောင့် သိုင်းလောကသားတွေကို တိုက်ခိုက်ခဲ့ရတာလဲ'



သူတော်က ကျင်းလုံ၏ လက်ကိုဆွဲကာ ခေါ်သွားပြန်သည်။

'ငါ့နောက်လိုက်ခဲ့'

ကျင်းလုံ ငြင်း၍မရဘဲ လိုက်သွားရလေသည်။

မြက်တောကြီးနှင့် လူသေအလောင်းကို ဖြတ်သန်းသွားလိုက်ကြရာ အရှေ့ဘက်၌ မြေကွက်လပ်တစ်ခုနှင့်ပျက်စီးနေပြီဖြစ်သော ဘုံကျောင်းပျက်ကို တွေ့လိုက်ရသည်။

ဘုံကျောင်းပျက်နှင့် မလှမ်းမကမ်း၌ ကြေးခေါင်းလောင်းကြီးတစ်လုံးရှိနေသည်ကိုလည်း တွေ့လိုက်ရ၏။

ထိုကြေးခေါင်းလောင်းကြီးအနီး၌လည်း သေဆုံးနေသူတစ်ယောက်ရှိနေပါသည်။

သူတော်သည် ဘုံကျောင်းပျက်၏ ယာဘက်ရှိ သစ်ပင်တစ်ပင်ကို ညွှန်ပြလိုက်၏။

'ဟိုမှာ ကြည့်လိုက်စမ်း'

ကျင်းလုံ ကြည့်လိုက်သောအခါ သစ်ပင်ပေါ်၌ ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်သော ဆိုင်းဘုတ်တစ်ခုရှိသည်ကို တွေ့ရသည်။

ကျင်းလုံမှာ မျက်လုံးအား ကောင်းသည်မို့ ဆိုင်းဘုတ်ပေါ်၌....

'တားမြစ်နယ်မြေ...အခွင့်မရှိမဝင်ရ'

ဟူသော သတိပေးစာများ ရေးထားသည်ကို တွေ့ရလေသည်။

စာလုံးများသည်လည်း အရောင်အဆင်းမှေးမှိန်နေပြီ ဖြစ်ပါသည်။

သူတော်က ရှင်းပြလေသည်။

'ဒီနေရာဟာ တားမြစ်နယ်မြေတစ်ခု ဖြစ်တယ်၊ အခွင့်မရှိရင်မဝင်ရဘူး၊ ကျူးကျော်ခဲ့ရင် ပြင်းပြင်းထန်ထန် အရေးယူခံရလိမ့်မယ်၊ ဒါဟာ ဟိုတုန်းကတည်းက ကျောင်းထိုင် စုခိုးချမှတ်ခဲ့တဲ့ စည်းကမ်းချက်ပဲ'

ကျင်းလုံက သူတော်အား စေ့စေ့ကြည့်နေမိလေသည်။

သူတော်သည် စစ်လိုင်တောင် ဘုံကျောင်းပျက်အကြောင်း ကောင်းစွာသိရှိထားသူမဟုတ်ပါလား။

မကောင်းဆိုးဝါးကောင်ကဲ့သို့ပင် သူတော်သည်လည်းစိတ်ဝင်စားစရာကောင်းသူဟု ယုံကြည်လာလေတော့သည်။

သူတော်သည် ဘုံကျောင်းပျက်နှင့် ပတ်သက်နေသူ ဖြစ်ပါသည်။

'ဒီဘုံကျောင်းရဲ့ နောက်ကြောင်းရာဇဝင် ကျွန်တော့်ကို ပြောပြနိုင်မလား'

ကျင်းလုံ မေတ္တာရပ်ခံလိုက်လေသည်။

သူတော် ပခုံးတွန့်လိုက်၏။

'ဒီဘုံကျောင်းဟာ ဆရာတော် စုခိုးတာဝန်ယူရတဲ့ ရှောင်လင်ကျောင်းရဲ့ တစ်ရာ့သုံးခုမြောက် ကျောင်းခွဲကလေးပဲ ဖြစ်တယ်'

အမှတ် တစ်ရာ့သုံးခုမြောက် ဘုံကျောင်း၏အကြောင်းကို စတင်ပြောပြလာလေသည်။



ကျင်းလုံ စိတ်ဝင်စားစွာဖြင့် နားထောင်နေလိုက်၏။

'ကျောင်းထိုင်စုခိုးဟာ ရှောင်လင်ကျောင်းရဲ့ တာဝန်ပေးချက်အရ စစ်လိုင်တောင်ကိုရောက်လာပြီး ကျောင်းခွဲတစ်ရာ့သုံးကို တည်ထောင်ခဲ့တယ်၊ အနီးပတ်ဝန်းကျင်က ကျေးရွာတွေကို သွမ်းကျမ်းဝေယျာဝစ္စကိစ္စအတွက် အားကိုးအားထားပြုရပေမယ့် ဘယ်သူ့ကိုမဆို အခွင့်မပြုဘဲ ကျောင်းရဲ့ပိုင်နက်ထဲမဝင်ရလို့ စည်းကမ်းထုတ်ထားတာပဲ၊ အဲဒီစည်းကမ်းဟာ ရှောင်လင်ကျောင်းခွဲမှာ ကူးယူထားရှိတဲ့ သိုင်းကျမ်းတွေကို ကာကွယ်စောင့်ရှောက်တဲ့သဘောလဲဖြစ်တယ်'

ကျင်းလုံ အနည်းငယ်စဉ်းစားပြီးပြောလေသည်။

'ဦးပြောတဲ့သဘောက မကောင်းဆိုးဝါးဟာ ရှောင်လင်ကျောင်းခွဲကို ကာကွယ်စောင့်ရှောက်နေပြီး ကျူးကျော်လာတဲ့ သိုင်းလောကသားတွေကို တိုက်ခိုက်ခဲ့တာပေါ့ဟုတ်လား'

သူတော် ခေါင်းညိတ်လိုက်သည်။

'ဒါအမှန်ပဲ'

'မကောင်းဆိုးဝါးကောင်က ပျက်စီးသွားတဲ့ကျောင်းခွဲနဲ့ ပတ်သက်နေတယ်ဆိုရင် သူဘယ်သူဘယ်ဝါဆိုတာကို ဦးသိရမှာပေါ့'

သူတော် ပခုံးတွန့်လိုက်သည်။

'အမှတ်တစ်ရာ့သုံး ရှောင်လင်ကျောင်းခွဲမှာ လူပေါင်းသုံးဆယ်ကျော်မှီတင်းနေထိုင်ခဲ့ကြတာပဲ၊ ရောဂါကပ်ဆိုးကျရောက်လာတော့လဲ အားလုံးသေဆုံးသွားကြတယ်၊ ဒီတော့ဘယ်သူ

ဘယ်ဝါဖြစ်တယ်ဆိုတာ မပြောနိုင်ဘူး၊ လူသုံးဆယ်ကျော်ထဲက တစ်ယောက်ယောက်တော့ ဖြစ်မှာပေါ့'

'ဦးကကော ရှောင်လင်ကျောင်းခွဲမှာ နေထိုင်ခဲ့သေးတယ် မဟုတ်လား'

သူတော် သက်ပြင်းချလိုက်သည်။

'ဟုတ်တယ် ကျုပ်က ဒီကျောင်းမှာ ကပ္ပိယလုပ်ခဲ့တာပေါ့'

'ဒါဆို ဒီကျောင်းက အဖြစ်အပျက်တွေကို ဦးသိထားရမှာပေါ့'

'ကျုပ်သိတန်သလောက်တော့ သိပါတယ်'

'ဒီလိုဆို တာမိုသိုင်းကျမ်း ဘယ်လို ပျောက်ဆုံးသွားခဲ့ရတယ်ဆိုတာကို ဦးပြောပြနိုင်မလား'

သူတော်က ရုတ်တရက် အဖြေမပေးသေးဘဲ ဘုံကျောင်းပျက်သို့ ညွှန်ပြလိုက်သည်။

'တို့တစ်တွေ ဘုံကျောင်းပျက်ထဲကို အရင်ဆုံးသွားကြည့်ကြတာပေါ့လေ'

'ကောင်းပါပြီဗျာ'

ကျင်းလုံလည်း စိတ်ပါလက်ပါ လိုက်ပါသွားလေတော့သည်။



အမှတ် တစ်ရာ့သုံး ရှောင်လင်ကျောင်းခွဲ ပျက်စီးသွားခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

ဘုံကျောင်းဓါန်ရုံများ၊ တံခါးများ ပျက်စီးနေသကဲ့သို့ ခေါင်မိုး၌လည်း အပေါက်ကြီးများ ဖြစ်နေပါသည်။

သူတော်ရှင်းပြနေသည်။

'ဒါက ကျောင်းထိုင်စုခုံး နေခဲ့တဲ့အခန်း'

'ဒါက ကျက်သရေခန်း'

'ဒါက ဧည့်ခန်းဆောင်'

အမှတ်တစ်ရာ့သုံး ဌာနခွဲတည်ဆောက်ထားပုံမှာ ကျင်းလုံ ရောက်ခဲ့ဖူးသော အခြားဘုံကျောင်းများနှင့် များစွာကွဲပြားခြားနားခြင်း မရှိပေ။

'ဦးကကော ဘယ်မှာနေခဲ့တာလဲ'

'ငါလား လာ...လိုက်ခဲ့'

သူတော်သည် ဘုံကျောင်းအနောက်ဘက်သို့ ခေါ်သွားလေသည်။

အနောက်ဘက် တံခါးပေါက်မှထွက်လိုက်လျှင် မလှမ်း မကမ်း၌ ရေတွင်းအဟောင်းတစ်ခုနှင့် အုတ်တိုက်ကလေး ရှိနေသည်ကို တွေ့ရလေသည်။

'ဟိုအုတ်တိုက်ကလေးမှာ အဂ္ဂိရတ်ထိုးတဲ့ဘုန်းကြီးတစ်ပါး နေခဲ့တယ်၊ သူ့ရဲ့ဘွဲ့ကတော့ ကုံကိုးလို့ခေါ်တယ်၊ ကျုပ်ဟာ ကိုကိုးရဲ့တပည့်ပေါ့၊ တစ်ရာ့သုံး ကျောင်းခွဲမှာ ကျုပ်ဟာ ထင်းခွေ၊ ရေခပ်၊ တံမြက်စည်းလှည်း အောက်ခြေသိမ်း အလုပ်တွေလုပ်ရတဲ့ ကပ္ပိယတစ်ယောက်ပေါ့၊ အဲဒီအချိန်က

ကျုပ်ရဲ့အသက်က ငယ်သေးတယ်လေ၊ မိဘမဲ့တစ်ကောင်ကြွက်ဘဝနဲ့ ခိုတိုးရာမဲ့ပြီး လမ်းပေါ်မှာ ဒုက္ခခံနေတာ၊ ဆရာကိုကိုးက ကျုပ်ကိုသနားလို့ ခေါ်ထားလိုက်တာပဲ'

ကျင်းလုံ အနည်းငယ်စဉ်းစားလိုက်သည်။

'ဦးဟာ ဒီမှာနေခဲ့ပြီး သူများတွေ သေဆုံးသွားခဲ့ကြပေမယ့် ဦးကျတော့ အသက်ရှင်ကျန်ရစ်ခဲ့တာ ဘာကြောင့်များပါလဲ'

ရုတ်တရက် သူတော်၏မျက်နှာ ခက်ထန်သွားလေသည်။

'ဟြော်...သူများတွေသေသွားသလို မင်းကလဲ ငါ့ကို သေသွားစေချင်တယ်ပေါ့ ဟုတ်လား'

'ဟာ...ဒီလိုမဟုတ်ပါဘူးဗျာ'

ကျင်းလုံ ကမျာကယာ လက်ကာပြလိုက်သည်။

'ကျွန်တော်က ဒီလိုသဘောမျိုး ပြောတာမဟုတ်ပါဘူး၊ ရောဂါဆိုးကြောင့် ဘုံကျောင်းကလူတွေ သေဆုံးသွားခဲ့ပေမယ့် ဦးက အသက်ရှင်နေတယ်ဆိုတော့ ရောဂါကပ်ဆိုးကို ဘယ်လိုနည်းနဲ့ ကာကွယ်ခဲ့တယ်ဆိုတာ သိချင်လို့ မေးလိုက်မိတာပါခင်ဗျာ'

သူတော် မျက်မှောင်ကုတ်သွား၏။

အတော်ကလေးကြာမှ မျက်နှာပြုံးပြုံးရွှင်ရွှင် ဖြစ်လာလေသည်။

'အေး...ငါကံကောင်းတာက ငါ့ဆရာ ကိုကိုးကြောင့်ပဲကွ၊ ငါလဲ ရောဂါကပ်ဆိုးဒဏ်ကြောင့် သေလုမျောပါးဖြစ်ခဲ့ရတယ်၊ ကြံရာမရတဲ့အဆုံး ဆရာကိုကိုးရဲ့ အဂ္ဂိရတ်ဖိုထဲက



ဆေးပြားတွေ ယူစားလိုက်တာ သုံးလေးရက်လောက် သတိလစ်နေပြီး နောက်တော့ လူကောင်းပကတိ ပြန်ဖြစ်သွားခဲ့တာပဲ၊ ငါကံကောင်းပေမယ့် ဆရာကိုကိုးအပါအဝင် တခြားဘုန်းကြီးတွေကတော့ ကံဆိုးသွားရှာတယ်ကွာ'

ကျင်းလုံခေါင်းထဲ လှုပ်ရှားလာလေသည်။

ဤကျောင်းလေး၌ သူတော်သာလျှင် အသက်ရှင်လျက်ကျန်ရစ်ခဲ့သူဖြစ်သည်။

ထို့ကြောင့် ဘုံကျောင်း၌ရှိခဲ့သော သိုင်းကျမ်းများသည်

ကျင်းလုံ ကစိုက်ကြည့်နေသဖြင့် သူတော် မျက်မှောင်ကုတ်သွားတော့သည်။

'မင်းဘာကြည့်တာတဲ'

'ဒီနေရာမှာ ဦးတစ်ယောက်ပဲ အသက်ရှင်ကျန်ရစ်ခဲ့တယ်ဆိုရင် သိုင်းကျမ်းတွေအကြောင်းကို ဦးသိရမယ်လို့ တွေးမိလို့ပါ'

သူတော် မဲ့ပြုံးပြုံးလိုက်သည်။

'ငါ့အပေါ်မှာ ဘာသံသယဝင်လာလိမ့်မယ်လို့ ငါတွေးမိပြီးသားပဲ၊ ဒီဘုံကျောင်းမှာ ငါက အသက်ရှင်လျက် ကျန်ရစ်ခဲ့ပေမယ့် သေဆုံးပြီးမကောင်းဆိုးဝါးဖြစ်သွားတဲ့ လူတစ်ယောက်ရှိသေးတယ်၊ သူက သိုင်းကျမ်းတွေထဲက အစွမ်းအထက်ဆုံး တာမိုသိုင်းကျမ်းကို ယူသွားတာပဲ'

ကျင်းလုံ လည်း ပြုံးလိုက်လေသည်။

သူတော်၏စကားမှာ လုံးဝ အဓိပ္ပာယ် ကင်းမဲ့နေခြင်းကြောင့် ဖြစ်ပါသည်။

'မကောင်းဆိုးဝါးကောင်က သိုင်းကျမ်းကို ယူသွားတယ်ဆိုတာ ဖြစ်နိုင်ပါမလား'

'ဘာလဲ....ငါပြောတဲ့စကား ကို မင်းမယုံဘူးလား'

'ကျွန်တော်သာမကပါဘူး ဦးပြောတဲ့စကားကို ဘယ်သူမှယုံကြမှာ မဟုတ်ပါဘူး'

'ဟား....ဟား....ဟား'

သူတော်ဘ စိတ်မဆိုးသည့်အပြင် ဟားတိုက်ရယ်မောလိုက်သည်။

'အေး....အေး' မယုံတဲ့လူတွေ ဘာဖြစ်သွားကြသလဲဆိုတာ တို့ကျောင်းအပြင်ဘက်မှာ မင်းတွေ့ခဲ့တယ်မဟုတ်လား၊ ငါ့စကားကိုမယုံတဲ့ မဟုတ်တာတော့ သွျှာက်မလုပ်ရဲ့နော်၊ တော်ကြာ မင်းဒုက္ခရောက်သွားဦးမယ်'

ကျင်းလုံက ဘာမှမပြောဘဲနေလိုက်သည်။

သူတော် ကျင်းလုံအား စိုက်ကြည့်လိုက်သည်။

'မင်းက တာမိုသိုင်းကျမ်းကို လာရှာတာဟုတ်လား'

ကျင်းလုံ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

'ဒါဖြင့် သေရမှာကို မင်းမကြောက်ဘူးလား'

'တာမိုသိုင်ကျမ်းကိုရှာဖွေလို့ သေရမယ်ဆိုရင်လဲ ကျွန်တော်ရှာရမှာပါ၊ ဘာကြောင့်လဲဆိုရင် တာမိုသိုင်းကျမ်းကို မရရင်လဲ ကျွန်တော် သေရမှာမို့လို့ပါ'

သူတော် မျက်မှောင်ကုတ်သွား၏။

'မင်းဘာကြောင့် သေရမှာလဲ၊ ပြောစမ်းပါဦး'



'ကျွန်တော့်မှာ ကြောက်စရာကောင်းတဲ့ ရန်သူတစ်ယောက်ရှိပါတယ်၊ သူဟာ ကျွန်တော့်မိဘတွေကို သတ်သွားပါတယ်၊ တစ်နေ့ကျရင် ကျွန်တော်ဟာ သူ့ကိုထိပ်တိုက်ရင်ဆိုင်ရမှာ ဖြစ်ပါတယ်'

'သြော်....'

သူတော် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'မင်းဟာ ဂုဏ်သည်တစ်ယောက်ကိုး၊ မင်းအတွက် တာမိုသိုင်းကျမ်းရမှဆိုရင်တော့ ငါလဲတတ်နိုင်မှာမဟုတ်ဘူး၊ တစ်ခုပဲရှိတယ်၊ မင်းက တခြားသိုင်းပညာတစ်ရပ်ကို သင်ချင်တယ်ဆိုရင်တော့ ငါသင်ပေးနိုင်ပါတယ်'

သူတော်မှာ ခေသူမဟုတ်ကြောင်း ကျင်းလုံရိပ်မိထားလေသည်။

တာမိုသိုင်းကျမ်းနှင့်ပတ်သက်၍ မသကာ်စရာ အကောင်းဆုံးလူမှာ သူတော်ဖြစ်နေရကား ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။

သူတော်က စိုက်ကြည့်လိုက်ပြန်သည်။

'ဘာလဲ... ငါ့ကမင်းကို အစွမ်းထက်တဲ့ သိုင်းပညာတွေ မသင်ပေးနိုင်ဘူး ထင်လို့လား'

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'မထင်ပါဘူးဗျာ၊ ဦးဟာ သိုင်းပညာရှင်တစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်တော်ရိပ်မိပါတယ်'

'ဒါဖြင့် ဘာကြောင့် ငါ့ဆီက မသင်ချင်ရတာလဲဆိုတာ ပြောစမ်းပါဦး'

ကျောင်းလုံ သက်ပြင်းချလိုက်လေသည်။

'ကျွန်တော်ရင်ဆိုင်ရမယ့် ရန်သူဟာ အင်မတန်ကြောက်စရာကောင်းတယ်ဆိုတာ ကျွန်တော်ပြောပြီးပါပြီ၊ တော်တန်ရုံသိုင်းပညာနဲ့ သူ့ကိုယှဉ်နိုင်မှာမဟုတ်ပါဘူး'

သူတော် မကျေမနပ် မြေပေါ်ခြေဆောင့်လိုက်သည်။

'ဘာလဲ...မင်းကငါ့ကို အသင်ခေသူဘာလား'

'မဟုတ်ပါဘူး၊ သူဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်းတယ်လို့တောင် ပြောစမှတ်ပြုလောက်တဲ့ လူတစ်ယောက်ပါ၊ သူ့ရဲ့မကောင်းမှုတွေကို သိမထားကြလို့ သိုင်းလောကသားတွေက စံပြပုဂ္ဂိုလ်ကြီးလို့တောင် သတ်မှတ်ထားကြပါသေးတယ်၊ သူ့ရဲ့အနီးပတ်ဝန်းကျင်မှာ ထိပ်တန်းသိုင်းသမားတွေဝိုင်းရံနေတော့ အင်မတန် အန္တရာယ်များလှပါတယ် ခင်ဗျာ'

ကျောင်းလုံရှင်းပြသော်လည်း သူတော် လက်မခံချေ။

'သူက ငါ့လောက် သိုင်းပညာတော်ဦးမလား'

ရင်ကော့ကာ ပြောလေသည်။

ကျောင်းလုံသည် သူတော်ကိုအကဲခတ်ရင်း ရင်ထဲထူးခြားသော ခံစားချက်တစ်ခု ဖြစ်ပေါ်လာသည်။

သူတော်သည် သာမန်လူတစ်ယောက်နှင့် မတူဘဲ ထူးခြားနေသည်ဟု ခံစားလာရခြင်း ဖြစ်သည်။

'ငါ့ဆရာထက် ဘယ်သူကပိုတော်ဦးမှာလဲ၊ သိုင်းလောကမှာ တကယ်ပြိုင်ဘက်ကင်းတယ်ဆိုတာ ငါ့ဆရာတစ်ယောက်ပဲရှိတာ'



'ဦးရဲ့ဆရာက ဘယ်သူများလဲ'

ကျောင်းလုံ လွတ်ခနဲမေးလိုက်မိလေသည်။

သူတော် မကျေမနပ်ဖြစ်သွားသည်။

'ငါ့ဆရာဟာ အဂ္ဂိရတ်ထိုးကိုကိုးဆိုတာ ပြောပြီးပြီလေ၊ မင်းတော်တော် မှတ်ဉာဏ်နည်းတာပဲ၊ ဒီလိုမှတ်ရည်ဉာဏ်သေးမျိုးနဲ့ ဘယ်လိုလုပ်ပြီး ထိပ်တန်းသိုင်းပညာတွေ သင်ယူနိုင်မှာလဲ၊ ပြောစမ်းပါဦး'

ကျောင်းလုံမှာ အပြစ်တင်ခံလိုက်ရသဖြင့် ပခုံးလိုက်မိ၏။

သူတော်က ဆက်ပြောသည်။

'ငါ့ဆရာ အဂ္ဂိရတ်ထိုး ကိုကိုးဟာ မကောင်းဆိုးဝါးဖြစ်သွားပေမယ့် တာမိုသိုင်းကျမ်းကိုရသွားတော့ သူ့ကိုဘယ်သူမှ မယှဉ်နိုင်ကြတော့ဘူး၊ မင်းလိုမှာရင် ငါ့ဆရာကိုပြောပေးမယ်၊ သူ့ဆီက မင်းသင်ချင်တဲ့ တာမိုသိုင်းကျမ်းကို သင်လို့ရချင် ရနိုင်ထာပေါ့'

ကျောင်းလုံတွေဝေသွားသည်။

သူတော်သည် ယဉ်ယဉ်ကလေးနှင့် ရူးသွပ်နေသူ မဟုတ်လျှင် အလွန်စိတ်ဝင်စားစရာကောင်းသူ ဖြစ်ရပေမည်။

တာမိုသိုင်းကျမ်းအား ရှာဖွေရာ၌ သူတော်ထံမှ တနေ့ရမည်ဟု ဆုံးဖြတ်လိုက်မိလေတော့သည်။

သူတော် ထပ်ပြောလေသည်။

'ဘယ်လိုလဲ....မင်းဘာသိလိုသေးသလဲ'

ကျောင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'ဦးရဲ့ဆရာနဲ့ ကျွန်တော် တွေ့ချင်ပါသေးတယ်'

'သိပ်ကောင်းတာပေါ့၊ ဒါပေမယ့် ခုချိန်တွေလို မရောက်သေးဘူးကွ၊ သူဟာ မကောင်းဆိုးဝါးကောင်ဆိုတော့ နေ့ဘက် အိပ်စက်နေပြီး ညဘက်မှာ သက်ဝင်လှုပ်ရှားလာတတ်တာ၊ ညဘက်ရောက်မှ တွေ့ရမယ်'

'ကောင်းပါပြီဗျာ'

'ကဲ...တို့အိမ်ပြန်ပြီး အနားယူကြမယ်၊ ညဘက်ကျမှ ငါ့ရဲ့ ဆရာနဲ့ သွားတွေ့ကြတာပေါ့'

သူတော်က နောက်ကြောင်းလှည့်ထွက်သွားလျှင် ကျင်းလို လည်း လိုက်ပါသွားလေတော့သည်။

…✽…

လှပသော သစ်လုံးအိမ်ကလေးသို့ ကျင်းလိုနှင့်သူတော် ပြန်လည်ရောက်ရှိလာကြပြီ ဖြစ်လေသည်၊

သူတော်သည် အိမ်ထဲသို့ရောက်သည်နှင့် လက်နှစ်ဖက်ကို ဆန့်ဘန့်ကာ ဝါးခနဲသမ်းဝေလိုက်သည်၊

တစ်ဖန် မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့် ပြောသည်၊

'အိပ်ချင်လိုက်တာကွာ'



ကျင်းလို မှက်မှောင်ကုတ်သွား၏။

တစ်ညလုံး ပျောက်နေခဲ့သော သူတော်သည် အိမ်ပြန်ရောက်လာသောအခါ တဝါးဝါးသမ်းဝေသလားကား အိပ်စက်လိုက်ပြီ မဟုတ်ပါလား။

ညက သူတော်သည် မည်သည့်နေရာ သွားနေပါသနည်း။ တိုကျောင်းပျက်ရှေ့၌ သိုင်းလောကသား သေဆုံးခဲ့ကြရသည်မှာ သူတော်၏ လက်ချက်ပေလော။

ညဘက်လှုပ်ရှားပြီး နေ့ဘက် အိပ်စက်အနားယူလိုခြင်းကြောင့် သူတော်သည် မကောင်းဆိုးဝါးဖြစ်နေသည်လော။

သူတော်က ကျင်းလိုအား အမှုမထားဘဲ သူ၏အခန်းတွင်းသို့ဝင်သွားကာ တံခါးပိတ်ထားလိုက်သည်။

ကျင်းလိုက တံခါးအနီးသို့ချဉ်းကပ်ကာ နားထောင်ကြည့်လိုက်လျှင် တခေါခေါဟောက်သံများ ထွက်ပေါ်လာသည်။

သူတော် အိပ်ပျော်သွားပြီ ဖြစ်လေသည်။

…★…

## စုစုဝေးဝေး

ကျောင်းလု နှင့်သူဘော်တို့ထွက်သွားကြပြီး မကြာမီလူတစ်စုတုံကျောင်းပျက်လေးရှေ့သို့ ရောက်ရှိလာကြသည်။

အစိမ်းရောင် အလံဂိုဏ်း ခေါင်းဆောင် လီမင်းကွမ်းဦးဆောင်သည့် သိုင်းလောကသားများဖြစ်ကြသည်။

စစ်လိန်တောင်သို့ ရောက်လာခဲ့သည်မှာ နှစ်ရက်ရှိပြီဖြစ်သော်လည်း လမ်းခရီးမကျွမ်းကျင်ကြသဖြင့် ဘုံကျောင်းပျက်လေးအား ရှာမတွေ့ကြဘဲ ယခုမှရောက်ရှိလာကြခြင်းဖြစ်လေသည်။

လီမင်းကွမ်းသည် ဘုံကျောင်းပျက်လေးနှင့် မလှမ်းမကမ်း၌ မြက်တောထဲမှဖြတ်လာရင်း လဲကျနေသဆုံးနေကြသည့် လူသေအလောင်းများကိုမြင်လျှင် ထိတ်လန့်သွားလေတော့သည်။

'မကောင်းဆိုးဝါးကောင်တော့ သောင်းကျန်းသွားပြန်ပြီ'

အစိမ်းရောင်အလံဂိုဏ်းခေါင်းဆောင် လီမင်းကွမ်း၏ ဖိတ်ကြားချက်ကြောင့် ရောက်ရှိလာကြသည့် သိုင်းသမားများအနက် တစ်ကိုယ်တော်သိုင်းသမား ဆင့်ရှန်းက သေဆုံးနေ



သူတစ်ယောက်အနီး၌ ဒူးထောက်လိုက်ပြီး စစ်ဆေးကြည့်လိုက်သည်။

ထိုလူ၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေပါသည်။

သွေးများမှာ ခြောက်သွေ့ကာ အညိုရောင် ပြောင်းနေပြီဖြစ်လေသည်။

တစ်ကိုယ်တော် သိုင်းသမား ဆင့်ရှန်း မျက်မှောင် ကုပ်သွား၏။

ချက်ချင်းပင် ထိုလူသေအလောင်း၏ အင်္ကျီ ရင်ဘတ်ကို ဖွင့်ကြည့်လိုက်လေသည်။

ထိုအခါ ရင်ဝ၌နီရဲသော လက်ဝါးရာတစ်ခု ရှိနေသည်ကို တွေ့လိုက်ရလေသည်။

'ဒါ သက်ချွေလက်ဝါးတိုက်ကွက်ကြောင့် သေဆုံးသွားခဲ့ရတာပဲ'

ဆင့်ရှန်း၏စကားကြောင့် သိုင်းသမားများ တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြလေသည်။

မိုးကြိုးဂိုဏ်းမှ ပါစန်းကဝေဖန်လိုက်၏။

'သက်ချွေလက်ဝါးသိုင်းဟာ ရှောင်လင်ကျောင်းရဲ့သီးခြားပညာတစ်ခုပဲ'

တစ်ကိုယ်တော်သိုင်းသမား ဆင့်ရှန်းသည် နောက်ထပ်လူသေအလောင်းတစ်လောင်းကို စစ်ဆေးကြည့်လိုက်ပြန်သည်။

မကြာပါချေ။

သူက တအံ့တသြ ရေရွတ်လိုက်မိ၏။

'ဒီလူကတော့ သံမဏိလက်ညှိုးသိုင်းကွက်နဲ့ တိုက်ခိုက်ခံလိုက်ရတာပဲ'

'သံမဏိလက်ညှိုးသိုင်းကွက်ဟာလဲ ရှောင်လင်ကျောင်းရဲ့ ပညာရပ်တစ်ခုပဲ'

တစ်ကိုယ်တော်သိုင်းသမား ဆင့်ရှန်းက နောက်ထပ် လူသေအလောင်းများကို စစ်ဆေးကြည့်လိုက်ရာ လူတစ်ယောက်ကို သိုင်းပညာတစ်မျိုးစီ အသုံးပြုကာ တိုက်ခိုက်လုပ်ကြံခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရလေသည်။

ဤတွင်...

'လူသတ်သမားဟာ ရှောင်လင်ကျောင်းရဲ့ စပေါင်းပဒေသာသိုင်းကျမ်းဖြစ်တဲ့ တာမိုသိုင်းကျမ်းကို တတ်မြောက်ထားတဲ့လူပဲ'

လီမင်းကွမ်းက မှတ်ချက်ချလိုက်လေသည်။

တစ်ကိုယ်တော်ဆင့်ရှန်းက အံကြိတ်လိုက်၏။

'ကျုပ်ဟာ သိုင်းလောကမှာ ကျင်လည် ကျက်စားခဲ့တာကြာပါပြီ၊ မကောင်းဆိုးဝါးကောင်က လူသတ်မှုတော့ ကျူးလွန်တယ်ဆိုတာကို တယ်နယ်နဲ့မှ လက်မခံနိုင်ပါဘူး။ ဒီကိစ္စရဲ့နောက်ကွယ်မှာ လျှို့ဝှက်ချက်တစ်ခုခုရှိရမယ်၊ ဒီလျှို့ဝှက်ချက်ကို ထုတ်ဖော်နိုင်မှ စစ်လိမ်နိုင်တောင်က ပြန်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီကွ'

သူ၏ သဘောထားကို အများသိစေရန် ကြေညာလိုက်လေသည်။

မိုးကြိုးဂိုဏ်းမှ ပါစန်းနှင့် လိပ်ပြာဂိုဏ်းမှ ချင်းရှောင်တို့



က ချက်ချင်းထောက်ခံလိုက်ကြ၏။

ထို့နောက်...

သူတို့သည် သိုင်းသမားတို့၏ အလောင်းများကို ကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်ကြသည်။

ပြီးလျှင် ဘုန်းကျောင်းပျက်ပတ်ဝန်းကျင်မှ သဲလွန်စများကို လိုက်လံရှာဖွေကြလေသည်။

မကြာပါချေ။

ဘုန်းကျောင်းပျက်အောက်ဘက် မြေတိုက်ခန်းသို့ဆင်းသည့် တံခါးပေါက်တစ်ခုကို ရှာဖွေတွေ့ရှိလိုက်ကြလေသည်။

အားလုံးဝမ်းသာသွားကြ၏။

'ဟောဒီမှာ လျှို့ဝှက်တံခါးပေါက်တခုပါလား'

'ဟုတ်တယ် ဒါဟာသဲလွန်စတစ်ခုဖြစ်နိုင်တယ်'

မိုးကြိုးဂိုဏ်းမှ ပါစန်းက ရှေ့တိုးကာ တံခါးဖွင့်လိုက်သည်။

'ကျွီ....'

တံခါးပွင့်သွားလေသည်။

တစ်ကိုယ်တော် ဆင့်ရှန်း မျက်စိမှောင်ကုပ်သွားသည်။

'ဘုန်းကျောင်းထဲက အရာရာဟာ ပျက်စီးနေကြတယ်၊ ဒီတံခါးကတော့ အကောင်းအတိုင်းပါလား'

ဓားသမား ကျန်းရိထောက်ခံလိုက်သည်။

'တစ်ယောက်ယောက်က မြေတိုက်ခန်းထဲမှာ ခိုအောင်းနေထိုင်တာပဲဖြစ်ရမယ်'

သူတို့သည် သတိကြီးစွာထားကာ မြေတိုက်ခန်းအတွင်းသို့

ဆင်းသွားကြလေလည်း။

မြေတိုက်ခန်းထဲ၌ အလင်းရောင် မသဲကွဲသာရှိနေ၏။

မိုးကြိုးဂိုဏ်းမှ ပါစန်းက အသင့်ဆောင်ရသောဖယောင်းတိုင် တစ်တိုင်ကို မီးထွန်းညှိလိုက်၏။

မီးရောင်ထွက်ပေါ်လာသောအခါ စားပွဲကုလားထိုင်အစ ရှိသော လူအသုံးအဆောင် ပစ္စည်းများ ရှိနေသည်ကို တွေ့ရသည်။

စာအုပ်စင်များ၊ ဗီရိုများလည်းရှိ၏။

အံ့ဩစရာကောင်းသည်မှာ ဖုန်များ၊ သဲများမရှိဘဲ စာအုပ်များ၊ ပုရပိုက်များ အကောင်းအတိုင်းရှိနေသည်ကို တွေ့ရခြင်း ဖြစ်လေသည်။

'ဒါရှောင်လင်ကျောင်းရဲ့ သိုင်းကျမ်းတွေပဲ'

'ဟုတ်တယ် မီးလောင် ပျက်စီးသွားတယ်ဆိုပြီး ဘယ်လို လုပ်အကောင်းပကတိအတိုင်း ရှိနေတာလဲ'

ပါစန်းတို့သည် သိုင်းကျမ်းများအား စစ်ဆေးကြည့်ရှုရင်း အလုပ်ရှုပ်သွားကြလေတော့သည်။

…★…

ဝစ်လိန်တောင်၏ အတွင်းပိုင်း တစ်နေရာ၌ တံခေါ်ခေါ် စီးကျနေသော ရေတံခွန်ကြီးတစ်ခုရှိနေသည်။



တုတုဖုံးသည် ရေတံခွန်အနီး၌ မလှုပ်မယှက်ရပ်နေ၏။

သူမ၏ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျနေသည်။ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များမှာ ဆန်းကြယ်လှပေ သည်။

သူမသည် ကျင်းလုံအား အပြစ်မတင်ပါ။

စိတ်ပြောင်းရန့်ကြောင့် အမှားကြုံခဲ့ခြင်း ဖြစ်ကြောင်း သူမနား လည်ထားလေသည်။

မည်သူက၊ စိတ်ပြောင်းရန့်ကို ကောက်ကျစ် စဉ်းလဲစွာ အသုံးပြုခဲ့ပါသနည်း။'

တုတုဖုံး အံကြိတ်လိုက်သည်။

သူမသည် ရေတံခွန်ထဲသို့ခုန်ချရန် ဟန်ပြင်လိုက်၏။

'မလုပ်နဲ့'

လူရိပ်တစ်ခု လျင်မြန်စွာရောက်ရှိလာပြီး ဟန့်တားလိုက် သည်။

ထိုလူမှာ ရှပ်ဆိုးအမျိုးသမီးကြီး ဖြစ်လေသည်။

တုတုဖုံးက တောင်းပန်လိုက်၏။

'ဒေါ်ဒေါ်…ကျွန်မကိုမတားပါနဲ့'

ရှပ်ဆိုး အမျိုးက….

'တူမလေးမှားလိမ့်မယ်၊ တူမလေးသာ သေဆုံးသွားမယ် ဆိုရင် ကျင်းလုံလဲ ဒုက္ခရောက်သွားလိမ့်မယ်'

'ကျင်းလုံ'

တုတုဖုံး တီးတိုးရေရွတ်လိုက်သည်။

ရှပ်ဆိုးအမျိုးသမီး ခေါင်းညိတ်လိုက်သည်။

'တကယ်ဆိုရင် အားလုံးကို ဒုက္ခရောက်အောင် လုပ်တဲ့ ယောက်ျား ကြံစည်နေတယ်၊ သူ့ရဲ့အကြံကို ဖော်ထုတ်နိုင်အောင် မိန့်ကလေးနဲ့ ကျင်းလုံတို့ အားထုတ်ရှာနေမှဖြစ်လိမ့်မယ်'

တုတုဖုး အံ့သြသွားလေသည်။

'ဒေါ်ဒေါ်က စစ်သိန်းတောင်ရဲ့ ကျောင်းဆိုးဝါးကောင် အကြောင်း ပြောနေတာလား'

'မဟုတ်ဘူး၊ သူ့ထက်ပိုပြီး ကြောက်စရာကောင်းတဲ့ လူယုတ်မာအကြောင်းကို ပြောနေတာ'

'ခက်တာပဲ၊ ကျွန့်မအဖို့ နားမလည်နိုင်တော့ဘူး'

ရုပ်ဆိုးအမျိုးသမီးက လျှို့ဝှက်သောအသံဖြင့် ပြောလေသည်။

'တစ်နေ့တော့ မိန်းကလေး နားလည်လာမှာပါ၊ ဒါကြောင့် မိန်းကလေး အသက်ရှင်နေဖို့ အရေးကြီးတယ်'

'ကျွန်...ကျွန်မ...'

'မိန်းကလေးဟာ အရေးပါတဲ့လူတစ်ယောက် ဖြစ်နေပြီ၊ ဒေါ်ဒေါ်နဲ့ လိုက်ခဲ့ပါ၊ ဒါမှ ကျင်းလုံကိုလဲ ကယ်တင်နိုင်လိမ့်မယ်'

တုတုဖုး တွေဝေသွားသည်။

သူမသည် အသေအချာတွေးတောစဉ်းစားပြီးမှ သဘောတူလိုက်တော့သည်။

★



ယနေ့တစ်နေ့လုံး ရာသီဥတု ကြည်လင်သာယာနေသည်။

သို့သော်....

ကျင်းလုံ၏စိတ်ထဲ သာယာနိုင်ခြင်း မရှိချေ၊

တုတုဖုး မည်သည့်နေရာကို ရောက်ရှိသွားသည် မသိနိုင်ပါချေ။

သူက တုတုဖုးအား ရှာဖွေလိုသကဲ့သို့ ညလူကိုလည်း ထိပ်တိုက်ရင်ဆိုင်လိုပေသည်

လူးဆန်းစားသော သူ့ဘော်ကလည်း အိပ်ပျော်နေ၏။

ကျင်းလုံ တွေဝေငေးငိုင်နေစဉ်.......

'ဒီနေရာမှာ အိမ်ကလေးတစ်လုံး ရှိနေသေးတာကိုး'

စကားသံတစ်ချက် ထွက်ပေါ်လာသဖြင့် ကမျာကယာ အိမ်ရှေ့သို့ ပြေးထွက်လိုက်လေသည်။

ထိုအခါ...

ဥပဓိရုပ်တည်ကြည်ခန့်ညားပြီး အဖြူရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ရောက်ရှိလာသည်ကို တွေ့ရသည်။

ထိုအဘိုးအိုကိုမြင်လျှင် ကျင်းလုံ ဒေါသထွက်သွား၏။

'လက်စသတ်တော့ ခင်ဗျားကိုး'

ထိုအဘိုးအိုမှာ ထင်းကျွန်ကိုကျန်း၏ စေတမန် ဝူးလီဖြစ်နေသည်။

ဝူးလီသည်လည်း ကျင်းလုံကို ချက်ချင်းမှတ်မိသွား၏။

'မင်းလဲ ဒီမှာရောက်နေတာကိုး'

ကျင်းလုံ အံ့သြသွား၏။

'ဟုတ်တယ်၊ ခင်ဗျားတို့ ထင်းကျန့်ဂိုဏ်းကိုဆုံးမဖို့ ကျုပ်က ကြိုးစားနေတယ်ဆိုတာ မှတ်လားပါ'

ဝူးလိ ရယ်မောလိုက်လေသည်။

'ကျင်းလုံ....မင်းရူးနေပြီ၊ အခုချိန်ထိ အသက်ရှင်နေတာပဲ ကံကောင်းလှပြီမှတ်ပါ၊ မင်းရဲ့မိတ်ဆွေ ဘယ်လိုဖြစ်သွားတယ်ဆိုတာ မင်းသိတယ် မဟုတ်လား'

'ခင်....ခင်ဗျား....'

ဝူးလိလာရောက် ပို့ဆောင်ပေးသော အဆိပ်အရက်ကို သောက်ကာ သေဆုံးသွားခဲ့ကြသည် မဟုတ်ပါလား။

'ကျုပ်က ထင်းကျန့်ဂိုဏ်းကို ဘယ်တော့မှ ကျေမှာ မဟုတ်ဘူး'

ဝူးလိ လက်ဝှေ့ယမ်းပြလိုက်၏။

'ဒါတွေအသာထားစမ်းပါ၊ ဒီနေရာဟာ ဘယ်လိုနေရာမျိုးလဲဆိုတာ ပြောပြပါဦး'

'ခင်ဗျားမေးတိုင်း ကျုပ်ကပြောရမှာလား'

ဝူးလိမျက်နှာ တင်းမာသွား၏။

ထိုသော်....

စကားတစ်လုံးမှမပြောဘဲ အိမ်ထဲသို့လှမ်းဝင်သည်။

ကျင်းလုံက ဟန့်တားရန်ကြံရွယ်ပြီးမှ လက် လျှော့လိုက်သည်။

သူ၏သိုင်းပညာဖြင့် ဝူးလိအား ဟန့်တား၍ရမည်မဟုတ်ကြောင်း နားလည်ထားလေသည်။



ဝူးလိသည် အိမ်ထဲရောက်လျှင် တစ်ချက်ဝေ့ကြည့်လိုက်၏။

'စစ်လိန်တောင်မှာ သိုင်းလောကသားတွေကို ဒုက္ခပေးနေတဲ့ မကောင်းဆိုးဝါးတစ်ကောင် ပေါ်ပေါက်နေတယ်၊ ပြီးတော့ သေသပ်လှပတဲ့ အိမ်ကလေးတစ်လုံးလဲ ရှိနေတယ်၊ အံ့ဩစရာကောင်းလိုက်တာ'

သူက ကျင်းလုံအား မသင်္ကာသည့်အကြည့်ဖြင့် ကြည့်လိုက်သည်။

ကျင်းလုံ အံကြိတ်လိုက်သည်။

'ကျုပ်ဟာ မကောင်းဆိုးဝါးကောင်နဲ့ ပတ်သက်နေတယ်လို့ ခင်ဗျားထင်နေသလား'

ဝူးလိ နှာခေါင်းရှုံ့လိုက်သည်။

'မင်းက ဘာများအသုံးကျလို့လဲ'

ကျင်းလုံ အောင့်သက်သက် ဖြစ်သွားတော့သည်။

ဝူးလိက မေးလာသည်။

'ဒီအိမ်ရှင်က ဘယ်သူလဲ'

ထိုစဉ်....

'ကောင်လေး....ဆူဆူညံညံနဲ့ ဘယ်လိုဖြစ်နေတာလဲ၊ ကျုပ် အိပ်လို့မရသေးဘူး'

စကားသံနှင့်အတူ သူတော်က အခန်းတွင်းမှ လှမ်းထွက်လာသည်ကို တွေ့လိုက်ရတော့သည်။

...★...

သူတော်သည် မျက်လုံးကို လက်ဖြင့် ပွတ်ကာ အခန်းအတွင်းမှ ထွက်လာလေသည်၊

ဂူလီ မျက်ခမှောင်ကုပ်သွား၏။

'ခင်ဗျားဟဲ့ အိမ်ပိုင်ရှင်လား'

သူတော် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ဘာကိစ္စလို့လဲ'

'ဒီတောင်ပေါ်မှာ မကောင်းဆိုးဝါးကောင် သောင်းကျန်းနေတာကို ခင်ဗျားသိမှာပေါ့'

သူတော် ရယ်မောလိုက်သည်၊

'သိုင်းလောကက လူတွေတောင် သိနေမှတော့ ကျုပ်က ဘာကြောင့်မသိရမှာလဲ'

'ခင်ဗျားသိတယ်ဆိုရင် ဒီမှာနေရဲတာ အံ့သြစရာပဲ'

သူတော်က ရယ်မောလိုက်လေသည်၊

'ဟား...ဟား...ဟား...ကျုပ်ဟာ ငါးနှစ်သား အရွယ်တည်းက ဒီတောင်ပေါ်မှာ နေခဲ့တာ အခုချိန်ကျမှ ဘာကြောင့်မနေရဲရမှာလဲ'

'ကောင်းတယ်...ကောင်းတယ်'

ဂူးလီ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'ခင်ဗျားဟာ မကောင်းဆိုးဝါးကောင်နဲ့ ဘယ်လို ပတ်သက်နေလဲဆိုတာ ပြောပြပါ'

သူတော်က နှာခေါင်းရှုံ့လိုက်၏၊

'မကောင်းဆိုးဝါးကောင်ဆိုတာ ကျုပ်ပဲပေါ့'

'ဗြာ်...'



ဂူးလီက လက်နှစ်ဖက်ဆုတ်ကာ ဦးညွှတ်လိုက်သည်။

'မကောင်းဆိုးဝါး ဆိုကဲ့လူကို တွေ့ရလို့ ဝမ်းသာလိုက်တာဗျာ'

သူက လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်ခြင်းသည် အရိုပ်မဲ့လက်သီးဆိုသော သိုင်းကွက်အား ထုတ်ဖော်အသုံးပြုလိုက်ခြင်းဖြစ်သည်၊

သူတော်အား စတင်တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

'ဟား...ဟား...ဟား'

သူတော် ရယ်မောလိုက်၏။

ရက်တရက်....

မမြင်ရသောတိုက်ကွက်သည် သူတော်ထံသို့ တိုးဝင်သွားလေသည်၊

'ဝုန်း....'

သူတော်သည် နောက်သို့လွင့်စင်သွားကာ ကြမ်းပြင်ပေါ်ဖင်ထိုင်ကျသွားလေသည်။

ဂူလီ တအံ့တဩဖြစ်သွား၏။

'ခင်...ခင်ဗျား'

သူတော် သူ့ လိမ့်ထလိုက်၏၊

'ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

ဂူးလီ သက်ပြင်းချလိုက်၏၊

'မကောင်းဆိုးဝါးကောင်က ဘယ်သူလဲ'

'ကျုပ်ပဲ'

'ခင်ဗျားဟာ မကောင်းဆိုးဆိုရင် ကျုပ်ရဲ့ တိုက်ကွက်ကို ခုခံနိုင်ရမှာပေါ့'

သူတော် ရယ်မောလိုက်လေသည်။

'မကောင်းဆိုးဝါးဆိုတာ ညမှအစွမ်းရှိတာ နေ့ဘက်ဘယ် လုပ်ပြီးအစွမ်းရှိမှာလဲ'

ကျင်းလုံသည် ဝူးလီနှင့် သူတော်တို့ကိုကြည့်ရင်း အံ့သြနေမိသည်။

သူတော်မှာ ယဉ်ယဉ်ကလေးနှင့် ရှုံးသွပ်နေသူဟု ထင်မိသည်။

ဝူးလီ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ ညဘက်ရောက်ရင် ကျုပ်တစ်ခေါက်ပြန်လာခဲ့ပါမယ်'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေသည်။

သူတော်က ဆက်ပြောလိုက်၏။

'ညကျယင် ဒီနေရာကိုမလာနဲ့ မကောင်းဆိုးဝါးဟာ ဘုံကျောင်းပျက်လေးမှာပဲရှိလိမ့်မယ်'

···★···



ဝူးလီ ထွက်သွားပြီဖြစ်သည်။

ကျင်းလုံက ရှေ့တိုးလိုက်၏။

'ဦးဘာမှမဖြစ်ဘူးနော်'

သူတော် ခေါင်းခါယမ်းလိုက်၏။

'ကျုပ်ဘာဖြစ်ရမှာလဲ'

'သူက ဦးကိုတိုက်ခိုက်သွားတယ်မဟုတ်လား'

'ဟား... ဟား....ဟား'

သူတော်က ဟားတိုက်ရယ်မောလိုက်သေသည်။

'သူ့ရဲ့ပညာကို ငါမမှုသေးပါဘူး'

'ဦးဟာ တကယ်ပဲမကောင်းဆိုးဝါးဖြစ်နေတာလား'

သူတော် စိတ်ပျက်သွားလေသည်။

'သူ့ကိုငါက တမင်ပြောလိုက်တာ တကယ်မကောင်းဆိုးဝါးအစစ်ဟာ ငါ့ရဲ့ဆရာပဲလို့ မင်းကိုပြောပြီးပြီ မဟုတ်လား'

ကျင်းလုံခေါင်းကုပ်လိုက်သည်။

သူတော် ပြုံးလိုက်သည်။

'မင်းနားမလည်ရင် စဉ်းစားမနေနဲ့ ငါနဲ့လိုက်ခဲ့'

စကားဆုံးလျှင် ကျင်းလုံ၏လက်ကိုဆွဲခေါ်သွားလေတော့သည်။

···★···

## အကြံသမား

စစ်လိန်တောင်သည် ယခုရက်ပိုင်းအတွင်း ပို၍စည်ကားသိုက်မြိုက်လာလေသည်။

သိုင်းလောကသားများမှာ တစ်သုတ်ပြီးတစ်သုတ်ရောက်ရှိလာကြသည်။

စစ်လိန်တောင်၌ သောင်းကျန်းနေသည့် မကောင်းဆိုးဝါးအား ဖော်ထုတ်ဆုံးမရန် ရောက်ရှိလာကြခြင်း ဖြစ်သည်။

ရွှေကျီးဂိုဏ်းမှ ဂိုဏ်းချုပ် တုတုရှောင်သည် သိုင်းသမားများအား ဦးဆောင်ကာရောက်ရှိလာသည်။

သူ၏သမီးတုတုဖုံးက စစ်လိန်တောင်သို့ လာခဲ့သည်ဟု သတင်းရ၍လိုက်လာခဲ့ခြင်းဖြစ်လေသည်။

တုတုရှောင်တို့လူစု တောင်ပေါ်ကိုတက်လာခဲ့ရာ လမ်းတစ်ဝက်သို့အရောက်တွင် လူသုံးယောက်နှင့် တွေ့ဆုံရလေသည်။



တုတုရှောင် မျက်နှာပျက်သွား၏။

သူတွေ့ရသူများမှာ ခွန်လွန်သိုင်းသမား ပါပုနှင့် သိုက်ဗူးရှေ့ဓားဂေဟာပိုင်ရှင် ဝမ်းရှာနှင့် ဝမ်းလီတို့သားအဖ ဖြစ်နေ၍ပင်။

ပါပုက သင်းကျန့်ဂိုဏ်းချုပ်၏ မင်္ဂလာပွဲအား တားဆီးမည်ဟု သတင်းကြီးနေသူ ဖြစ်သည်။

တုတုရှောင်သည် ပါပုတို့အားမုန်းတီးခဲ့သော်လည်း သိုင်းလောကထုံးစံအရ နှုတ်ဆက်လိုက်လေသည်။

'ခြော် ...မိတ်ဆွေတို့လဲ စစ်လိန်တောင်ကို ရောက်လာကြတာကိုး'

ပါပု နှာခေါင်းရှုံ့လိုက်သည်။

'ခင်ဗျားကတော့ မကောင်းဆိုးဝါးကို လာရှာတာ ဟုတ်မယ်မထင်ပါဘူး'

'ကျုပ်က....'

'ခင်ဗျားရဲ့သမီးကို လိုက်ရှာနေတာ မဟုတ်လား'

တုတုရှောင် သက်ပြင်းချလိုက်၏။

'ကျုပ်ရဲ့သမီးဟာ အတော့်ကို မိုက်မဲပါတယ်ဗျာ၊ သင်းကျန့်ဂိုဏ်းချုပ်က အထူးအခွင့်အရေး ပေးခဲ့တာကိုတောင် သူက....'

'ဟား... ဟား... ဟား'

ပါပု ရယ်မောလိုက်လေသည်။

'ခင်ဗျားသမီးက မိုက်မဲတာမဟုတ်ပါဘူး၊ တကယ်တန်း မိုက်မဲတာက ခင်ဗျားပဲ'

'ဘာ....'

တုတုရှောင် ဒေါပွသွားလေသည်။

ပါပု အားမနာတမ်း ပြောလေသည်။

'ခင်ဗျားသမီးနဲ့ ထင်းကျွန်ဂိုဏ်းချုပ်တို့ အသက်အရွယ်ချင်း၊ အဆင့်အတန်းချင်း ကွာခြားနေမှန်းသိလျက်နဲ့ ကတိစကားတစ်ခုကို လက်ကိုင်ထားပြီး ထင်းကျွန်ဂိုဏ်းချုပ်ကို အကြပ်ကိုင်ခဲ့တာ ခင်ဗျားရဲ့ တစ်ကိုယ်ကောင်းဆန်တဲ့သဘောထား အထင်အရှားပေါ်လွင်နေတာပဲ'

တုတုရှောင် ဒေါသတကြီး တက်ခေါက်လိုက်သည်။

'ကျုပ်က ဘာကြောင့် တစ်ကိုယ်ကောင်း ဆန်ရမှာလဲ ခင်ဗျား စကားကြည့်ပြောရင်ကောင်းမယ်'

'ဟား....ဟား....ဟား၊ ခင်ဗျားဟာ ထင်းကျွန်ဂိုဏ်းချုပ်ရဲ့အရှိန်အဝါနဲ့ သိုင်းလောကမှာ ထင်ရာစိုင်းနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တစ်ကိုယ်ကောင်းဆန်ဆန် လုပ်ခဲ့တာ၊ ကဲ... ခင်ဗျားဘာပြောချင်သလဲ'



'ဩ....'

တုတုရှောင် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ကျုပ်ကိုစော်ကားတာ ကျုပ်က ခေါင်းငုံ့ခံနေမယ်ထင်သလား၊ ခင်ဗျားပြောတဲ့ စကားတွေအတွက် ခင်ဗျားတာဝန်ယူရလိမ့်မယ်၊ ကဲဟေ့....သူ့ကိုဆုံးမလိုက်ကြစမ်း'

ရှေကျိုးဂိုဏ်းသားများသည် တုတုရှောင်၏ အမိန့်ပေးသံကြားရလျှင် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ လက်နက်ကိုယ်စီဆွဲကိုင်ကာ ပါပုထံပြေးဝင်တိုက်ခိုက်လိုက်ကြ၏။

စစ်လိန်တောင်ပေါ်သို့တက်သည့် လမ်းပေါ်တွင် ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ပါပုက ဝမ်းရှာတို့သားအဖဘက်လှည့်ကာ ပြောလိုက်၏။

'ကြုံတုန်းကြုံခိုက် ဒီလူယုတ်မာကို ဆုံးမလိုက်ဦးမယ်'

စကားဆုံးလျှင် လက်နှစ်ဖက်ဝှေ့ယမ်းကာ ရှေကျိုးဂိုဏ်းသားများအား တိုက်ခိုက်လိုက်လေသည်။

ရှေကျိုးဂိုဏ်းသားများမှာ ထိပ်တန်းသိုင်းသမားများဖြစ်သည့် ပါပုအား လုံးဝမယှဉ်နိုင်အောင် ဖြစ်သွားကြ၏။

'ဝုန်း....'

'အား....'

'အမလေး'

'သေပါပြီဗျ'

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာကာ ရှေ့ကျိုး ဂိုဏ်းသားများ ဖရိုဖရဲ လွင့်စဉ်သွားကြလေတော့သည်။

တုတုရှောင် ခံပြုံးသွားလေသည်။

'သိကြသေးလားပေါ့'

ဒေါသတကြီးကြုံးဝါးကာ ခုန်ဝင်တိုက်ခိုက်လိုက်၏။

သို့သော် သူတို့နှစ်ယောက် ထိပ်တိုက်ရင်မဆိုင်မီခင် ဝမ်းရှာက ကြားဝင်တားဆီးလိုက်သည်။

'ရပ်လိုက်ကြပါဗျာ၊ ဘာကြောင့် ကိုယ့်အချင်းချင်းတိုက်ခိုက်ချင်ရတာလဲဗျာ'

တုတုရှောင်က မကျေမနပ်ဖြင့် ပြောလိုက်သည်။

'သူက ကျုပ်ကိုတယ်လောက်အထိ စော်ကားနေတယ်ဆိုတာ ခင်ဗျားတွေမြင်ထားတာပဲ မဟုတ်လား'

ဝမ်းရှာ တောင်းပန်လိုက်သည်။

'ဒီကိစ္စကို ခဏမေ့ထားဖို့ တောင်းပန်ပါတယ်ဗျာ၊ စစ်လိန်တောင်မှာ မကောင်းဆိုးဝါးတစ်ကောင် သောင်းကျန်းနေတာကြောင့် သိုင်းလောကသားတွေ တယ်လောက်ဒုက္ခရောက်နေရတယ်ဆိုတာ ခင်ဗျားသိမှာပါ၊ ဒါကြောင့် ခင်ဗျားရဲ့သမီးကိုရှာဖွေရင်း မကောင်းဆိုးဝါးကောင်ကို ဖော်ထုတ် ဆုံးမရာမှာ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ မေတ္တာရပ်ခံချင်ပါတယ်'



တုတုရှောင်သည် သူ့ကိုဦးစားပေး အလေးထားသည့် သဘောဖြင့် ပြောလာခြင်းကြောင့် ကျေနပ်သွား၏။

'စိတ်ချပါ၊ ကျုပ်တို့ ရှေ့ကျိုးဂိုဏ်းက သိုင်းလောက အကျိုး အများအကျိုးကို အမြဲတမ်းဦးထိပ်ပန်ဆင် ဆောင်ရွက်နေတာပါ၊ စစ်လိန်တောင်ကိုလာခဲ့တာ ကျုပ်ရဲ့သမီးကို ရှာဖွေဖို့ထက် မကောင်းဆိုးဝါးကောင်ကို နှိမ်နင်းဖို့သာ အဓိကထားတယ်ဆိုတာ ပြောပါရစေ'

'ကျေးဇူးတင်ပါတယ်ဗျာ၊ မိတ်ဆွေ့ရဲ့စိတ်နေသဘောထားကို ချီးကျူးပါတယ်၊ ကဲ....ကျုပ်တို့ အတူတကွ သွားကြတာပေါ့'

ဤတွင် ပါပုက ကန့်ကွက်လိုက်သည်။

'သူနဲ့အတူတူ မသွားနိုင်ဘူးဗျ'

ဝမ်းရှာတို့သားအဖသည် ပါပုအား ဖျောင်းဖျကာ ခေါ်ဆောင်သွားကြလေတော့သည်။

★

ငါပုတ္တိုး ထွက်သွားကြပြီ ဖြစ်သည်။

'တောက်...'

တုတုရှောင်က တက်ခေါက်လိုက်သည်။

'ပါပု....မင်းကို ငါဘယ်တော့မှ မကျေဘူးဆိုတာ မှတ်ထားပါ'

ပါပုအပေါ် မကျေမနပ်နှင့် ကြုံးဝါးလိုက်သည်။

ထိုစဉ် ရယ်မောသံ ထွက်ပေါ်လာသည်။

'ဒါဆိုရင်လဲ ထင်းကျန့်ဂိုဏ်းချုပ်ရဲ့ ယောက္ခမဖြစ်လာတဲ့အခါ ပါပုကို မှတ်အောင်ဆုံးမလိုက်ပေါ့ဗျာ'

'ဟင်....'

တုတုရှောင် ကပျာကယာ လှမ်းကြည့်လိုက်ရာ သစ်ပင်နောက်ကွယ်မှ လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူမှာ ညလူဖြစ်ပါသည်။

တုတုရှောင် မျက်မှောင်ကုတ်သွားလေသည်။

'ခင်ဗျား ဘယ်သူလဲ'

မယုံသင်္ကာဖြင့် မေးလိုက်လေသည်။

ညလူက ရယ်မောလိုက်၏။

'ကျုပ်ဘယ်သူလဲဆိုတာ အရေးမကြီးဘူး၊ အရေးကြီးတာက ခင်ဗျားရဲ့သမီးကို တွေ့အောင်ရှာနိုင်ဖို့ပဲ မဟုတ်လား'



'ဟင်...'

'ခင်ဗျားသမီးနဲ့ ထင်းကျန့်ဂိုဏ်းချုပ်ကို လက်မထပ်သို့ မဖြစ်ဘူး'

'ခင်....ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ'

တုတုရှောင်က အံ့ဩစွာဖြင့် မေးလေသည်။

ညလူ ရယ်မောလိုက်သည်။

'ထင်းကျန့်ဂိုဏ်းချုပ်ရဲ့ မင်္ဂလာကိစ္စကို သဘောမတူနိုင်တဲ့ ပါပုတို့လို လူစားမျိုးတွေရှိသလို မင်္ဂလာပွဲ ဖြစ်မြောက်စေချင်တဲ့ ကျုပ်လိုလူစားမျိုးတွေလဲ ရှိပါသေးတယ်ဗျာ'

တုတုရှောင်က ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

ဝန်းကျင်၌ လူသူတင်းရှင်းကာ အေးချမ်းတိတ်ဆိတ်နေသည်ကိုတွေ့ရမှ အသံတိုးတိုးဖြင့် မေးလေသည်။

'ခင်ဗျားက မင်္ဂလာကိစ္စဖြစ်မြောက် အောင်မြင်စေချင်တယ်ပေါ့၊ ဟုတ်လား'

'ဟုတ်ပါတယ်ဗျာ'

'ဘာကြောင့် အောင်မြင်စေချင်ရတာလဲ'

ညလူက အဖြေမပေးဘဲ ပြန်မေးလိုက်သည်။

'ခင်ဗျားကော'

'ကျုပ်....'

'ခင်ဗျားက ထင်းကျွန်ဂိုဏ်းချုပ်ရဲ့အရှိန်နဲ့ သိုင်းလောကမှာ လူတွင်ကျယ်လုပ်ချင်လို့ မဟုတ်လား'

ညလှ၏စကားကြောင့် တုတုရှောင် ကျုံ့မြိုးတိုသွားလေသည်။

ညလှက ရယ်မောလိုက်သည်။

'ကျုပ်ကလဲ ခုချိန်မှာ ကူညီဆောင်ရွက် ပေးမယ်ဆိုရင် နောင်တစ်ချိန်မှာ ခင်ဗျားရဲ့အကူအညီ ပြန်ရလာနိုင်မှာပဲ မဟုတ်လားဗျာ'

'ဩော်...ခင်ဗျားက ကျုပ်ရဲ့အကူအညီ လိုချင်နေတာကိုး'

'ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်ကအရင်ဦး ခင်ဗျားကို ကူညီသွားမယ်ဆိုတာ မှတ်ထားပါ'

တုတုရှောင် သဘောကျသွားလေသည်။

'ကျုပ်ကို ဘယ်လိုကူညီနိုင်မယ်ဆိုတာ ပြောစမ်းပါဦး'

'အနည်းဆုံးတော့ ကျုပ်က ခင်ဗျားရဲ့သမီးကို တွေ့အောင်ရှာဖို့ ကူညီနိုင်တာပေါ့'

'ခင်...ခင်ဗျားတကယ်ပြောတာလား'

တုတုရှောင် လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ညလှရယ်မောလိုက်၏။

'တကယ်ပြောတာပေါ့'



'ကောင်းပြီ၊ ကျုပ်သမီးကို ဘယ်မှာတွေ့နိုင်မလဲဆိုတာ ပြောပါ'

ညလှ လေသံတာပြုလိုက်သည်။

'ဖြည်းဖြည်းပေါ့ဗျာ၊ ဆစ်လိုနီဆောင်ကို ရောက်မှတော့ တွေ့မှာပေါ့၊ ကဲ...နာမည်ကြီးနေတဲ့ ဘုံကျောင်းမျက်ကို ခင်ဗျားအရင်ဆုံး သွားလိုက်ပါဦး၊ ပြီးမှ ကျုပ်တို့တွေ့ကြသေးတာပေါ့'

စကားဆုံးလျှင် ချာခနဲလှည့်ကာ ခွါထွက်သွားလေသည်။

တုတုရှောင်က ဟန့်တားရန် ကြံရွယ်လိုက်သော်လည်း နောက်ကျသွားပြီ ဖြစ်လေသည်။

ညလှမှာ ကိုယ်ဖော့ပညာ ကောင်းလှသဖြင့် သစ်ပင်များကြားသို့ ရောက်ရှိသွားပြီး မြင်ကွင်းမှပျောက်ကွယ်သွားတော့သည်။

တုတုရှောင်လည်း ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

★

ညလူသည် တုတုရှောင်တို့နှင့်လမ်းခွဲပြီး ကျောင်းလုံ့ရှိနေသည့် သူတော်၏အိမ်ကလေးသို့ လာခဲ့လေသည်။

အိမ်ကလေးမှာ တိတ်ဆိတ်နေသည်။

'ကျောင်းလုံ....ကျောင်းလုံ'

ညလူက အော်ခေါ်လိုက်သော်လည်း ကျောင်းလုံ၏ပြန်ထူးသံကို မကြားရသကဲ့သို့ အရိပ်အယောင်လည်း မတွေ့ရချေ။

'ကျောင်းလုံ...မင်း ဘယ်မှာလဲ'

ညလူက အိမ်ထဲသို့လှမ်းဝင်လိုက်လေသည်။

အိမ်ထဲ၌ လူသူတစ်ဦးတစ်ယောက်မျှ ရှိမနေပါချေ။

ညလူ အံ့ဩသွားလေသည်။

'ကျောင်းလုံ ဘယ်ရောက်သွားပါလိမ့်'

ကျောင်းလုံရော တုတုဖုံးကိုပါ မတွေ့ရခြင်းကြောင့် တစ်စုံတစ်ခု မှားယွင်းနေပြီဟု တွေးမိလိုက်သည်။

'သူကရှက်ပြီး စစ်လိန်တောင်က ထွက်သွားတာများလား'

ချက်ချင်း ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး၊ ထင်းကျူနဲ့ဂိုဏ်းချုပ်ကိုဆုံးမဖို့ တာဝန်သိုင်းကျမ်းကို မရမချင်း သူထွက်သွားဦးမှာမဟုတ်ဘူး'

ကျောင်းလုံသည် တုတုဖုံးအား လိုက်လံရှာဖွေခြင်းဖြစ်မည်ဟု တွေးလိုက်၏။

ထိုစဉ်....

အပြင်ဘက်မှ ခြေသံကြားလိုက်ရသဖြင့် ညလူက အိမ်ထဲမှ ကပျာကယာ ပြေးထွက်လိုက်သည်။



အပြင်ဘက်ရောက်လျှင် အဖြူရောင် အဝတ်အစားများ ဝတ်ထားသူတစ်ယောက် ရောက်ရှိလာသည်ကို တွေ့လိုက်ရသည်။

ထိုသူမှာ ဥပဓိရုပ် အလွန်ကောင်းပြီး အသက်လေးဆယ်နှင့်ရှိဦးမည် ထင်ရသည်။

သူ၏ခန္ဓာကိုယ်မှ ထူးခြားသော အငွေ့အသက်များထွက်ပေါ်နေပြီး မိမိ၏ကျောရိုးတစ်လျှောက် အေးစိမ့်သွားသည်ဟု ညလူ ခံစားလိုက်ရလေသည်။

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်လိုက်မိကြ၏။

ထိုလူက စကားစလာသည်။

'မင်းဟာ ပင်ကိုယ်မျက်နှာကို ဖော်မပြရဲတဲ့ ရုပ်ဖျက်ထားတယ်ဆိုတော့ လူကောင်းတစ်ယောက် မဖြစ်နိုင်ဘူးထင်တယ်'

ညလူ၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

သို့သော် သူက ဟားတိုက်ရယ်မောလိုက်သည်။

'လူတစ်ယောက်ရဲ့ အကြောင်းကို သေသေချာချာမသိဘဲ စေဖန်ပြောဆိုရဲတာ ရယ်စရာတောင် ကောင်းနေပြီ၊ ဒါနဲ့ပဲ သိုင်းလောကတစ်လုံး ကြည်ညိုလေးစားရတဲ့ ထင်းကျူနဲ့ဂိုဏ်းချုပ်ဖြစ်နေရသလားဗျာ'

ထိုလူကား သိုင်းလောက၌ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ထင်းကျူနဲ့ဂိုဏ်းချုပ် ကောင်းဖုံးဖြစ်လေသည်။

ကောင်းဖုံးသည် စစ်လိန်တောင်မှ မကောင်းဆိုးဝါးအကြောင်း ဖော်ထုတ်ရန်ရောက်ရှိလာပြီဖြစ်လေသည်။

ညလူ၏စကားသံနှင့် ရယ်သံကြောင့် ကောင်းဖုံး မျက်

ခမှာ ကုပ်သွားသည်။

'ခင်ဗျားရဲ့အသံဟာ ကျုပ်သိထားတဲ့ လူတစ်ယောက်ရဲ့ အသံနဲ့အတော်ကလေးတူနေတယ်၊ ခင်ဗျားဟာ ကျင်းမြို့စား ကျင်းချိုးပဲမဟုတ်လား'

ညလူက ဘာတစ်ခွန်းမျှ မပြောလိုက်ပေ။

'ခင်ဗျားမဆိုးဘူး၊ ဒါပေမယ့် ခင်ဗျားမှားနေတယ်၊ ကျုပ်က ကျင်းချိုးမဟုတ်ဘူး၊ ခင်ဗျားရဲ့ မတရားအနိုင်ကျင့် ခံရပြီး သေသွားခဲ့တဲ့ ကျင်းချိုးရဲ့အစ်ကို ကျင်းဝိုးပါပဲ'

'ကျင်းဝိုး'

'ဟုတ်တယ်'

ထင်းကျန့်ဂိုဏ်းချုပ်ကောင်းဖုံးခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး၊ ကျင်းချိုးမှာ ဘယ်ညီအစ်ကို မောင်နှမ မရှိဘူးဆိုတာ ကျုပ်သိတယ်'

ညလူ ပခုံးတွန့်လိုက်သည်။

'ယုံတာမယုံတာက ခင်ဗျားသဘောပဲ၊ ကျုပ်ကတော့ ကျင်းချိုးသေဆုံးသွားရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူးဆိုတာ မှတ်ထားပါ'

ကောင်းဖုံးက တည်ကြည်သောမျက်နှာထားဖြင့် ပြောလေသည်။

'ကျင်းချိုးဟာ သေသင့်သေထိုက်လို့ သေရတာပဲ'

'ကောင်းပြီ ကျင်းချိုးဘာကြောင့် သေထိုက်ရတယ်ဆိုတာ ပြောပါ'



ညလူ၏အမေးစကားကို ကောင်းဖုံးရုတ်တရက် အဖြေမပေးနိုင်အောင်ဖြစ်သွားလေသည်။

ညလူက ထပ်မေးလိုက်သည်။

'ကဲ…ကျင်းချိုးက ဘာကြောင့် သေသင့်သေထိုက်ရသလဲဆိုတာပြောစမ်းပါဦး'

ကောင်းဖုံး သက်ပြင်းချလိုက်သည်။

'သူသေသင့်သေထိုက်လို့ဆိုတာ ပြောပြီးပြီပဲ'

'ဒီကိစ္စအတွက် ခင်ဗျားတစ်နေ့ ဖြေရှင်းရမယ်'

စကားဆုံးလျှင် ညလူက ပြေးထွက်သွားလေသည်။

ကောင်းဖုံးက ဟန့်တားခြင်းမပြုချေ။

ညလူ မြင်ကွင်းမှပျောက်ကွယ်သွားပြီးမှ အိမ်ထဲ လှမ်းဝင်လိုက်လေသည်။

ထိုသော် အိမ်ကလေးကိုတစ်ချက် အကဲခတ်ကြည့်ပြီး ပြန်ထွက်သွားလေသည်။

လှမ်းလှမ်းတောက် ကျော်ကြားနေသည့် ထင်းကျန့်ဂိုဏ်းချုပ်ရောက်ရှိလာပြီးနောက် စစ်လိန်တောင်၏ အနေအထား မည်သို့ရှိလာလိမ့်မည်နည်း။

…★…

## လူလောသရဲလော

'ဟူး....ဟူး....ဟူး'

နားထဲ၌ လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ် နေသည်၊

ကျင်းလုံသည် သူတော်ဆွဲခေါ်သွားရာနောက်သို့ ပါသွား သည်၊

သို့သော် ပြေးသွားပုံမှာ လျင်မြန်လွန်းလှသဖြင့် ကိုယ်ဖော့ ပညာ အလွန်ကောင်းသူဖြစ်ကြောင်း သိလိုက်ရ၏၊

အတန်ကြာပြေးလွှားသွားပြီးလျှင် သူတော်က ခြေလှမ်း ရပ်လိုက်သည်၊

ထိုအခါ ကျောက်ဂူတစ်ခု၌ ရောက်ရှိနေသည်ကို သိရလေ သည်၊

'လာလိုက်ခဲ့'

သူတော်က ကျင်းလုံ၏ လက်ကိုဆွဲကာ ကျောက်ဂူထဲသို့ ဝင်သွားလေသည်၊



ကျင်းလုံစိုးထိတ်လာသည်၊

သူတော်သည် လူထူးဆန်းတစ်ယောက်ဖြစ်သကဲ့သို့ သိုင်း ပညာမခေရကား သူ့အား ဒုက္ခပေးမည်ကို စိုးရိမ်လာခြင်း ဖြစ်သည်၊

ကျောက်ဂူကြီးမှာ အေးစိမ့်ကာ မှောင်နှင့်မည်းမည်းဖြစ် နေသည်၊

'ကျွန်တော့်ကို ဘယ်ခေါ်သွားမလို့လဲ'

ကျင်းလုံက ကြောက်အား လန့်အားဖြင့် မေးလိုက်လေ သည်၊

သူတော် ခြေလှမ်းရပ်သွားသည်၊

ကျင်းလုံအား ခပ်စိမ်းစိမ်းကြည့်ကာ ပြောလိုက်၏၊

'မင်းကို ငါ့ရဲ့ဆရာနဲ့ တွေ့ပေးမလို့'

'ဗျာ....'

'မင်းက တာမိုသိုင်းကျမ်းကို လိုချင်လို့ စစ်လိန်တောင်ကို လာခဲ့တာမဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်'

'တာမိုသိုင်းကျမ်းကို ငါ့ရဲ့ဆရာက ရထားတယ်လေ၊ သူနဲ့ တွေ့မှ မင်းလိုချင်တဲ့သိုင်းကျမ်းကို ရနိုင်မှာပေါ့'

ကျင်းလုံ ငိုင်သွားလေသည်၊

အတန်ကြာမှ....

'ဦးရဲ့ဆရာ ကွယ်လွန်သွားခဲ့ပြီဆို'

'ဟုတ်တယ်လေ သူဟာ မကောင်းဆိုးဝါး ဖြစ်နေတယ်လေ'

'ဒါဖြင့် သူ့ကိုဘယ်လိုတွေ့နိုင်မှာလဲ'

'စိတ်ချ တွေ့ရအောင်ခေါ်ယူတာ'

ကျင်းလုံ အံ့ကြိုဟ်လိုက်သည်။

'မကောင်းဆိုးဝါးကောင်ဟာ စစ်လိန်တောင်ကို ရောက်လာတဲ့ သိုင်းလောကသားတွေကို လုပ်ကြံပစ်နေတယ်ဆိုတော့ ကျွန်တော့်ကိုကော မတိုက်ခိုက်ဘူးလို့ပြောနိုင်ပါမလား'

သူတော် လက်ကာပြလိုက်သည်။

'ငါ့ရဲ့ဆရာဟာ သူများကိုတိုက်ခိုက်ပေမယ့် မင်းကိုတော့ ငါခေါ်လာတာဆိုတော့ တိုက်ခိုက်မှာမဟုတ်ဘူး၊ ဝါတာဝန်ယူပါတယ်'

'ဒါဆိုလဲ ကျွန်တော် လိုက်ခဲ့ပါမယ်'

ကျင်းလုံက သဘောတူလိုက်လေသည်။

'ကဲ....သွားရအောင်'

နှစ်ယောက်သား ရှေ့ဆက်သွားလိုက်ကြလေသည်။

ကျောက်ဂူမှာ ပို၍ကျယ်ဝန်းလာသည်။

ဂူနံရံရှိ သလင်းကျောက်များမှ ရောင်ပြန် ထွက်ပေါ်လာခြင်းကြောင့် ဂူထဲပြာလဲ့လဲ့အရောင်သန်းလာသည်။



ကျောက်ဂူအတွင်းပိုင်း၌ ဂူပေါက်ကလေးများသည် လမ်းခွဲကလေးများပမာ များပြားစွာရှိနေသည်ကိုလည်း တွေ့လာရသည်။

သူတော်သည် ဂူပေါက်ကလေးတစ်ခုခရှေ့၌ ခြေလှမ်းရပ်လိုက်သည်။

ကျင်းလုံလည်း ခြေလှမ်းရပ်ကာ အကဲခတ်ကြည့်လိုက်လေသည်။

ထိုစဉ်....

'သူတော်....မင်းရောက်လာပြီလား'

ဂူထဲမှ အေးစိမ့်သောစကားသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

'ဟင်...'

ကျင်းလုံ ရင်ထိတ်သွားသည်။

သူတော်နှင့် ပတ်သက်နေသူတစ်ယောက် ရှိနေသည်ကို လက်တွေ့သိလိုက်ရပြီ မဟုတ်ပါလား။

ထိုလူမှာ သူတော်၏ဆရာ အဂ္ဂိရတ်ထိုး ကိုကိုးဖြစ်ရပေမည်။

သိုင်းလောကအားများဘား ဒုက္ခပေးနေသူမှာ မကောင်းဆိုးဝါးကောင်တစ်ကောင် မဟုတ်ဘဲ ရှောင်လင်ကျောင်းခွဲမှ အသက်ရှင်လျက်ကျန်ရစ်ခဲ့သော ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေသည်။

သူတော်က ဦးညွှတ်လိုက်၏။

'ဟုတ်ပါတယ်၊ ကျုပ်ရောက်ပါပြီ၊ ဆရာ့အတွက် လူငယ်

လေးတစ်ယောက် ခေါ်လာပါတယ်'

'သူတော်....ကျုပ်က....'

ထိုစဉ် အဝေးတစ်နေရာမှ ထူးခြားသော အသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားရသည်။

သူတော် မျက်မှောင်ကုတ်သွားသည်။

'ဆရာ....ကျုပ်ပြန်လာခဲ့မယ်'

ဟု ပြောကာ ကျင်းလုံး၏လက်ကို ဖမ်းဆွဲလိုက်သည်။

'မင်းက ငါ့ရဲ့ဆရာနဲ့ အဖော်လုပ်လိုက်ပါဦး'

စကားဆုံးလျှင် ဂူပေါက်အတွင်းကို ဆောင့်တွန်းလိုက်လေသည်။

'အွန်း....'

ကျင်းလုံမှာ ဂူပေါက်ထဲရောက်သွားလေသည်။

ဂူပေါက်ကား အောက်ဘက်သို့ နိမ့်ဆင်းလျှောနေသောကြောင့် တလိမ့်ကောက်ကွေး ထိုးကျသွားလေသည်။

အောက်ဘက်၌ ချိုင့်ကြီးတစ်ခုပမာ ရှိနေရကား....

'အား....'

ကျင်းလုံမှာ ခြေကားယား လက်ကားယားဖြင့် ထိုးကျသွားတော့သည်။

....★....



ကျင်းလုံ ကြောက်ရွံ့ထိတ်လန့်ကာ စူးစူးရှရှအော်ဟစ်လိုက်သည်။

ခြေလက်များဆန့်တန်းကာ ဟိုဟိုသည်သည် ဖမ်းဆွဲလိုက်သော်လည်း တွယ်တာစရာ ရှာမရခဲ့ချေ။

နောက်ဆုံး....

'ဝုန်း....'

မြေပေါ်သို့ပြုတ်ကျသွားပြီး တစ်ကိုယ်လုံး နာကျင်သွားတော့သည်။

ကျင်းလုံသည် နာကျင်မှုကို ဂရုမစိုက်နိုင်အားဘဲ ကပျာကယာ လူးလိမ့်ထလိုက်သည်။

ဂူထဲ၌ အေးစိမ့်ကာ မှောင်မည်းနေ၏။

ပတ်ဝန်းကျင်ရှိ အကဲခတ်ကြည့်လိုက်သော်လည်း မှောင်မည်းနေသဖြင့် ရုတ်တရက် ဘာကိုမျှမတွေ့ရချေ။

မလှမ်းမကမ်းတစ်နေရာ၌ အသက်ရှူသံ ထွက်ပေါ်နေသည်ကို ကြားလိုက်ရသည်။

'ဘယ်သူလဲ'

ကျင်းလုံ လွှတ်ခနဲမေးလိုက်သည်။

အမှောင်ထဲ၌ တဖြည်းဖြည်း ကျင့်သားရလာတော့မှ မလှမ်းမကမ်း၌ လူတစ်ယောက်ရှိနေသည်ကို တွေ့ရလေသည်။

ထိုသူမှာ တစ်ကိုယ်လုံး အရိုးပေါ်အရေတင် ပိန်လှီချည့်နွဲ့နေသော အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

မကောင်းဆိုးဝါးကောင် အကြောင်း စိတ်ထဲရောက်နေသည့် ကျင်းလုံထိတ်လန့်သွားလေသည်။

'ဟ....မကောင်းဆိုးဝါး'

ကမျာကယာ နောက်ဆုတ်လိုက်ရာ ကျောက်ဂူနံရံနှင့် ကျောပြင် ဝင်ဆောင့်မိလိုက်လေသည်။

'အင်....'

ကျင်းလုံ **တစ်ကိုယ်လုံး** နာကျင်သွားပြန်သည်။

အဘိုးအို သက်ပြင်းချလိုက်လေသည်။

'ငါ့ကိုမကြောက်ပါနဲ့ကွာ၊ ငါက မကောင်းဆိုးဝါးမဟုတ်ပါဘူး၊ သူတော်ရဲ့လုပ်ချက်နဲ့ ဒီနေရာမှာ အကျဉ်းကျနေတဲ့ လူတစ်ယောက်ပါ'

'ဗျာ....'

အဘိုးအို၏စကား ကြားလိုက်ရသောအခါ ကျင်းလုံအံ့ တသြ ဖြစ်သွားသည်။

'ဦးဟာ သူတော်ရဲ့အကျဉ်းသား ဖြစ်နေတယ်ဟုတ်လား'

'ဟုတ်ပါတယ်ကွယ်'

'သူတော်ကတော့ ဦးဟာ အဂ္ဂိရတ်ဆိုး ကိုကိုးလို့ပြောပါလား'

အဘိုးအို သက်ပြင်းချလိုက်ပြန်သည်။



'ကျုပ်နာမည် ထင်းရိုလို့ခေါ်ပါတယ်၊ တစ်ချိန်ကသိုင်းလောကမှာ ကျော်လည်ကျော်စောခဲ့ပေမယ့် နောက်ပိုင်း ကျုပ်ရဲ့မိတ်ဆွေ ရှုဟို ကွယ်လွန်သွားပြီးတဲ့နောက်မှာ သိုင်းလောကက အနားယူလိုက်လို့ အင်း....သိုင်းလောကသားတွေဟာ ကျုပ်ကို မေ့သွားလောက်ရှိပြီလို့ ပြောနိုင်ပါတယ်'

ရှုဟိုဆိုသော အမည်ကြောင့် ကျင်းလုံ စိတ်ဝင်စားသွားသည်။

သူ၏မိခင်အမည်မှာ ရှုယဉ်ဖြစ်ပြီး အဘိုးဖြစ်သူသည် သိုင်းလောကရှိ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ကောင်းကင်မား ရှုဟိုဖြစ်ကြောင်း သိရှိခဲ့ရသည် မဟုတ်ပါလား။

ထို့ကြောင့်....

'ဦးရဲ့မိတ်ဆွေဆိုတာ ကောင်းကင်မား ရှုဟိုကိုပြောတာများလား ခင်ဗျာ'

ဟူ၍ မေးလိုက်မိလေသည်။

ထင်းရိုဆိုသော အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မင်းက သူ့နာမည်ကို ကြားဖူးတယ်မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျာ၊ ကောင်းကင်မား ရှုဟိုဟာ....'

သူ၏အတိုးဖြစ်ကြောင်း ပြောရန်ပြင်ပြီးမှ မပြောဘဲနေလိုက်သည်။

ထင်းရှိ၏အကြောင်းကို မသိရသေးသဖြင့် ယုံကြည်ရန်ခက်ခဲနေသောကြောင့် ဖြစ်သည်။

ထင်းရှိက ပြောလာသည်။

'ကျုပ်နဲ့ ကောင်းကင်မား ရှုဟိုဟာ သွေးသောက်ညီအစ်ကိုဖွဲ့ခဲ့ကြတာပေါ့၊ သိုင်းလောကသားတွေကတော့ ကျုပ်တို့နှစ်ယောက်ကို မားနဲ့ကက်ဝါးလို့ တင်စားခေါ်ကြသေးတယ်'

ထိုစကားကြောင့် အတိုးအိုသည် လူကောင်းတစ်ယောက်ဖြစ်နိုင်သည်ဟု ကျင်းလုံတွေးလိုက်၏။

'ဒါနဲ့ အဘက ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေရတာလဲ'

ထင်းရှိငူငူကြီးဖြစ်သွားပြီးမှ ရှင်းပြလေသည်။

'ငါက စစ်လိန်တောင်မှာ မကောင်းဆိုးဝါး ပေါ်ပေါက်နေတယ်ဆိုတဲ့ သတင်းကြောင့် စိတ်ဝင်စားပြီး လာခဲ့တာပါ၊ နှစ်ပေါင်း သုံးဆယ်အတွင်း စစ်လိန်တောင်က တာမို သိုင်းကျောင်းရဲ့သတင်းနဲ့ မကောင်းဆိုးဝါးကောင် သတင်းဟာ စိတ်ဝင်စားစရာအကောင်းဆုံးပဲလေ၊ ဒါကြောင့်ကျုပ်က ဇာတ်မြုပ်သွားတယ်ဆိုပေမယ့် စိတ်ဝင်စားမှုကို မထိန်းနိုင်လို့ လာခဲ့မိတာပဲ'

သူက လေပူမှုတ်ထုတ်ကာ စကားဆက်လိုက်လေသည်။

'စစ်လိန်တောင်ကိုလဲ ရောက်ရော သူတော်နဲ့ တွေ့ပြီး အဖမ်းခံလိုက်ရတာပဲ'



'သူက အဘကိုဘာကြောင့်ဖမ်းဆီးရတာလဲ'

'ဟင်း....ရယ်စရာတော့ကောင်းတယ်၊ ငါ့ကိုသူ့ရဲ့ဆရာထင်လို့တဲ့'

'ဗျာ....'

'သူ့ဆရာ ကိုကိုးဟာ ငါနဲ့ရုပ်ချင်းခွဲမရအောင် တူနေတာကြောင့် သူ့ဆရာအသက်ပြန်ရှင်လာလို့ ထင်နေတယ်၊ ငါက မဟုတ်တဲ့အကြောင်း ရှင်းပြပေမယ့် သူကလက်မခံဘဲ ငါ့ကို ဖမ်းဆီးထားလိုက်တာပဲ'

ယခုမှ အဖြစ်မှန်ကို သိလိုက်ရသဖြင့် ကျင်းလုံ ရင်လေးသွားသည်။

'သူတော်ဟာ အတော့်ကိုကြောက်စရာကောင်းတဲ့ လူတစ်ယောက်ပဲ'

လွတ်ခနဲပြောလိုက်မိသည်။

ထင်းရှိ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ငါ့ရဲ့သိုင်းပညာလဲ မခေပါဘူး၊ ဒါပေမယ့် သူတော်ကို သိုင်းကွက်သုံးကွက်ပြည့်အောင် မယှဉ်နိုင်ခဲ့ဘူး'

ကျင်းလုံက ထင်းရှိအား ငေးကြည့်နေမိတော့သည်။

ထင်းရှိက ဆက်ပြောသည်။

'သူတော်ဟာ ကျုပ်ကို သိုင်းပညာ အသုံးမပြုနိုင်အောင် သွေးကြောပိတ်လိုက်တယ်၊ ကျုပ်ဟာသာမန်လူတစ်ယောက်လိုဖြစ်သွားပြီး ခုလိုအကျဉ်းချခံလိုက်ရတာပေါ့'

ကျောင်းလုံ မျက်မှောင်ကုပ်သွား၏။

'သူတော်ရဲ့သိုင်းပညာဟာ ဒီလောက်တောင်ပဲ တော်နေသလား'

'သူဟာ သိုင်းလောကသားတိုင်း လိုချင်မက်မော နေကြတဲ့ တာမိုသိုင်းကျမ်းကို ရထားတာသေချာတာပေါ့'

'ဗျာ....'

'သူအသုံးပြုခဲ့တဲ့သိုင်းပညာဟာ တာမိုသိုင်းကျမ်းက သိုင်းပညာဆိုတာ ကျုပ်သိတယ်'

ထင်းရှိ၏စကားကို ကျောင်းလုံလက်ခံမိသည်။

'ဒါဖြင့် သူဟာ တာမိုသိုင်းကျမ်းကို ရထားပြီး သိုင်းလောကသားတွေကို ဒုက္ခပေးနေတာပေါ့'

'ငါ့ကိုတောင် ဒုက္ခပေးခဲ့သေးတာပဲ၊ သိုင်းလောကသားတွေကိုလဲ သူပဲဒုက္ခပေးမှာပေါ့'

ထိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံနှင့်အတူ သူတော်ကဂူထဲသို့ခုန်ဝင်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

....★....



သူတော်၏လက်ထဲ၌ ခြင်းတောင်းတစ်လုံး ပါလာသည်။

သူတော်သည် ရယ်မောကာ ဂူထဲခုန်ဆင်းလာပြီး ထင်းရှိအား နှုတ်ဆက်လိုက်လေသည်။

'ဆရာ မနေကောင်းဘူးနော်၊ ဆရာ့အတွက် စားစရာတွေ ကျုပ်ယူလာတယ်'

သူက ကျောင်းလုံကိုလဲ လှမ်းပြောလိုက်သည်။

'ကောင်လေး မင်းလဲဗိုက်ဆာနေပြီ မဟုတ်လား၊ ငါ့ရဲ့ဆရာနဲ့အတူတူဝင်စားလိုက်ပေါ့'

ခြင်းတောင်းကို အောက်ချကာ ယူလာသော စားစရာများကို တစ်ခုပြီးတစ်ခုထုတ်ယူလိုက်လေသည်။

အရက် အသားကင်နှင့် သစ်သီးဝလံတို့ဖြစ်လေသည်။

ထင်းရှိက သူတော်အား စိုက်ကြည့်လိုက်သည်။

'သူတော် ကျုပ်ကိုသွေးကြောဖွင့်ပေးနိုင်ကောင်းမယ်'

'ဗျာ....'

သူတော်သည် ချက်ချင်းဦးညွှတ်လိုက်သည်။

'ဆရာ့ကို သွေးကြောဖွင့်ပေးရမယ် ဟုတ်လား'

'ဟုတ်တယ် မင်းလူမှားနေတာ၊ ငါဟာ မင်းရဲ့ဆရာ မဟုတ်ဘူး'

ရုတ်တရက် သူတော်၏မျက်နှာ ခက်ထန်သွားလေသည်။

'ကျုပ်ရဲ့ဆရာမဟုတ်ဘူးဆိုတော့ ခင်ဗျားက ဘယ်သူလဲ'

'ကျုပ်က ထင်းရီ'

'ဘာ....'

သူတော်၏ ပြောင်းလဲသွားမှုကား အံ့သြစရာကောင်းလောက်အောင်ပင် လျင်မြန်လွန်းလှသည်။

မျက်နှာတစ်ခုလုံး တင်းမာကျောသွားလေသည်။

'ဒါဖြင့် ခင်ဗျားသေပေတော့'

ချက်ချင်းပင် ထင်းရီ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ကျင်းလုံ ထိတ်လန့်သွားသည်။

'မလုပ်ပါနဲ့'

ကမ္ဘာကယာအောင်ပြောလိုက်သော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။

'ဝုန်း ...'

ထင်းရီမှာ မရှောင်တိမ်းနိုင်ဘဲ အဝေးသို့လွင့်စင်သွားလေတော့သည်။

'ဟာ....'

ကျင်းလုံ မကျေမနပ်ဖြစ်သွားသည်။

'ခင်ဗျား ဘာကြောင့် ဒီလောက်တောင် ရက်စက်ရတာလဲဗျ ...'

သူတော်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။



သူတော်က သူ့အားမျက်လုံးပြူး၍ ကြည့်လိုက်၏။

'သူက ကျုပ်ရဲ့ဆရာမဟုတ်ဘူးလို့ ပြောတာကိုး'

'မဟုတ်လို့ မဟုတ်ဘူးပြောတာ ဘာဖြစ်လဲ'

'မင်း....'

သူတော်က အံကြိတ်လိုက်သည်။

စားသောက်စရာများကို ခြေထောက်ဖြင့်ကန်ကျောက်ပစ်လိုက်လေသည်။

ဒဏ်ရာရထားသော ထင်းရီက အော်ပြော၏။

'သူငယ်....နောက်ဆုတ်လိုက်၊ တော်ကြာ မင်းကိုပါဒုက္ခပေးနေဦးမယ်'

သူတော် ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျားတို့ နှစ်ယောက်စလုံးကို သတ်ပစ်မယ်'

ကျင်းလုံ ရင်ထိတ်သွား၏။

သူတော်သာ တကယ်တမ်း တိုက်ခိုက်လာမည်ဆိုပါလျှင် သူတို့နှစ်ယောက်စလုံး သေဆုံးသွားရမည် မဟုတ်ပါလား။

ထင်းရီက လူးလိမ့်ထလိုက်သည်။

'သူတော်...ငါ မင်းဆရာကိုကိုးပဲ၊ ငါ့စကား နားထောင်စမ်း၊ ခုချက်ချင်း ဒီနေရာကထွက်သွား'

'ဟင်...'

သူတော် တွေဝေသွားသည်။

'မင်းရဲ့ဆရာ အမိန့်ပေးနေတယ်၊ မင်းသွားမလား မသွားဘူးလား'

'ကျုပ်...'

'သူတော်....ငါ့ရှေ့က ခုချက်ချင်း ထွက်သွားစမ်း'

သူတော် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

'ကောင်း....ကောင်းပါပြီဆရာ၊ ကျွန်တော်သွားပါတော့မယ်'

ချက်ချင်းပင်ခြေဆောင့်ကာ နောက်ကျွန်း ပစ်လိုက်လျှင် ဟူးခနဲမြည်ကာ ဂူပေါက်ဝသို့ရောက်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ် သွားလေတော့သည်။

သူတော်ထွက်သွားမှ ကျင်းလုံကို သက်ပြင်းချနိုင်ခဲ့လေတော့သည်။

* * *



သူတော် ထွက်သွားပြီဖြစ်သည်။

ယခုမှ ကျင်းလုံ သက်ပြင်းချနိုင်သည်။

သူတော်ထွက်မသွားလျှင် အခြေအနေ မည်သို့ရှိမည်ကို မသိနိုင်တော့ပါချေ။

'သူဟာ ယဉ်ယဉ်ကလေးနဲ့ ရူးသွပ်နေသူ တစ်ယောက်ပဲ'

ထင်းရှိက အသက်ပြင်းပြင်းရှူရှိုက်ကာ ပြောလေသည်။

'ဦး သက်သာရဲ့လား'

ထင်းရှိ ခေါင်းညိတ်လိုက်၏။

'သက်သာပါတယ်ကွယ်၊ ကျုပ်ရဲ့အဓိကကျတဲ့ သွေးကြော တစ်နေရာ အပိတ်ခံထားရတာကဆိုးတာ၊ ငါသာသွေးကြော ပွင့်သွားပြီဆိုရင် ဒီနေရာက ထွက်သွားနိုင်မှာပဲ'

ကျင်းလုံက အပေါ်ဘက်သို့ မော့ကြည့်လိုက်လေသည်။

ဝါးတစ်ပြန်ခန့်အမြင့်တွင် အလင်းရောင်တိုးဝင်နေသော ဂူပေါက်လေးတစ်ခု ရှိနေပါသည်။

ကျင်းလုံ သက်ပြင်းချလိုက်သည်။

'ဘဘကို ကျွန်တော်ခေါ်ထုတ်သွားနိုင်ပါတယ်'

ထင်းရှိ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ရဲ့သွေးကြော မပွင့်သေးဘဲ ထွက်မသွားချင်ဘူး'

'ဘာဖြစ်လို့လဲ ဘဘရဲ့'

'ဒီအတိုင်းထွက်သွားရင် ကျုပ်ဟာ တစ်သက်လုံး သိုင်းပညာအသုံးပြုလို့မရဘဲ နေရတော့မှာပေါ့'

ကျင်းလုံက အားပေးလိုက်သည်။

'စစ်လိမ်တောင်မှာ ထင်ရှားတဲ့သိုင်းသမားကြီးတွေရောက်နေကြပါတယ်၊ သူတို့ဆီမှာ အကူအညီတောင်းလိုက်ရင် ဘဘရဲ့သွေးကြောကို ဖွင့်ပေးနိုင်မှာပါပဲ'

ထင်းရိုက မြန့်ကျဲနေသော စားသောက်စရာများကို ကောက်ယူစုစည်းလိုက်သည်။

'သူတော်ဟာ တာမိုသိုင်းကျမ်းကို ရထားပြီးပြီ၊ သူ့ရဲ့သွေးကြောပိတ်ပညာဟာ အင်မတန်ထူးဆန်းနေတယ်၊ သူကိုယ်တိုင်ကလွဲရင် ဘယ်သူမှဖွင့်ပေးနိုင်မှာ မဟုတ်ဘူး'

ယခုမှ ထင်းရို၏အခက်ခဲကို ကျင်းလုံနားလည်သွားတော့သည်။

'သူတော်ရဲ့အကြောင်းမသိရင် စစ်လိမ်တောင်ကို ရောက်လာကြတဲ့ သိုင်းလောကသားတွေ ဒုက္ခရောက်ကြလိမ့်မယ်'

ကျင်းလုံ ထောက်ခံလိုက်လေသည်။

'ဟုတ်တယ်၊ သူဟာ တကယ့်တရားခံအစစ်ပဲ၊ ဒါပေမယ့် မကောင်းဆိုးဝါးကောင်ရဲ့ လက်ချက်နဲ့ သိုင်းလောကသားတွေ ဒုက္ခရောက်နေရတာလို့ သူအမြဲပြောခဲ့တာ'

'အင်း....သူတော်ရဲ့စိတ်ထဲမှာ သူ့ရဲ့ဆရာဟာ မကောင်းဆိုးဝါးတစ်ကောင်အဖြစ် ရှိနေတယ်လို့ ယုံကြည်နေတယ်၊ သူကိုယ်တိုင်က သိုင်းလောကသားတွေကို တိုက်ခိုက်ခဲ့ပေမယ့် သူ့ရဲ့စိတ်ထဲမှာတော့ သူ့ဆရာ မကောင်းဆိုးဝါးက လုပ်ခဲ့တာလို့ပဲ ထင်နေတာ'



ကျင်းလုံ ပင့်သက်ရှိုက်လိုက်လေသည်။

'သူက ကျွန်တော့်ကိုမတိုက်ခိုက်ဘဲ ကောင်းကောင်းမွန်မွန်ဆက်ဆံခဲ့တာ ကျွန်တော် ကံကောင်းသွားတယ်'

ထင်းရို လက်ကာပြလိုက်လေသည်။

'သူက မင်းကိုချမ်းသာပေးခဲ့တာဟာ ကျုပ်ကခိုင်းစေဖို့ လူငယ်တစ်ယောက်လိုချင်တယ်၊ ကျုပ်ရဲ့အနားမှာနေပြီးပြုစုခိုင်းချင်တယ်လို့ ပြောခဲ့တာ၊ ဒါကြောင့် ခေါ်လာတာပဲဖြစ်မယ်'

ယခု မိမိတို့နှစ်ယောက်စလုံး စိတ်ဖောက်ပြန်နေသော သူတော်၏ အကျဉ်းသားဘဝ ရောက်ရှိနေပြီဟု ကျင်းလုံနားလည်လိုက်သည်။

'ဒုက္ခပါပဲ၊ ငါတယ်လိုလုပ်ရပါမလဲ'

လွတ်ခနဲ ညည်းညူလိုက်၏။

ထင်းရို သက်ပြင်းချလိုက်သည်။

'ငါ့ရဲ့သွေးကြောသာ ပွင့်သွားမယ်ဆိုရင် ကိစ္စမရှိပါဘူး၊ ဒီနေရာက ထွက်သွားလို့ရပါတယ်၊ ဒါပေမယ့် သွေးကြောကလဲ ပွင့်နိုင်မှာမဟုတ်ဘူး၊ ထွက်မသွားတာလဲ အကောင်းဆုံးဖြစ်မယ်'

ကျင်းလုံက ထင်းရိုကို မျက်မှောင်ကုတ်၍ ကြည့်လိုက်မိသည်။

ထင်းရှိသည် အဘယ်ကြောင့် ထွက်မသွားလိုရပါသနည်း၊

'တို့ ဒီနေရာမှာရှိနေတာက သူတော်ကိုဆုံးမဖို့ အခွင့်အရေးရနိုင်သေးတယ်'

ကျင်းလုံ ဘာမှမပြောဘဲနေလိုက်၏၊

ထွက်သွား၍မရနိုင်သည့်အတူတူ ထင်းရှိက သူတော်အား မည်သို့ဆုံးမမည်ဆိုသည်ကို စောင့်ကြည့်နေရုံသာရှိတော့သည် မဟုတ်ပါလား။

—☆—

ကောင်းကင်ပေါ်ပတွင် လဝန်းထိန်ထိန်သာနေ၏။

လရောင်အောက်တွင် စစ်လိုန်တောင်မှာ သာယာလှပ၍ နေလေသည်၊

အေးမြသော ဒလပြည်လေညင်းက ဖွဲ့ယမ်းတိုက်ခတ်နေ သည်၊

ကုတုဖုံးသည် ကောင်းကင်ပေါ်မှလဝန်းကို ငေးမော ကြည့်ရင်း ရင်ထဲဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ် နေတော့သည်၊



သူမအဖို့ မမျှော်လင့်သော အဖြစ်အပျက်များနှင့် ကြုံတွေ့ ခဲ့ရသည် မဟုတ်ပါလား၊

အကယ်၍ ရှုပ်ဆိုးအမျိုးသမီးနှင့်သာ မတွေ့ရပါလျှင် သူမ သေဆုံးသွားလိမ့်မည် ဖြစ်လေသည်၊

'ကျင်းလုံ'

သူမ တိ.တိုးရေရွတ်မိလိုက်သည်၊

ကျင်းလုံသည် ယောကျ်ားပီသသော လူငယ်တစ်ယောက် ဖြစ်သည်၊

သူမအား အကူအညီပေးခဲ့ဖူးသည်၊

စိတ်ပြောင်းရန် အသုံးပြုသည့် လူယုဘ်မာနှင့်သာ မတွေ့ ရပါလျှင် သူတို့သည် တာမိုသိုင်းကျမ်းအား လိုက်လံရှာဖွေ နေကြလိမ့်မည် ဖြစ်သည်၊

ကျင်းလုံ မည်သည့်နေရာ ရောက်ရှိနေပါသနည်း၊

သူတော်၏အိမ်ကလေး၌ပင် ရှိနေသေးသလော၊

ထိုစဉ်....

'မိန်းကလေး....တို့သွားရအောင်'

နောက်ကျောဘက်မှ စကားသံထွက်ပေါ်လာသဖြင့် လှည့် ကြည့်လိုက်ရာ ရှုပ်ဆိုးအမျိုးသမီး ရောက်ရှိလာသည်ကို တွေ့ ရလေသည်၊

'ကျွန်မတို့....'

'တူမကြီးအတွက် အကောင်းဆုံးဖြစ်အောင် ဒေါ်ဒေါ် ဖြေရှင်းပေးမယ်၊ ကဲ....လာ'

ရုပ်ဆိုးအမျိုးသမီးကြီးက လက်ဆွဲခေါ်သွားရာ တုတုဖုံး လိုက်သွားရလေသည်။

စိမ်းလန်းသော သစ်ပင်ချုံနွယ်များ၊ တောင်ပူစာကလေးများအား ဖြတ်သန်းပြီး မကြာမီ သူတော်၏အိမ်ကလေးကို လှမ်းတွေ့လိုက်ရသည်။

'ဟင်....'

တုတုဖုံး မျက်နှာပျက်သွားသည်။

'ကျွန်မ မသွားချင်ဘူး'

'ကိစ္စမရှိဘူး၊ တူမလေးရဲ့ကိစ္စ မဖြေရှင်းလို့မှမနေတာ'

'ကျွန်မ....'

'သူတော်ဟာ စစ်လိန်တောင်ကိစ္စမှာ အရေးပါသူတစ်ယောက် ဖြစ်နိုင်တယ်၊ တာမိုသိုင်းကျမ်းကို လိုချင်တယ်ဆိုရင် မင်းဆက်ပြီး ကြိုးစားရလိမ့်မယ်'

တုတုဖုံးသည် အနည်းငယ်စဉ်းစားပြီး သဘောတူလိုက်သည်။

'ကောင်းပါပြီရှင်'

နှစ်ယောက်သား သူတော်၏အိမ်ကလေးသို့ လှမ်းသွားလိုက်ကြလေသည်။



အိမ်ကလေးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။

လူသူဘာတစ်ဦးတစ်ယောက်မျှ ရှိပုံမရပါ။

သို့သော်....

အိမ်ရှေ့သို့ရောက်သည်နှင့် ထူးခြားသော ခံစားချက်တစ်ရပ်ကို ခံစားလိုက်ကြရလေသည်။

တုတုဖုံးက ရုပ်ဆိုးမအား ကြည့်လိုက်သည်။

ရုပ်ဆိုးမလည်း ကပျာကယာ နောက်ဆုတ်လိုက်လေ၏။

ထိုစဉ်....

'ဘယ်သူပဲဖြစ်ဖြစ် ရောက်လာမှတော့ အိမ်ထဲဝင်ခဲ့ကြပါဦး'

စကားသံနှင့်အတူ မီးရောင်များထွက်ပေါ်လာကာ တစ်အိမ်လုံး လင်းလင်းကျင်းကျင်း ဖြစ်သွားသည်။

...★....

ရုပ်ဆိုးမ မျက်မှောင်ကုတ်နေ၏။

အတော်ကလေးကြာမှ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် အိမ်ထဲ သို့လှမ်းဝင်လိုက်လေသည်။

တုတုဖုံးကလည်း နောက်မှလိုက်သွား၏။

အိမ်ထဲရောက်လျှင် စားပွဲအစ်ထိုး၍ ထိုင်ကာ စောင့်ကြိုနေ သူတစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုလူမှာ သူတော်မဟုတ်ပါ။

တုတုဖုံး တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးသောလူတစ်ယောက် ဖြစ်နေ၏။

သို့သော်....

'ဟင်....ရှင်....ရှင်'

ရုပ်ဆိုးမ အထိတ်တလန့်ဖြစ်သွားသည်။

သူမသည်သာ ထိုလူအား ကောင်းစွာသိရှိထားပုံ ရလေသည်။

တုတုဖုံးက တိတ်ဆိတ်စွာဖြင့် အကဲခတ်ကြည့်နေ၏။

ထိုလူလည်း အံ့သြနေပုံရသည်။

'မင်းရဲ့အသံဟာ ကျုပ်သိထားတဲ့ လူတစ်ယောက်ရဲ့ အသံမျိုးဖြစ်နေတယ်၊ ဒါပေမယ့် သူဟာ ရုပ်ဆိုးတဲ့လူတစ်ယောက် မဟုတ်ဘူး'

'ကျွန်မက ရှင့်ကိုမသိဘူး၊ ဒီနေရာမှာ သူတော်တစ်ယောက် နေထိုင်တယ်၊ ကျွန်မ သူ့ကိုလာရှာတာ'



ထိုသူပြုံးလိုက်သည်။

'ဒါဆိုရင် တာမိုသိုင်းကျမ်းကြောင့်ပဲ ဖြစ်မယ်'

ရုပ်ဆိုးမ ဘာမှမပြောဘဲနေလိုက်သည်။

ထိုသူက တည်ကြည်သောမျက်နှာထားဖြင့် ဆက်၍ပြော သည်။

'စစ်လိန်တောင်မှာ တာမိုသိုင်းကျမ်းလာရှာတဲ့လူကို ဘယ်လိုအဖြစ်မျိုး ကြုံရတယ်ဆိုတာ မကြားဖူးကြဘူးလား'

အမျိုးသမီး ပခုံးတွန့်လိုက်၏။

'လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့ ထင်းကျွန့်ဂိုဏ်းချုပ် ကောင်းဖုံး ရောက်လာမှတော့ မကောင်းဆိုးဝါးကောင်တွေ ဘာများတတ်နိုင်ဦးမှာလဲ'

ထိုစကားကြားလျှင် တုတုဖုံး အထိတ်တလန့်ဖြစ်သွားလေ သည်။

သူမတွေ့နေရသည်မှာ ထင်းကျွန့်ဂိုဏ်းချုပ် ကောင်းဖုံး ဖြစ်နေသည် မဟုတ်ပါလား။

ထင်းကျွန့်ဂိုဏ်းချုပ်သည် သူမ၏ဖခင်အရွယ် ဖြစ်သည်။

သူမနှင့် လက်ထပ်ရမည့်သူလည်း ဖြစ်သည်။

တုတုဖုံးမှာ အိမ်ထဲမှ ချက်ချင်း ထွက်ပြေးသွားလိုစိတ် များ ဖြစ်ပေါ်လာတော့သည်။

ထိုအခိုက်မှာပင် ကောင်းဖုံးက သူမအား နှုတ်ဆက်လာ လေသည်။

'မိန်းကလေး....မင်းအိမ်ပြန်သင့်တယ်၊ မင်းအဖေ စိတ်ပူ နေတယ်၊ စစ်လိန်တောင်မှာ မနေသင့်ဘူး'

တုတုဖုံး အံကြိတ်လိုက်သည်။

'ကျွန်မ မပြန်ဘူး'

'မင်းဘာကြောင့် ခေါင်းမာချင်ရတာလဲ၊ အချိန်တန်ရင် အခက်အခဲတွေအားလုံး ပြေလည်သွားပါလိမ့်မယ်။ ဘာမှ မစိုးရိမ်ပါနဲ့'

တုတုဖုံးတွေဝေသွားသည်။

ကောင်းဖုံးသည် သူမအားသိနေပုံရ၏။

သူမသည် ကောင်းဖုံးအား တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာတော့၏။

'ရှင်ဟာ လူယုတ်မာ တစ်ယောက်ပဲ၊ ကျွန်မကို ဘာမှ ဖျောင်းဖျနေစရာမလိုဘူး'

'မိန်းကလေး'

ရှုပ်ဆိုးမက ဟန့်တားလိုက်၏။

သို့သော်....

'ယား....'

တုတုဖုံးက စတင်တိုက်ခိုက်လိုက်လေသည်။

ကောင်းဖုံးက ထိုင်ရာမှမထဘဲ လက်ဝှေ့ယမ်းလိုက်သည်။

'ဝုန်း....'

တုတုဖုံးမှာ အဝေးသို့ လွင့်စင်သွားလေတော့သည်။

...★...



ရှုပ်ဆိုးမသည် ချက်ချင်း ကောင်းဖုံးအား တားဆီးလိုက်သည်။

'သူ့ကို တိုက်ခိုက်ရင် ရှင်မှားသွားလိမ့်မယ်'

ကောင်းဖုံး မျက်မှောင်ကုပ်သွားသည်။

'သူက....'

'သူဟာ ရှင်နဲ့လက်ထပ်ရမယ့် မိန်းကလေးပဲ'

'ဟား... ဟား.... ဟား'

ကောင်းဖုံးက ခံစားချက်ကင်းမဲ့သော အသံဖြင့် ရယ်မောလိုက်လေသည်။

'ကျုပ်ဟာ ကတိစကားတစ်လုံးကို တန်ဖိုးထားခဲ့တယ်၊ ဒါကြောင့် ကျုပ်ရဲ့ဘဝတစ်ခုလုံးကို အဆုံးရှုံးခံရတော့မယ်၊ ဒါပေမယ့် ကျုပ်တယ်တော့မှ နောက်ဆုတ်မှာ မဟုတ်ဘူး'

ရှုပ်ဆိုးမ ခေါင်းညိတ်လိုက်သည်။

'ရှင်မှားနေပြီ ရွှေကျီးဂိုဏ်းချုပ် တုတုရှောင်ရဲ့ ကိုယ်ကျိုးရှာမှုနဲ့ အနက်ရောင်သိုင်းသမားတွေရဲ့ ထောင်ချောက်ထဲကို ရှင်ရောက်သွားမှာပေါ့'

ကောင်းဖုံး ဘာမှမပြောဘဲ နေလေသည်။

ရှင်ဆိုးမက ဆက်ပြောလိုက်၏။

'တစ်ချို့က ရှင့်ရဲ့မင်္ဂလာကိစ္စ ဖြစ်မြောက်စေချင်ကြတယ်၊ တချို့ကတော့ မင်္ဂလာပွဲကို ပျက်သွားစေချင်ကြတယ်၊ကျွန်မ

တစ်ခုသက်သေပေးမယ်၊ ရှင့်ကိုမုန်းတီးပြီး အငြိုးကြီး ငြိုးနေတဲ့ ရန်သူတော် တစ်ယောက် ရှိနေတယ်ဆိုတာ မှတ်သိထားသင့်တယ်'

ကောင်းဖုန်းသက်မခံပါချေ။

'ကျုပ်မှာ ဘယ်လိုရန်သူမျိုးမှမရှိဘူး'

'ဒါဆိုရင် ရှင်အမှားကြီးမှားသွားလိမ့်မယ်'

'နေပါဦး ကျုပ်ရဲ့ ရန်သူဆိုတာ ဘယ်သူ့ကို ပြောချင်တာလဲ'

'ရှင် တကယ်မသိဘူးလား'

'ကျုပ်က....'

ရှပ်ဆိုးမက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေသည်။

'လူတစ်ယောက်ဟာ သိုင်းပညာမတတ်ဘူး ထင်ရတယ်၊ ဒါပေမယ့်တစ်နေ့မှာ ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်လာခဲ့တယ်၊ ဒီလိုပဲ သေသွားပြီလို့ထင်ရတဲ့ လူတစ်ယောက်ဟာ အသက်ရှင်နေတတ်တယ်'

သူမ၏ စကားအဆုံးတွင်....

'ကျင်းချုံး....'

ကောင်းဖုန်းက လွှတ်ခနဲရေရွတ်လိုက်လေသည်။



ရှပ်ဆိုးမ သက်ပြင်းချလိုက်၏။

'သေချာတာပေါ့ရှင်'

ကောင်းဖုန်း ပြုံးလိုက်သည်။

'ကျင်းချုံးက အသက်ရှင်နေသေးရင် ရှုယဉ်လဲအသက်ရှင်နေဦးမှာပေါ့'

'ရှုယဉ်ကတော့ သေသွားပါပြီရှင်၊ အခြေအနေတွေက အတော်ကိုရှုပ်ထွေးနေပါတယ်၊ ကတိတစ်လုံးကိုတန်ဖိုးထားတာကြောင့် သိုင်းလောကပျက်စီးမယ့်အရေးကိုလဲ ထည့်သွင်းစဉ်းစားသင့်သေးတယ်၊ ကဲ...ကျွန်မတို့နောက်တော့ တွေ့ကြသေးတာပေါ့'

စကားဆုံးလျှင် ရှပ်ဆိုးမက လှစ်ခနဲလှည့်ထွက်သွားလေသည်။

တုလုဖုန်းလည်းလိုက်သွားသည်။

ကောင်းဖုန်းက တားမြစ်ခြင်း မပြုပါ။

မလှုပ်မယှက် ထိုင်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

....☆....

တုတုဖုံးနှင့် ရုပ်ဆိုးမတို့ ထွက်သွားပြီဖြစ်သည်။

ကောင်းဖုံးက ထိုင်ကာငေးငိုင်နေဆဲ...

ရုတ်တရက် အေးစိမ့်သောလေက ဝှေ့ယမ်းတိုက်ခတ်လာသည်။

လူရိပ်တစ်ခုသည် အိမ်ရှေ့သို့ ရောက်ရှိလာလေသည်။

ထိုလူမှာ သူတော်ဖြစ်သည်။

သူတော်က ပတ်ဝန်းကျင်ကိုအကဲခတ်ကြည့်ပြီး အိမ်ထဲသို့ လှမ်းဝင်လိုက်၏။

ကောင်းဖုံးနှင့် သူတော်တို့ တွေ့ဆုံမိကြလေသည်။

သူတော် မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျား ဘယ်သူလဲ၊ သည်နေရာမှာ ဘာလာလုပ်တာလဲ'

ကောင်းဖုံးက ထိုင်ရာမှ ထလိုက်သည်။

လက်နှစ်ဖက်နောက်ပစ်ကာ အေးအေးလူလူပင် လှမ်းသွားလိုက်သည်။

သူတော်နှင့်မျက်နှာချင်းဆိုင်မိပြီး ခြေသုံးလှမ်းအကွာတွင် ရပ်တန့်လိုက်လေသည်။

သူတော်က ကောင်းဖုံးအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။

သူတို့၏အကြည့်များမှာ အေးစိမ့်နေလေသည်။

ထိပ်သီးသိုင်းသမားနှစ်ယောက် ခင်ဆိုင်တွေ့လိုက်ကြခြင်းဖြစ်လေသည်။

ကောင်းဖုံး သက်ပြင်းချလိုက်၏။

'လက်စသပ်တော့ စစ်လိနိတောင်မှာ သောင်းကျန်းနေတဲ့



မကောင်းဆိုးဝါးကောင်ဆိုတာ ခင်ဗျားကိုး'

ရုတ်တရက် သူတော်က ရယ်မောလိုက်လေသည်။

'ကျုပ်က အရူးတစ်ယောက်နဲ့လာပြီးတွေ့နေရပါလား'

'ဘာ...'

'ကျုပ်ကိုမကောင်းဆိုးဝါးလို့ထင်နေတာ ခင်ဗျားရူးနေလို့ပဲဖြစ်ရမယ်'

ကောင်းဖုံး မဲ့ပြုံးပြုံးလိုက်သည်။

'ဒါဖြင့် မကောင်းဆိုးဝါးဆိုတာ ဘယ်သူလဲ ပြောစမ်းပါဦး'

သူတော် ခေါင်းညိတ်လိုက်သည်။

'ဘယ်သူရှိမလဲ ကျုပ်ရဲ့ဆရာကိုကိုးပေါ့'

'ဩော်....ခင်ဗျားရဲ့ဆရာဟာမကောင်းဆိုးဝါးဟုတ်လား'

'ဟုတ်တယ်'

'သူက ဘယ်လိုလုပ်ပြီး မကောင်းဆိုးဝါးဖြစ်သွားရတာလဲ ပြောစမ်းပါဦး'

သူတော်၏မျက်နှာတွင် ဝမ်းနည်းကြေကွဲသည့်အသွင်များ ဖြစ်ပေါ်လာလေသည်။

'စစ်လိနိတောင်ရဲ့ ရှောင်လင်ကျောင်းခွဲမှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာ သိုင်းလောကတစ်ခုလုံး သိကြပါတယ်'

'ရှောင်လင်ကျောင်းခွဲမှာ ရောဂါကပ်ဆိုးကျရောက်ခဲ့တယ်၊ နောက်ဆုံးမီးလောင်ပျက်စီးသွားတယ်၊ အားလုံးသေဆုံးသွားခဲ့ကြတယ်၊ ခင်ဗျားပြောချင်တာ ဒါပဲမဟုတ်လား'

သူတော် ခေါင်းညိတ်လိုက်သည်။

'သိပ်မှန်တာပေါ့ဗျာ၊ ကျုပ်ရဲ့ဆရာဟာ အဖြစ်ဆိုးကြုံပြီး သေဆုံးသွားခဲ့တယ်၊ သူဟာ မကျွတ်မလွတ်ဘဲ မကောင်းဆိုးဝါးဘဝ ရောက်ခဲ့တယ်'

ကောင်းဖုံး လက်ကာပြလိုက်သည်၊

'ထားပါတော့ သူဟာ မကောင်းဆိုးဝါးဖြစ်သွားတာနဲ့ သိုင်းလောကသားတွေကို ဒုက္ခပေးတာ ဘာဆိုင်လို့လဲ'

သူတော်က ရယ်မောလိုက်ပြန်သည်။

'သူဟာ ရှောင်လင်ကျောင်းရဲ့ တာမိုသိုင်းကျမ်းကို ကာကွယ်ရမယ့်တာဝန်ရှိတယ် မဟုတ်လား'

'ဪ....'

ကောင်းဖုံး ပြုံးလိုက်သည်။

'မကောင်းဆိုးဝါး တစ်ကောင်ဟာ သိုင်းကျမ်းတစ်ခုကို တကယ်ပဲ ကာကွယ်စောင့်ရှောက်နိုင်မယ်တဲ့လား'

'သိပ်နားချာတာပေါ့'

'ကောင်းပြီ၊ ကျုပ်က သူနဲ့တွေ့ချင်ပါသေးတယ်'

'ဒါဖြင့် ကျုပ်နောက်လိုက်ခဲ့'

စကားဆုံးလျှင် သူတော်သည် အိမ်ထဲမှ ချာခနဲ လှည့်ထွက်သွားလေသည်။

ကောင်းဖုံးသည်း လိုက်ပါသွားလေတော့သည်၊

....✱....

## ပြိုင်ဘက်ကင်း သိုင်းအရူး

---

လှပသောအိမ်ကလေး၏ရှေ့ မြေကွက်လပ်သို့ အရောက်တွင် သူတော်က ခြေလှမ်းရပ်တန့်လိုက်လေသည်၊

ကောင်းဖုံးကလည်း ခြေလှမ်းရပ်လိုက်သည်

လရောင်အောက်တွင် နှစ်ယောက်သား မျက်နှာချင်းဆိုင်မိလိုက်ကြသည်။

သူတော်၏မျက်လုံးများမှာ မျက်အိမ်ပျောက်ကာ အဖြူရောင်သက်သက်ပမာ ဖြစ်လာသည်၊

ကောင်းဖုံး ရင်ထိတ်သွား၏၊

'လက်စသတ်တော့ ဒီလူဟာ ရူးသွပ်နေတာကိုး'

ထို့စဉ်....

'တာမိုသိုင်းကျမ်းကို ဘယ်သူကလိုချင်တာသဲ'

သူ၏အသံလည်း ပြောင်းသွားသည်။

မှုမမှန်သော သူတော်အားကြည့်ရင်း ကောင်းဖုံး စိုးရိမ်စိတ်ဝင်လာသည်။

'ဟား....ဟား....ဟား'

သူတော်က တောက်တာငင်ကာ ရယ်ချလိုက်လေသည်။

ထို့နောက်....

'တာမိုသိုင်းကျမ်းကို လိုချင်တဲ့လူတွေ သေဖို့သာပြင်ထား'

ကြုံးဝါးရင်း တရကြမ်း ဟိုက်ခိုက်လိုက်သည်။

ကောင်းဖုံးကလည်း လက်ငါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ပြန်လည်ရင်ဆိုင်လိုက်သည်။

'ဝုန်း....'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာသည်။

သူတော်နှင့်ကောင်းဖုံးတို့ ပြိုင်တူ နောက်ဆုတ်လိုက်ကြသည်။

'ဟား....ဟား....ဟား'

သူတော်က ဟားတိုက်ရယ်မောလိုက်ပြီး နောက်သို့ ထွက်ပြေးသွားလေသည်။

ကောင်းဖုံး လိုက်မသွားပါ။

ထိုစဉ်....

'ဂိုဏ်းချုပ်ကြီး'



လူတစ်ယောက် ပြေးသွားရောက်ရှိလာသည်။

ဦးလိစေတမန် ဖြစ်လေသည်။

ကောင်းဖုံးက ပြောလိုက်သည်။

'သူ့နောက် မြန်မြန်လိုက်သွား'

'ကောင်းပါပြီ ဂိုဏ်းချုပ်ကြီး'

ဦးလိသည် သူတော်နောက်သို့ ပြေးလွှားလိုက်ပါသွားလေသည်။

သူတို့သည် ချက်ချင်းပင် မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

---★---

ကောင်းဖုံးသည် အဘယ်ကြောင့် သူတော်နောက်သို့ ကိုယ်တိုင်လိုက်မသွားဘဲ ဦးလိအား စေလွှတ်လိုက်ရပါသနည်း။

ရုတ်တရက်....

'အဟွတ်....'

ကောင်းဖုံး ချောင်းတစ်ချက်ဆိုးလိုက်သည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။

ကောင်းဖုံးသည် ချက်ချင်းပင် မြေပေါ်ထိုင်ချလိုက်၏။

အတွင်းအားစုစည်းကာ ရရှိလိုက်သောဒဏ်ရာကို ကုသလိုက်သည်။

အသက်ကယ်ဆေး တစ်လုံးကိုလည်း ချက်ချင်းသောက်လိုက်သည်။

မကြာပါချေ။

သူ၏ဦးခေါင်းပေါ်မှ အငွေ့တထောင်းထောင်း ထလာသည်။

သူ၏မျက်နှာလည်း ပြန်လည်၍ သွေးရောင်သန်းလာလေသည်။

ကောင်းဖုံး ထိုင်ရာမှထလိုက်သည်။

ထို့နောက် ဘူးလီတို့ ထွက်သွားရာနောက်သို့ ပြေးလိုက်သွားလေသည်။

သူက ဝူးလီအားလွှတ်လိုက်ခြင်းမှာ သူတော်အား မျက်ခြည်မပြတ်စေရန် ဖြစ်သည်။

သူတော်၏ပညာမှာ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းနေသောကြောင့် ဝူးလီသည်လည်း ယှဉ်နိုင်မည်မဟုတ်ကြောင်း နားလည်ထားလေသည်။

သိုင်းတစ်ကွက် ယှဉ်မိရုံဖြင့် ထိပ်သီး သိုင်းသမားကြီး ကောင်းဖုံးသည်ပင် ဒဏ်ရာရရှိသွားခဲ့လျှင် သူတော်အားမည်သူက ယှဉ်ပြိုင်နိုင်ပါတော့မည်နည်း။

....★....



လရောင်အောက်တွင် ဘုံကျောင်းပျက်လေးမှာ တိတ်ဆိတ်ငြိမ်သက်၍နေသည်။

သူတော်သည် ပြေးလွှားရင်း ဘုံကျောင်းပျက်လေးရှေ့သို့ ရောက်ရှိလာလေသည်။

သူ၏မျက်နှာမှာ ကြောက်မက်ဖွယ်ကောင်းအောင် ခက်ထန်နေသည်။

သူ၏မျက်လုံးများက အဖြူရောင်ဖြစ်နေသည်။

သွက်သွက်ခါအောင် ရှုံ့သွပ်နေပြီဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ထိုစဉ်....

'မြန်မြန်လာကြဟေ့'

အော်ဟစ်ပြောဆိုသံများ ထွက်ပေါ်လာသည်။

သိုင်းလောကသားများသည် ဟိုမှသည်မှ ပြေးလွှားထွက်ပေါ်လာကြသည်။

ဘုံကျောင်းပျက်လေးရှေ့မှ သူတော်အား ဝိုင်းရံထားလိုက်ကြသည်။

'ဟား...ဟား....ဟား'

သူတော် ဟားတိုက်ရယ်မောလိုက်သည်။

ထို့နောက် စကားတစ်လုံးမှမပြောဘဲ စတင် တိုက်ခိုက်လိုက်သည်။

သိုင်းသမားများကလည်း လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ပြန်လည်တိုက်ခိုက်လိုက်ကြလေသည်။

ဘုံကျောင်းပျက်လေးရှေ့၌ ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာလေသည်။

'ဝုန်း....'

'အား....'

'အမယ်လေး...'

'သေပါပြီဗျ....'

စူးရှသော အော်ဟစ်သံများ တစ်ခဲနက်ထွက်ပေါ်လာလေသည်။

ဝိုင်းရံထားကြသော သိုင်းသမားများမှာ သူတော်၏ လက်ချက်မိကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေတော့သည်။

—★—

ဝူးလိစေတမန်သည် ဘုံကျောင်းပျက်လေးရှေ့သို့ ရောက်ရှိလာသောအခါ သိုင်းလောကသားများ အတုံးအရုံး လဲကျသေဆုံးနေသည်ကို တွေ့မြင်ရလျှင် ထိတ်လန့်တုန်လှုပ်သွားလေသည်။

'သူတော်ဟာ မကောင်းဆိုးဝါးကောင်ပဲ'



ထိုစဉ်....

သူတော်သည် ဘုံကျောင်းပျက်လေးအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ကောင်းဖိုးက သူတော်နောက်သို့ လိုက်သွားနိုင်ခြင်းမှာ သူတော်အား မျက်ခြည်ပြတ်မခံလို၍ဖြစ်ကြောင်း နားလည်ထား၏။

ထို့ကြောင့် ဝူးလီသည် တိုက်ခိုက်ရန် ကြိုးစားခြင်းမပြုဘဲ တိတ်တဆိတ် နောက်ယောင်ခံလိုက်သွားလေသည်။

သို့သော်....

ဘုံကျောင်းပျက်အတွင်းသို့ ရောက်ရှိသွားသည်နှင့်....

'သေချင်လို့ ငါ့နောက်ကို လိုက်လာတာလဲ'

ရုတ်တရက် သူတော်သည် အမှောင်ရိပ်ထဲမှ ထွက်ပေါ်လာကာ ဝူးလီအား တိုက်ခိုက်လိုက်လေသည်။

'ဟာ....'

ဝူးလီ အထိတ်တလန့်ဖြစ်သွားသည်။

ချက်ချင်းခုခံရန် တန်ပြင်လိုက်သော်လည်း နောက်ကျသွားပြီဖြစ်သည်။

'ဝုန်း....'

ဝူးလီမှာ ဘုံကျောင်းအပြင်ဘက်သို့ လွင့်စင်သွားလေတော့သည်။

'ဟား....ဟား ...ဟား'

သူတော်က ဟားတိုက်ရယ်မောလိုက်လေသည်။

ထို့နောက် ဘုံကျောင်းပျက်ထဲသို့ ဆက်၍ဝင်သွားကာ

မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ထိုအချိန်မှာပင်....

'ဟူး...ဟူး'

လေတိုးသံနှင့်အတူ ကောင်းဖုံးပြေးလွှားရောက်ရှိလာလေသည်။

'ဦးလီ'

ကောင်းဖုံးသည် ဦးလီအား ပြေး၍ဖေးမလိုက်သည်။

ဦးလီ၏နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။

'ဂိုဏ်းချုပ်ကြီး မကောင်းဆိုးဝါးကောင်ဟာ ဘုံကျော
ပျက်ထဲကို ဝင်သွားပါတယ်'

ထိုစကားမှာ သူနောက်ဆုံးပြောသွားခဲ့ခြင်းဖြစ်လေသ

ဦးလီ ခေါင်းငိုက်ကျကာ သေဆုံးသွားလေသည်။

'တောက်....'

ကောင်းဖုံး ဒေါသတကြီးတက်ခေါက်လိုက်သည်။

သိကြသေးတာပေါ့ဟု ကြုံးဝါးရင်း ဘုံကျောင်းပျက်ထဲ
ပြေးဝင်လိုက်လေတော့သည်။

★



မကောင်းဆိုးဝါးကောင် (ဝါ) သူတော်မှာ ဘုံကျောင်းပျက်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီဖြစ်သည်။

ကောင်းဖုံးသည် သတိကြီးစွာထား၍ ဘုံကျောင်းပျက်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး သူတော်အား ရှာဖွေလိုက်လေသည်။

သူတော်၏အရိပ်အယောင်ပင် မတွေ့ရပါ။

ကြုံနေရသည် ကောင်ချောက်တစ်ခုဖြစ်ကြောင်း ကောင်းဖုံးနားလည်လိုက်သည်။

ကောင်းဖုံးက ချောင်းတစ်ချက်ဟန့်လိုက်၏။

'သူတော်....ခင်ဗျားပုန်းနေလို့ အပိုပဲ၊ ထွက်လာခဲ့ပါဗျာ'

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော်...

တုန့်ပြန်သံ မကြားရပါချေ။

'ခင်ဗျားဟာ ဘယ်လိုပဲဟန်ဆောင်ထားပေမယ့် မကောင်းဆိုးဝါးကောင် ဖြစ်တယ်ဆိုတာ ကျုပ်သိပြီးပါပြီ'

ကောင်းဖုံးပြောလိုက်သော်လည်း မည်သည့်တုန့်ပြန်သံမှ မရှိချေ။

ကောင်းဖုံး စိတ်ပျက်သွား၏။

ထိုစဉ်....

'ဂျောက်....'

ထူးခြားသော အသံသဲ့သဲ့ ထွက်ပေါ်လာသည်။

'ဟင်....'

ကောင်းဖုံးက အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်လျှင် ဘုံကျောင်းပျက်၏ ကြမ်းပြင်တစ်နေရာမှ အဖုံးတံခါးတစ်ခု ကြွတက်လာသည်ကို တွေ့ရလေသည်။

ကောင်းဖုံးကြည့်နေစဉ်မှာပင် အဖုံးက မီးပွင့်သွားပြီး လူတစ်ယောက် ခေါင်းပြူ၍ ထွက်ပေါ်လာလေသည်။

ကောင်းဖုံး အံ့ကြိတ်ကာ တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

သို့သော်....

ထွက်ပေါ်လာသူမှာ သူတော်မဟုတ်ဘဲ အခြားလူတစ်ယောက် ဖြစ်နေ၏။

ထိုလူလည်း ကောင်းဖုံးကိုတွေ့လျှင် အလိတ်တလန့်ဖြစ်သွား၏။

'ဟင်....မကောင်းဆိုးဝါးကောင်'

ချက်ချင်းခုန်ထွက်လာကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....

မသဲမကွဲအလင်းရောင်ဖြင့် ကောင်းဖုံးအားတွေ့မြင်ရလျှင် ဇဗျာကယာ နောက်ဆုတ်လိုက်၏။

'ဟာ....ဂိုဏ်းချုပ်ကြီးပါလား'

ထိုလူမှာ မိုးကြိုးဂိုဏ်းမှ ပါစန်းဖြစ်လေသည်။

ကောင်းဖုံး အံ့ဩသွားသည်။

'ခင်ဗျားကဘာယ်လို့ဖြစ်ပြီး မြေအောက်ကို ရောက်နေရတာလဲဗျ'

သို့စဉ်....



မြေအောက်ခန်းအတွင်းမှလူများ တစ်ယောက်ပြီး တစ်ယောက် အပေါ်တက်လာကြသည်ကို တွေ့မြင်လိုက်ရလေသည်။

လိပ်ပြာဂိုဏ်းမှ ချင်ချောင်၊ တစ်ကိုယ်တော် သိုင်းသမားဆင့်ရှန်း၊ ဓားသမား ကျန်းရိတို့ ဖြစ်ကြလေသည်။

ကောင်းဖုံး ပို၍အံ့ဩသွားလေသည်။

ထိုသူစုသည် ဘုံကျောင်းပျက်အောက်၏ လျှို့ဝှက်ချက်တစ်ခုခုအား ရှာဖွေတွေ့ရှိထားကြပြီဟု တွေးမိလိုက်၏။

'လက်စသတ်တော့ ခင်ဗျားတို့ဟာ ဒီနေရာရဲ့လျှို့ဝှက်ချက်ကို ရှာတွေ့ထားကြတာကိုး'

ပါစန်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

မည်သူကမျှ အဖြေမပေးကြပါ။

ကောင်းဖုံး မျက်မှောင်ကုတ်သွား၏။

'ခင်ဗျားတို့ကိုကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ'

သူက မြေတိုက်ခန်းဆီသို့ လှမ်းသွားရန်ဟန်ပြင်လိုက်လေသည်။

ပါစန်း သက်ပြင်းချလိုက်၏။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ဟာ ဒီနေရာရဲ့လျှို့ဝှက်ချက်တစ်ခုကို တွေ့ထားပါတယ်'

ကောင်းဖုံး ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ဘယ်လိုလျှို့ဝှက်ချက်မျိုးလဲဆိုတာ ပြောပါဦး'

ကျန်းရိက ပြောလိုက်သည်။

'ဘုံကျောင်းပျက်ထဲမှာ မြေတိုက်ခန်းတစ်ခု ရှိနေတယ်၊ မြေတိုက်ခန်းထဲမှာ ရှောင်လင်ကျောင်းခွဲရဲ့ သိုင်းကျမ်းတွေ စုဆောင်းထားတာကို တွေ့ရတယ်'

'ဟင်....'

ကောင်းဖုံး အံ့သြသွားရပြန်လေသည်။

'လက်စသတ်တော့ ရှောင်လင်ကျောင်းခွဲရဲ့ သိုင်းကျမ်းတွေဟာ အခုချိန်ထိ ရှိနေသေးတာကိုး၊ ဒါကြောင့်လဲ စစ်လိန်တောင်မှာ ဝမ်းနည်းကြေကွဲစရာအဖြစ်ဆိုးတွေ ဖြစ်ပေါ်နေတာ မဆန်းတော့ပါဘူး'

ပါစန်းက ရှင်းပြလိုက်လေသည်။

'ကျုပ်တို့ဟာ မြေတိုက်ခန်းနဲ့ သိုင်းကျမ်းတွေကို တွေ့ခဲ့ပေမယ့် ရှောင်လင်ကျောင်းရဲ့ နာမည်ကြီး တာမိုသိုင်းကျမ်းကို လုံးဝမတွေ့ခဲ့ရပါဘူး'

ကောင်ဖုံး ခေါင်းညိတ်လိုက်သည်။

'ကျုပ်နားလည်ပါတယ်ဗျာ၊ တာမိုသိုင်းကျမ်းကို မကောင်းဆိုးဝါးဆိုတဲ့လူ ရသွားခဲ့တာပဲ မဟုတ်လား'

ရှောင်လင်ကျောင်း၏ သိုင်းပညာများမှာ ထူးဆန်းထွေလာ ရှိလှပေသည်။

သို့သော်....

တာမိုသိုင်းကျမ်းကဲ့သို့ ပြိုင်ဘက်ကင်းသိုင်းကျမ်းကား ရှားပါးလှပေသည်။



တာမိုသိုင်းကျမ်းသည် သိုင်းလောက အထူးခြားဆုံးပြိုင်ဘက်ကင်း သိုင်းကျမ်းသာလျှင် ဖြစ်ပေတော့သည်။

'ခင်ဗျားတို့ မကောင်းဆိုးဝါးကောင်ကိုရော တွေ့ကြသေးလား'

အားလုံး ခေါင်းခါယမ်းလိုက်ကြ၏။

သူတော်အား မည်သူကမျှမတွေ့ခဲ့ကြပါ။

သူတော်လည်း ဘုံကျောင်းပျက်အတွင်း၌လည်းကောင်း စစ်လိန်တောင်၌ လည်းကောင်း ရှိရမည်ဖြစ်လေသည်။

ကောင်းဖုံးက အနည်းငယ်စဉ်းစားပြီးမှ ပြောလိုက်လေသည်။

'ခင်ဗျားတို့အားလုံး မြေအောက်ခန်းထဲက သိုင်းကျမ်းတွေကိုရယူပြီး စစ်လိန်တောင်က အမြန်ဆုံးထွက်သွားကြတာ ကောင်းလိမ့်မယ်'

ပါစန်းတို့ တစ်ယောက်ပြီးတစ်ယောက် ကြည့်လိုက်ကြလေသည်။

မကောင်းဆိုးဝါးသည် တာမိုသိုင်းကျမ်းကို ရရှိသွားပြီဆိုပါလျှင် မည်သူကမျှ ယှဉ်နိုင်ကြမည်မဟုတ်ပေချေ။

ကောင်းဖုံး ပြောသည့်အတိုင်း သိုင်းကျမ်းများအားယူဆောင်ကာ ထွက်သွားခြင်းက အကောင်းဆုံးဖြစ်ပေလိမ့်မည်။

သို့သော်...

'ကျုပ်တို့ထွက်သွားတာတော့ ဟုတ်ပါပြီ၊ မကောင်းဆိုးဝါးကောင်ကို ဘယ်သူက ဆုံးမမလဲ'

ကျန်းရိက မေးခွန်းထုတ်လိုက်၏။

ကျင်းရှောင် ထောက်ခံလိုက်သည်။

'ဟုတ်တယ်၊ သူ့ကို အယ်သူမှမယှဉ်နိုင်ကြဘူးဆိုရင် သိုင်းလောက ပျက်စီးရမလို့ဖြစ်မနေဘူးလား'

အားလုံးက ကောင်းဖုံးအား ကြည့်လိုက်ကြ၏။

ယခုလက်ရှိအချိန်တွင် ကောင်းဖုံးသည် သိုင်းလောက၏ ဆရာတစ်ဆူဖြစ်နေသည် မဟုတ်ပါလား။

ကောင်းဖုံးမှာ အများအကျိုး သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်နေသည့် အဖြူရောင်သိုင်းသမားကြီးတစ်ယောက်ဖြစ်၍ သူ၏ပညာမှာ ထူးချွန်လေလေ သိုင်းလောကအတွက် အကျိုးရှိလေလေပင် ဖြစ်သည်။

မကောင်းဆိုးဝါးကောင်သည်ကား ကောင်းဖုံးနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၏။

သိုင်းလောက တစ်ခုလုံးအား ဒုက္ခပေးမည့်သူဆိုးကြီးတစ်ယောက် ဖြစ်နေသည်။

ဆင့်ရှန်းက သူ၏သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောလိုက်လေသည်။

'မကောင်းဆိုးဝါးကောင်က သိုင်းလောကကို ဖျက်ဆီးပစ်လိမ့်မယ်၊ ကျုပ်တို့လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး'

ကောင်းဖုံး လက်ကာပြလိုက်သည်။

'ကိစ္စမရှိဘူး၊ သည်ကိစ္စအတွက် ကျုပ်တာဝန်ယူပါတယ်'

ပါစန်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။



ကောင်းဖုံးက မကောင်းဆိုးဝါးကောင်အား တာဝန်ယူမည်ဆိုပါလျှင် လက်မခံနိုင်စရာအကြောင်းမရှိပါချေ။

ဆင့်ရှန်းသည် စိုးရိမ်မကင်းပြောလိုက်၏။

'ဂိုဏ်းချုပ်ကြီးမကောင်းဆိုးဝါးဟာ တာမိသိုင်းကျမ်းကို ရရှိထားတဲ့အတွက် သူ့ကိုရင်ဆိုင်ဖို့ခက်ခဲလိမ့်မယ်ထင်ပါတယ်၊ ကျုပ်တို့လဲ ဂိုဏ်းချုပ်ကြီးနဲ့အတူ လက်တွဲပြီး ရင်ဆိုင်ပါရစေလား'

ကျန်လူများက ထောက်ခံလိုက်ကြလေသည်။

'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး'

'ကျုပ်တို့လဲ လက်တွဲပါဝင်ပါရစေ'

'မကောင်းဆိုးဝါးဟာ သိုင်းလောကရဲ့ တို့ရန်သူပဲ မဟုတ်လား'

ကောင်းဖုံး ပင့်သက်ရှိုက်လိုက်သည်။

သူကိုယ်တိုင်ပင် သူတော်အား ရင်ဆိုင်ဖို့ခက်ခဲနေပါသည်။

အခြားသူများ၏ သိုင်းပညာမခေသော်လည်း မည်နည်းနှင့်မျှ ယှဉ်နိုင်မည်မဟုတ်ဟု နားလည်ထား၏။

ထို့ကြောင့်....

'မိတ်ဆွေတို့ရဲ့ သဘောထားကို လေးစားပါတယ် ခင်ဗျား၊ ဒါပေမယ့် ကျုပ်တစ်ယောက်တည်းပဲ တာဝန်ယူပါရစေ'

ပါစန်းတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

ကောင်းဖုံးက လက်ဝှေ့ယမ်းပြလိုက်သည်။

'ကဲ....မိတ်ဆွေတို့ သိုင်းကျမ်းတွေယူပြီး အမြန်ဆုံးထွက်သွားကြပါတော့'

ပါစန်းတို့သည် ဘာမှမပြောတော့ဘဲ မြေအောက်ခန်းအတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြသည်။

ထို့နောက်....

သိုင်းကျမ်းများအား ယူဆောင်ကာ ထွက်ခွာသွားကြလေတော့သည်။

....★....

ဘုံကျောင်းပျက်အတွင်း၌ ပြန်လည်၍ တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ပါစန်းတို့လူစုထွက်သွားကြပြီဖြစ်သည်။

ကောင်းဖုံးက တစ်ယောက်တည်း မလှုပ်မယှက်ရပ်နေ၏။

အတန်ကြာမှ မြေအောက်ခန်းထဲသို့ ဆင်းသွားလေသည်။

ပါစန်းတို့ ထွန်းညှိထားခဲ့သောမီးအိမ်ကြောင့် မြေအောက်ခန်းထဲ၌ လင်းလင်းချင်းချင်း ရှိနေပါသည်။

စားပွဲ ကုလားထိုင်များ၊ ဗီရိုများ၊ ဓာအုပ်စင်များ အစီအရီ ရှိနေကြသည်။



သိုင်းကျမ်းများ၊ မှတ်စုများ ဖရိုဖရဲပြန့်ကျဲနေ၏။

ပါစန်းတို့လူစုက ကောင်းနိုးနိုးရာရာကိုရွေးချယ်ယူဆောင်သွားခဲ့ကြပြီဖြစ်သည်။

ကောင်းဖုံးတို့သည် ထိုင်ခုံတစ်ခု၌ စိတ်ပျက်လက်ပျက်ထိုင်ချလိုက်၏။

သူတော်(ဝါ)မကောင်းဆိုးဝါးနှင့်ပတ်သက်ပြီးတွေးတောစဉ်းစားမရနိုင်ဘဲ ဖြစ်နေ၏။

ထို့အပြင် ရုပ်ဆိုးမနှင့် တုတုဖုံးတို့ကလည်း သူ့အား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ပါသည်။

ရုပ်ဆိုးမပြောသွားသောစကားတစ်ခွန်းကို သူ နားထဲ ကြားယောင်နေဆဲပင် ဖြစ်လေသည်။

'သေပြီလို့ထင်ရတဲ့ လူတစ်ယောက်ဟာ အသက်ရှင်နေတတ်သေးတယ်'

ကောင်းဖုံး သက်ပြင်းချလိုက်သည်။

'ကျင်းချုံး'

ကျင်းချုံးသည် သူ့အား ဘယ်သောအခါမှ အခဲကြေမည့်သူတစ်ယောက် မဟုတ်နိုင်ပါ။

ကျင်းချုံး၏ လုပ်ရပ်များကြောင့် ထင်းကျန့်ဂိုဏ်းတွင် ပြဿနာများ ဖြစ်ပေါ်ခဲ့ရလေသည်။

ထင်းကျန့်ဂိုဏ်း၏ ထိပ်တန်းသိုင်းသမား အတော်များများမှာ တိတ်တဆိတ် လုပ်ကြံခံခဲ့ကြရသည်။

ဝူးလီ၏ကြိုးစားမှုကြောင့်သာလျှင် ကျင်းချုံး၏လက်ချက်ကို ဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

သူနှင့်ကျောင်းချိုးတို့သည် ကျောင်းတော်ကာရန်များ ရှိခဲ့ကြသည် မဟုတ်ပါလား။

ကောင်းဖုံး၏မျက်လုံးထဲ၌ လှပချောမောသော မျက်နှာလေးတစ်ခုကို မြင်ယောင်လာမိလေသည်။

ရှုယဉ်....

ကောင်းဖုံး၏အတွေးမျှင်သည် အတိတ်ကာလဆီသို့ ပြန်လည်ရောက်ရှိသွားလေသည်။

ထိုစဉ်က....

...★...

## သံယောဇဉ်ကြိုး

အေးမြသော တောင်ပေါ်လေများက တိုက်ခတ်နေသော်လည်း ကောင်းဖုံးမှာ ချွေးတစ်လုံးလုံးဖြင့် ရှိနေသည်။

ကောင်းဖုံးက သိုင်းပညာတစ်ရပ်ကို အပြင်းအထန်လေ့ကျင့်နေခြင်း ဖြစ်သည်။

သူ၏လက်ဝါးနှစ်ဖက်က တဖိုးဖိုးမြည်အောင် လေထဲသို့ ရိုက်ထုတ်နေ၏။

သူ၏လက်ဝါးနှစ်ဖက်သည် လက်ညှိုးနှင့် လက်ခလယ်ကို ရှေ့သို့ဆန့်တန်းကာ လက်သူကြွယ်၊ လက်သန်းတို့သည် ကွေးထားသဖြင့် သူ၏လက်နှစ်ဖက်သည် ခါးနှစ်လက်နှင့် တူသွားလေတော့သည်။

ကောင်းဖုံးသည် ပြိုင်ဘက်ကင်း ဓားသမား ရှုဟို၏ ကောင်းကင်ဓားပညာကို လေ့ကျင့်နေခြင်း ဖြစ်ပါတော့သည်။

သူ၏လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်တိုင်း စူးရှသောလေ တိုးသံများ ထွက်ပေါ်လာကာ အနီးပတ်ဝန်းကျင်ရှိသစ်ရွက်များ တဖြုတ်ဖြုတ် ကြွေကျလာလေသည်။

ဖုန်များ၊ သဲများ တထောင်းထောင်းထသွားသည်။

သူလေ့ကျင့်နေသော သိုင်းပညာမှာ ကြောက်မက်ဖွယ် ကောင်းအောင် ပြင်းထန်နေ၏။

ကောင်းဖုံးသည် အတန်ကြာလေ့ကျင့်ပြီးလျှင် နောက်ဆုတ်ကာ ရပ်တန့်လိုက်လေသည်။

ထိုစဉ်....

လုပချောမောသော မိန်းကလေးတစ်ယောက်က အနီးသို့ ရောက်ရှိလာလေသည်။

သူမသည် မြေပြင်တွင်ပြန့်ကြဲနေသော သစ်ရွက်လေးများကိုကြည့်ရင်း တအံ့တဩ ရေရွတ်လိုက်လေသည်။

'ဟင်....အစ်ကို့ရဲ့သိုင်းပညာက အတော်ကို တိုးတက်နေပါလား'

ကောင်းဖုံးက ရယ်မောလိုက်သည်။

'ညီမ ကျုပ်ကိုချီးကျူးနေတာကိုး၊ ကျုပ်ရဲ့ပညာဟာ ဒီလောက်တောင် မဟုတ်သေးပါဘူး'



မိန်းကလေးမှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းပါရဂူ ကောင်းကင်ဓား ရှုဟို၏ သမီး ရှုယဉ်ဖြစ်လေသည်။

ကောင်းဖုံးသည် သိုင်းလောကကို အလွန်ဝါသနာပါပြီး တစ်နေ့တွင် သိုင်းလောက၌ ထိပ်တန်းသိုင်းသမား ဖြစ်လာမည်ဟု သံဓိဋ္ဌာန်ချထားသူ ဖြစ်လေသည်။

ကောင်းကင်ဓား ရှုဟိုထံ၌ တပည့်ခံကာ လာရောက်သိုင်းပညာ သင်ကြားနေသူ ဖြစ်သည်။

ငယ်စဉ်ကပင် ရောက်ရှိလာခဲ့သူဖြစ်ရကား ရှုဟို၏သမီး ရှုယဉ်နှင့်အတူ ကြီးပြင်းလာခဲ့ရသည်ဟု ဆိုနိုင်ပေသည်။

အရွယ်ရောက် ကြီးပြင်းလာသောအခါ တစ်ယောက်ကို တစ်ယောက် သံယောဇဉ်တွယ်မိကြပြီး ချစ်သူများအဖြစ် ရောက်ရှိခဲ့ကြလေသည်။

ရှုဟိုသည် သမီးရှုယဉ်နှင့်ကောင်းဖုံးတို့ ချစ်ကျွမ်းဝင်နေကြသည်ကို မသိခဲ့ပါချေ။

ထို့ကြောင့်လည်း နောက်ပိုင်းတွင် အလွန်ကြေကွဲဝမ်းနည်းဖွယ်ရာကောင်းသော ဖြစ်ရပ်များ ဖြစ်ပေါ်လာခဲ့ရလေတော့သည်။

ရှုယဉ်က ပြောလိုက်သည်။

'အစ်ကို့ကို ဖေဖေခေါ်ခိုင်းလိုက်လို့'

ကောင်းဖုံး ပျာပျာသလဲ ဖြစ်သွားသည်။

'ကိစ္စရှိလို့လား ညီမ'

'ဟုတ်တယ်၊ အရေးကြီးတဲ့စကား ပြောစရာရှိနေလို့'

ကောင်းဖုံး အချိန်မဆွဲတော့ပါ။

'ဒါဖြင့် အစ်ကိုတို့ သွားကြရအောင်'

'ဟုတ်ကဲ့...အစ်ကို'

သူတို့သည် လက်ချင်းချိတ်ကာ ခပ်သွက်သွက် လှမ်းသွားလိုက်လေတော့သည်။

* * *

'အဟွတ်...အဟွတ်'

တဲအိမ်ကလေးအတွင်းမှ ချောင်းဆိုးသံများ ထွက်ပေါ်လာလေသကျ။

ကောင်းကင်မားရှုဟို နေမကောင်းဖြစ်နေခဲ့သည်မှာ တစ်လခန့်ရှိပြီဖြစ်သည်။

ကောင်းဖုံးနှင့် ရှုယဉ်တို့က အိမ်ထဲသို့ခပ်သွက်သွက်လှမ်းဝင်လိုက်ကြသည်။



သို့အခါ ညှော်နံ့အတွင်းရှိထိုင်ခုံတစ်လုံး၌ ချွေးပြိုက်ပြိုက်ကျအောင် ပင်ပန်းစွာချောင်းဆိုးနေသော ရှုဟိုအားတွေ့လိုက်ရလေသည်။

'ဖေဖေရယ်...ခုတင်ပေါ်မှာ သက်သောင့်သက်သာ လှဲနေရောပေါ့၊ ဘာကြောင့် အပြင်ကိုထွက်လာရတာလဲ'

ရှုယဉ် စိုးရိမ်ပူပန်စွာပြောလိုက်သည်။

အသင့်ကျိုချက်ထားသော ဆေးတစ်ခွက်ကိုလည်း တိုက်ကျွေးလိုက်လေသည်။

ဆေးသောက်လိုက်ရသဖြင့် ရှုဟို အနည်းငယ်သက်သာသွားသည်။

'ကျုပ်က သိုင်းပညာကို လောဘတကြီး လေ့ကျင့်ခဲ့တဲ့ဝဋ်တွေ အခုလို အသက်ကြီးမှ ပြန်ခံရတာပဲ'

ကောင်းဖုံးအား လှမ်းပြောလိုက်၏။

သိုင်းပညာနှင့်ပတ်သက်လာလျှင် အလွန်လောဘကြီးသည့် ကောင်းဖုံးအား သင်ခန်းစာယူဖို့ ရည်ရွယ်ကာပြောလိုက်ခြင်း ဖြစ်သည်။

ကောင်းဖုံး ပင့်သက်ရှိုက်လိုက်၏။

ရှုဟိုက မည်သို့ပြောသည်ဖြစ်စေ သူ၏ဝါသနာကို ဖားသိမ်းချုံ့နိုင်မည်မထင်ပါ။

ယခုသည်း ရှုဟိုသင်ကြားပေးသည့် ကောင်းကင်မားပညာကို သူက လောဘတကြီးလေ့ကျင့်နေမိခဲ့သည်။

မကြာမီအချိန်အတွင်း တယ်ကျွမ်းအောင်မြင်ရမည်ဟု ယုံကြည်ထားသည်။

ရှုဟိုက ဆက်ပြောလိုက်၏။

'ကောင်းဖုံး၊ မင်းဟာကောင်းကင်ဓားသိုင်းရဲ့ ဆဋ္ဌမအဆင့်အထိ လေ့ကျင့်ထားပြီးပြီဆို'

ကောင်းဖုံး မျက်နှာပျက်သွားသည်။

'ဟုတ်...ဟုတ်ပါတယ် ဆရာ'

'နေပါဦး၊ မင်းဘာကြောင့် ဒီလောက်တောင် အလောတကြီးလေ့ကျင့်နေရတာလဲ၊ ဓားသိုင်းအဆင့် တစ်ဆင့်ကို အနည်းဆုံးတစ်နှစ်လောက်အချိန်ယူပြီး လေ့ကျင့်သင့်တယ်လို့ ငါမှာထားခဲ့တယ် မဟုတ်လားကွ'

'ဟုတ်...ဟုတ်ပါတယ်ဆရာ'

'ဒါဖြင့် မင်းလေ့ကျင့်တာ အလောတကြီးဖြစ်မနေဘူးလား'

'ကျွန်...ကျွန်တော်'

ကောင်းဖုံးက ခေါင်းငုံ့ထားလိုက်လေသည်။

ရှုဟို စိတ်ပျက်သွားသောလေသံဖြင့် ပြောလေသည်။

'ကောင်းဖုံး သိုင်းပညာနဲ့ပတ်သက်လာရင် ဇွဲလုံ့လရှိတာ ကြိုးစားတာကောင်းတဲ့ကိစ္စပါ၊ ဒါပေမယ့် အလောတကြီးလုပ်တာဟာ တစ်နေ့အခက်ကြုံရတတ်တယ်'



ရှုဟိုမှာ နာမည်ကျော်သိုင်းသမားတစ်ယောက်ဖြစ်ခဲ့သော်လည်း ယခုအချိန်တွင် ဒဏ်ပိသသို့ဖြစ်ကာ ဆေးကုနေရပြီဖြစ်လေသည်။

သူ၏သိုင်းပညာကို ထုတ်ဖော်အသုံးချနိုင်စွမ်း မရှိတော့ပါ၊

တဖြည်းဖြည်းနှင့်သိုင်းအားတစ်စက်ခန့်ဆုံးရှုံးခဲ့ရသည်ဟု ဆိုနိုင်လေသည်။

မိမိလည်း ထိုသို့သောအဖြစ်မျိုးနှင့် နောင်တစ်နေ့မကြုံတွေ့နိုင်ဟု မဆိုနိုင်ပါချေ။

မိမိအတွက် စိုးရိမ်၍ပြောလိုက်ခြင်းဖြစ်ကြောင်းကောင်းဖုံး နားလည်မိလေသည်။

'ကျွန်တော် ဆင်ခြင်ပါ့မယ်ဆရာ'

'ကောင်းတယ်...ကောင်းတယ်'

ကောင်းဖုံးက စကားလမ်းကြောင်း လွှဲလိုက်သည်။

ဆရာ...ကျွန်တော့်ကို အရေးကြီးတဲ့စကား ပြောစရာရှိတယ်ဆို'

ရှုဟို ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခုတလော သိုင်းလောကမှာ လူငယ်သိုင်းသမားတစ်ယောက် ထွက်ပေါ်လာတယ်၊ ထိပ်တန်း သိုင်းသမားတွေကို လိုက်လံယှဉ်ပြိုင်ပြီး အနိုင်ယူနေတယ်လို့ နာမည်ထွက်လာတယ်'

ကောင်းဖုံး ရင်ထိတ်သွားသည်။

ထိုသတင်းကို သူလည်းကြားမိလေသည်။

မြို့စားလေး ကျင်းချုံးဆိုသူသည် သိုင်းလောက၌ နာမည်ထွက်လာသည်။

မကြာမီ ကောင်းကင်မြေ ရှုဟိုအား လာရောက်စိန်ခေါ်လိမ့်မည်ဟု သတင်းများဖြစ်ပေါ်နေသည် မဟုတ်ပါလား။

ရှုဟိုသည် မည်မျှပင် ထင်ရှားကျော်ကြားခဲ့ပါစေ ယခုအချိန်၌ လူမမာတစ်ယောက် ဖြစ်နေ၏။

မြို့စားလေး ကျင်းချုံးရောက်လာလျှင် မည်သို့ယှဉ်ပြိုင်နိုင်မည်နည်း။

ကောင်းဖုံးက အပြင်းအထန် လေ့ကျင့်နေသည်မှာ ထိုအတွက်ဖြစ်လေသည်။

ကောင်းကင်မြေပညာ နဝမအဆင့်ကို လေ့ကျင့်အောင်မြင်ခဲ့ပြီဆိုလျှင် သိုင်းလောက၌ မည်သူ့ကိုမျှ မှုနေစရာလိုတော့မည် မဟုတ်ချေ။

ရှုဟိုသည်လည်း ကောင်းဖုံး၏အကြံကို ရိပ်မိထားပြီးဖြစ်သည်။

'ကျင်မြို့စားဟာ မကြာခင် ငါတို့ဆီကို ရောက်လာလိမ့်မယ်၊ သူ့ကိုရင်ဆိုင်ဖို့ မင်းမကြိုးစားစေချင်ဘူး'

'ဆရာ...'

ကောင်းဖုံး အထိတ်တလန့် အော်လိုက်လေသည်။



ရှုဟို ခေါင်းခါယမ်းလိုက်၏။

'ဘယ်နည်းနဲ့မှ ရင်မဆိုင်ရဘူး'

ကောင်းဖုံး အကြီးအကျယ် စိတ်ဓာတ်ကျဆင်းသွားလေတော့သည်။

'ကောင်းဖုံး... မင်းရဲ့လက်ရှိအခြေအနေနဲ့ ကျင်းချုံးကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာမဟုတ်ဘူး၊ သူ့ကိုရင်ဆိုင်ဖို့ကြိုးစားမယ်ဆိုရင် မင်းရဲ့ဘဝ၊ မင်းရဲ့ရည်ရွယ်ချက်တွေအားလုံး ပျက်စီးသွားလိမ့်မယ်'

'ဆရာ...'

ရှုဟို လက်ကာပြလိုက်သည်။

'ငါ့စကားကို နားထောင်ရလိမ့်မယ်'

ကောင်းဖုံး ခေါင်းငိုက်စိုက် ကျသွားလေတော့သည်။

★

ကောင်းဖုံးသည် တောင်ကုန်းကလေးပေါ်၌ သိုင်းလေ့ကျင့်နေသည်။

သို့သော် ယခုတလော သိုင်းလေ့ကျင့်ရသည်ကို စိတ်မပါနိုင်အောင် ဖြစ်နေမိလေသည်။

ရှုယဉ်မှာ ကောင်းဖုံးအပေါ် ဂရုဏာသက်သွား၏လေ သည်။

'အစ်ကို....ဒီခနက်မှာ သိုင်းလေ့ကျင့်တာ အမှားမှား အယွင်းယွင်းတွေ ဖြစ်နေတယ်လို့ ကျွန်မထင်တယ်'

ကောင်းဖုံး သက်ပြင်းချလိုက်သည်။

'ဟုတ်တယ်....ညီမ၊ ကျုပ်ကို ဆရာက အမိန့်ပေးထား တော့ ကျုပ်လဲ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတယ်'

ရှုကိုသည် ကောင်းဖုံးသိုင်းလေ့ကျင့်ရန် အစီအစဉ်တစ်ခု ချမှတ်ခဲ့လေသည်။

ကောင်းကင်ဓားသိုင်းပညာ အဆင့်တစ်ဆင့်က တစ်နှစ် တိတိလေ့ကျင့်ရန် ဖြစ်သည်။

ထိုကဲ့သို့ အချိန်ယူကာ လေ့ကျင့်သွားမှသာလျှင် ကောင်း ကင်ဓားသိုင်းအား ကြေညက်စွာ တတ်ကျွမ်းလိမ့်မည်ဟု ဆိုခဲ့ သည်။

ကောင်းဖုံး ဆဋ္ဌမအဆင့်အထိ လေ့ကျင့်ထားခဲ့ပြီး ဖြစ် သည်။

နောက်ဆုံးအဆင့်ဖြစ်သော နဝမအဆင့်ကို လေ့ကျင့် အောင်မြင်နိုင်ရန် သုံးနှစ်တိုင်တိုင် စောင့်ဆိုင်းရတော့မည်ဖြစ် သည်။

သုံးနှစ်....

သုံးနှစ်ဟူသော အချိန်ကာလသည် အရာရာကိုပြောင်းလဲ သွားနိုင်သည် မဟုတ်ပါလား။



ကျင်းချုံးသည် သုံးနှစ်တိတိ စောင့်ဆိုင်းနေမည် မဟုတ် ပါ။

ထို့ကြောင့်လည်း ကောင်းဖုံးမှာ အကြီးအကျယ် စိတ် ဓာတ်ကျဆင်းနေခြင်း ဖြစ်သည်။

'အစ်ကိုဟာ တစ်နှစ်ကို သိုင်းတစ်ဆင့်တက်ရမယ်ဆိုရင်လဲ မဆိုးသေးပါဘူး၊ သုံးနှစ်အတွင်းမှာ ပြိုင်ဘက်ကင်း သိုင်း သမားတစ်ယောက် ဖြစ်သွားမှာပဲမဟုတ်လား'

ရှုယဉ်က အားပေးလိုက်လေသည်။

ကောင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်အတွက် အချိန်မရတော့ဘူး၊ မနေ့ကဆရာခိုင်းလို့ တောင်အောက်ကိုဆင်းသွားရင်း သတင်းတစ်ခု ကြားလာခဲ့ တယ်၊ ကျင်းချုံးဟာ သုံးရက်အတွင်း ကျုပ်တို့တောင်ပေါ် ကို ရောက်လာလိမ့်မယ်'

ရှုယဉ် ပြုံးလိုက်သည်။

'အစ်ကိုရယ်....ဒီကိစ္စအတွက် ဘာမှပူမနေပါနဲ့၊ ဖေဖေက အားလုံးစီစဉ်ထားပြီးသားပါ'

ကောင်းဖုံး မျက်မှောင်ကုတ်သွားသည်။

'ဆရာ ဘာတွေစီစဉ်ထားသလဲဆိုတာ ကျုပ်ကိုပြောပြနိုင် မလား'

'ကျွန်မလဲ သေသေချာချာတော့ မသိဘူး၊ ဒါပေမယ့် ဘာမှပူစရာမလိုဘူးလို့ ထင်မိတာပဲ'

ကောင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ဒီကိစ္စကိုလွယ်လွယ်နဲ့ဖြေရှင်းလို့ ရနိုင်မယ်တော့ ကျုပ် မထင်ဘူး၊ ကျောင်းချုပ်ဟာ အင်မတန်မှာနကြီးတဲ့ လူတစ် ယောက်ဖြစ်တယ်၊ အရှေ့ကို ထိပ်ဆုံးသိုင်းသမားကြီး တစ် ယောက်ကို အနိုင်ယူနိုင်တယ်ဆိုတဲ့ဂုဏ်ကို ယှိုးရှင်မှာ မလွဲဘူး'

'အစ်ကိုရယ်...ဒါတွေ စဉ်းစားမနေပါနဲ့တော့၊ ဖေဖေမြန် မြန်နေကောင်းလာဖို့နဲ့ သစ်ကိုရဲ့သိုင်းပညာ ဆုံးခန်းတိုင် ဖို့သာ အာရုံစိုက်သင့်ပါတယ်'

'ဟုတ်ပါတယ်လေ... ဖြစ်လာသမျှ ကံတရားအတိုင်းပဲ ပေါ့'

ထိုသို့သော ကံတရား၏စီရင်မှုသည် နောက်သုံးရက်အကြာ တွင် သူတို့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့လေတော့ သည်။

....★....

# ကံတရား

---

ယနေ့သည် သုံးရက်မြောက်သောနေ့ ဖြစ်သည်။

ကောင်းဖုံးက သိုင်းပညာလေ့ကျင့်ခြင်းမပြုတဲ နံနက်စော စောကပင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားလေသည်၊

ရုပ်ရည်ချောမောခန့်ညားသော လူငယ် သိုင်းသမားတစ် ယောက်အသွင် ရှိနေပါသည်၊

ရှယ်ဉ်ကလည်း ဝတ်ကောင်းစားလှ ဝတ်ဆင်ထား၏။

ယနေ့တွင် သူတို့ထံတို့ အရေးကြီးသော ဧည့်သည်တစ် ယောက် ရောက်ရှိလာလိမ့်မည် မဟုတ်ပါလား။

ကံကောင်းသည်မှာ ရှုတိုကလည်း ယနေ့မှ ထူထူထောင် ထောင် ဖြစ်နေ၏။

သူတို့ ကြာကြာမစောင့်လိုက်ရပါ။

'ခွပ်ခွပ်…ခွပ်ခွပ်'

မြင်းခွာသံများ စည်းချက်ဝါးချက်ကျကျ ထွက်ပေါ်လာလေသည်။

မြင်းခွာသံသည် တစ်စထက်တစ်စ ကျယ်လောင်လာသည်။

ထို့နောက်…

တဖြည်းဖြည်းနီးကပ်လာပြီး အိမ်ရှေ့သို့ ရောက်ရှိလာလေသည်။

ရှုဟို၊ ရှုယဉ်နှင့် ကောင်းဖုံးတို့သည်လည်း အိမ်အပြင်ဘက်သို့ လှမ်းထွက်လိုက်ကြသည်။

အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသောလူရွယ်တစ်ယောက်သည် မြင်းပေါ်မှ ခုန်ဆင်းလာ၏။

ထိုလူငယ်မှာ ချောမောခန့်ညားသည့်အသွင်လည်း ရှိလေသည်။

မာန်မာန အလွန်ကြီးသည့်အသွင်လည်း ရှိလေသည်။

မည်သူမည်ဝါဟု မေးမြန်းနေစရာမလိုတဲ့ ကျင်းမြို့စား ကျင်းချုံးဖြစ်ကြောင်း သိရှိနိုင်ပါသည်။

မြို့စားလေး ကျင်းချုံးသည် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလာပြီး၊ အိမ်ရှေ့၌ ရင်ဘောင်တန်းကာ ရပ်နေသော ရှုဟိုတို့အား အကဲခတ်ကြည့်လိုက်သည်။

ရုတ်တရက် သူ၏မျက်လုံးအစုံသည် ရှုယဉ်ထံတွင် ရပ်တန့်သွားလေသည်။



သူ၏မျက်နှာ၌ ထူးခြားသော အရိပ်အယောင်များလည်း ဖြစ်ပေါ်လာသည်။

ရှုယဉ်သည် အကြည့်ရိုင်းလှသောကျင်းချုံးနှင့်ရင်ဆိုင်မိလျှင် မျက်နှာနီရဲသွားကာ ခေါင်းငုံ့ထားလိုက်လေသည်။

ကောင်းဖုံးက အကင်းပါးသူပီပီ ရှေ့သို့လှမ်းထွက်ကာ ကျင်းချုံးနှင့် ရင်ဆိုင်လိုက်လေသည်။

'မိတ်ဆွေ သည်နေရာဟာ လူတိုင်းကြည်ညိုလေးစားကြရတဲ့ သိုင်းဆရာကြီး ရှုဟိုနေထိုင်တဲ့နေရာပဲ၊ ဘယ်လိုအကြောင်းကိစ္စနဲ့ ဒီလိုစောစောစီးစီးရောက်လာရတယ်ဆိုတာ ပြောပါ'

ကျင်းချုံးက နှုတ်ခမ်းထောင့်တွန့်ရုံမျှ ပြုံးလိုက်သည်၊

'ကျုပ်သည်နေရာကိုရောက်လာတဲ့အကြောင်းရင်းကတော့ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ သိုင်းဆရာကြီးဆီက ဓားပညာလေ့လာဖို့ပါပဲဗျာ'

သူက ရှုဟိုအား ပြောင်ကျကျစိန်ခေါ်လိုက်ခြင်းဖြစ်သည်။

ကြားသိထားရသည့်သတင်းအတိုင်း ကျင်းမြို့စားက စိန်ခေါ်လာပြီဖြစ်လေသည်။

'ကောင်းပြီ၊ ခင်ဗျားရဲ့ဆန္ဒကိုကျုပ်ဖြည့်ဆည်းပေးပါမယ်'

ကောင်းဖုံးက ရှေ့သို့ထပ်တိုးလိုက်၏။

'ကောင်းဖုံး'

ရှုဟို၏ဟန့်တားသံ ထွက်ပေါ်လာလေသည်။

'ဆရာ'

'မင်း နောက်ဆုတ်လိုက်စမ်း'

ကောင်းဖုံး မကျေမနပ်ဖြစ်သွားသော်လည်း ဆရာဖြစ်သူ၏စကားကို မလွန်ဆန်ဝံ့ပါချေ။

ချက်ချင်းပင် နောက်ဆုတ်ပေးလိုက်ရလေသည်။

ရှုဟိုက ကျောင်းချုပ်အား ခြေဆုံးခေါင်းဆုံးစိုက်ကြည့်လိုက်၏။

'သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားလာတဲ့ ကျောင်းမြို့စားဟာ လူငယ်လေးတစ်ယောက်ဖြစ်နေတာ အံ့သြစရာပါပဲ၊ သိုင်းလောကအတွက် ဂုဏ်ယူစရာကောင်းပါတယ်၊ ကျောင်းမြို့စားလေးကို ကျုပ်ရှုဟိုက နှုတ်ခွန်းဆက်သတယ်လို့ အရင်ဆုံး ပြောပါရစေ'

ကျောင်းချုပ်ပြုံးလိုက်၏။

ရှုဟိုက ဆက်ပြောလေသည်။

'ကျုပ်ဟာ သိုင်းလောကမှာ ထင်ရှားခဲ့တာ မှန်ပေမယ့် ခုတော့ အသက်အရွယ်ထောက်ပြီး ရောဂါလဲ စွဲကပ်နေပါပြီ၊ သိုင်းစွမ်းအားလဲ အရင်လိုမရှိတော့ပါဘူး၊ ဒါကြောင့် ကျုပ်ရဲ့ ပညာချင်း ယှဉ်ချင်တယ်ဆိုရင် မြို့စားလေးအတွက် အကျိုးမရှိဘဲ အချိန်ဖြုန်းသလို ဖြစ်သွားပါလိမ့်မယ်'

ကျောင်းချုပ်က လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး....

'ဆရာကြီးလို နာမည်ကျော် သိုင်းသမားတစ်ယောက်ဟာ နှိမ်ချတတ်တဲ့စိတ်သဘောရှိနေတာ အံ့သြစရာပါပဲ၊ ချီးကျူးပါတယ်ဗျာ၊ ဒါပေမယ့်လဲ သည်ကနေ့အဖို့ ကျွန်တော်တို့ မယှဉ်ပြိုင်လို့ မဖြစ်ပါဘူး'



ကောင်းဖုံး ကျွဲမြီးတိုသွားလေသည်။

'ကျုပ်ဆရာပြောသာ ရှင်းနေပြီ၊ မင်းဘာကြောင့် ဒီလောက်တောင် ယှဉ်ပြိုင်ချင်နေရတာလဲ'

'ဟား....ဟား....ဟား

ကျောင်းချုပ်က ဟားတိုက်ရယ်မောလိုက်သည်။

'ကျုပ်က သိုင်းသမားတစ်ယောက်ပါ၊ နာမည်ကျော်တဲ့ သိုင်းသမားဆိုရင် ယှဉ်ပြိုင်ကြည့်ချင်တာ မဆန်းပါဘူး'

သိုင်းသမားများသည် သိုင်းပညာနှင့် ပတ်သက်လာလျှင် လောဘကြီးတတ်ကြပြီး မိမိ၏ပညာ မည်မျှရှိသည်ကို ဖော်ထုတ်ယှဉ်ပြိုင်လိုကြသည်သာဖြစ်သည်။

ကျောင်းချုပ်က ရှုဟိုအား ယှဉ်ပြိုင်လိုသည်မှာ ဆန်းသည်သည်တော့ မဟုတ်ပါချေ။

'ကျုပ်ကို မယှဉ်ပြိုင်လို့ မရဘူးလား မြို့စားလေး'

ကျောင်းချုပ် ခေါင်းညိတ်လိုက်သည်။

'ရပါတယ်ခင်ဗျာ၊ ကျွန်တော် မယှဉ်ပြိုင်တော့ပါဘူး၊ ဆရာကြီးကို အရှုံးပေးပါတယ်၊ ကဲ...ကျွန်တော် ကိုသွားခွင့်ပြုပါဦး'

စကားဆုံးလျှင် ချာခနဲလှည့်ထွက်သွားလေသည်။

ထို့နောက် မြင်းပေါ်သို့ခုန်တက်ကာ ဒုန်းစိုင်းထွက်ခွာသွားလေတော့သည်။

....★....

'ဟင်....'

'ဟာ....'

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ကောင်းဖုံး အံ့သြသွားရလေသည်။

ကျင်းချုံးက အဘယ်ကြောင့် ရှောင်ထွက် သွားရပါသနည်း။

အကြောင်းတစ်ခုခုတော့ ရှိရပေမည်။

ကောင်းဖုံး မသိပါ။

ရှုဟိုလည်း မသိပါ။

သို့သော် ရှုယဉ်ကမူ ကောင်းစွာရိပ်မိထားလေသည်။

ကျင်းချုံး၏အကြည့်ကြောင့် ဖြစ်သည်။

ထိုအချိန်မှစ၍ အရာရာအားလုံး ပြောင်းလဲသွားလိမ့်မည် ဖြစ်ကြောင်း နားလည်ထားလေတော့သည်။

...★...

နောက်သုံးရက်....

ကျင်းချုံးသည် ဒုတိယအကြိမ် ရောက်ရှိလာပြန်သည်။ ဆိုကဲ့သို့ ရောက်လာလိမ့်မည်ဟု မည်သူမျှ ထင်မထားခဲ့ကြချေ။



ကျင်းချုံးက တစ်ခေါက်တည်း ရောက်လာခြင်း မဟုတ်ပါ။

အခြွေအရံများနှင့်အတူ လက်ဆောင်ပစ္စည်းများ သယ်ဆောင်ကာ ရောက်ရှိလာခြင်း ဖြစ်သည်။

ထိုအခါ ကျင်းချုံးသည် ရှုဟိုအပေါ် အလွန်လေးစားစွာ ဆက်ဆံလေသည်။

ကျင်းချုံးသည် ရှုဟိုအား ဦးညွှတ်၍တောင်းပန်လိုက်လေသည်။

'ဆရာကြီးကို စိန်ခေါ်ပြီး စော်ကားသလို ဖြစ်ခဲ့မိတာကို တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ'

ရှုဟို ဝမ်းသာသွားလေသည်။

'စိတ်မရှိပါဘူး မြို့စားလေး'

'ကျွန်တော်ဟာ သိုင်းပညာကို ဦးစားပေးမယ့် ချိန်မှာတော့ လောကပေါ်မှာ ဘယ်အရာက အရေးကြီးဆုံးဆိုတာ နားလည်သဘောပေါက်ခဲ့ပြီ၊ မကြာခင် ကျွန်တော် တစ်ခေါက်လာခဲ့ပါဦးမယ်'

ကျင်းချုံးသည် ပဟေဠိဆန်စွာပြောပြီး လက်ဆောင်များ ပေးအပ်ကာ ပြန်သွားခဲ့လေသည်။

...★...

ည....

အေးမြသော လရောင်အောက်တွင် ညသည် တိတ်ဆိတ်၍ နေလေသည်။

ရေသို့ခန်းအတွင်း၌ ရှုဟိုနှင့်ရှုယဉ်တို့သားအဖ တိတ်ဆိတ်စွာ ထိုင်နေကြ၏။

သူတို့သည် ည၏ခအေးချမ်းမှုကို မခံစားနိုင်ကြပေ။

သားအဖနှစ်ယောက်စလုံး ရင်ထဲမချမ်းမမြေ့ ဖြစ်နေကြရလေသည်။

အကြောင်းကား ...

ကျင်းချုံးလည် ရှုယဉ်အား သူနှင့် လက်ဆက်ပေးရန် တောင်းဆိုခြင်းကြောင့် ဖြစ်လေသည်။

အတန်ကြာတော့မှ ရှုဟိုက ထိုင်ရာမှထလိုက်၏။

ပြတင်းပေါက်အနီးသို့ လှမ်းသွားပြီး ကောင်းကင်ပေါ်မှ လဝန်းကို မော့ကြည့်လိုက်သည်။

သူ၏မျက်လုံးများ ရီဝေနေသည်။

'ငါဟာ ကျင်းချုံးကို သဘောမကျခဲ့ဘူး၊ ဒါပေမယ့် ခုချိန်မှာတော့ တဖြည်းဖြည်း သဘောကျလာပြီ'

ဟူ၍ ရေရွတ်လိုက်လေသည်။

'ဖေဖေ'

ရှုယဉ် အလန့်တကြား ထရပ်လိုက်၏။

သူမသည် ဖခင်အနီးသို့ ချဉ်းကပ်သွားပြီး အလောတကြီး ပြောလိုက်သည်။



'ဖေဖေ....သမီးကို ကျင်းမြို့စားနဲ့ သဘောတူသိုက်ဖြိုဟုတ်လား'

ရှုဟို သမီးဖြစ်သူအား လှည့်ကြည့်လိုက်သည်။

'ဟုတ်တယ် သမီး'

'ဖေဖေ'

'နေဦး....ဖေဖေပြောမယ်'

ရှုဟို လက်ကာပြလိုက်သဖြင့် ရှုယဉ် ခေါင်းငုံ့ထားလိုက်လေသည်။

ရှုဟိုက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေ၏၊

'သမီး....ကျင်းချုံးဟာ သိုင်းသမားတစ်ယောက် ဖြစ်တယ်ဆိုတာ သမီးလက်ခံသလား'

ရှုယဉ် မဆိုင်းမတွ ပင် အဖြေပေးလိုက်သည်။

'လက်ခံပါတယ် ဖေဖေ'

'ဒါဆိုရင် ဘာများငြင်းစရာရှိသေးလို့လဲ သမီးရယ်'

'ရှင်....'

ရှုယဉ် မည်သို့ပြောရမှန်း မသိတော့ပါ။

သူတို့သည် သိုင်းသမားများ ဖြစ်ကြသည်။

သိုင်းပညာသည်သာ သူတို့၏ဘဝ၊ သူတို့၏အသက်ပင်ဖြစ်လေသည်။

ဤသို့ ခံယူချက်ရှိထားကြသဖြင့် 'သိုင်းသမားဖြစ်သော ကျင်းချုံးအား လက်မခံနိုင်စရာ အကြောင်းမရှိပေ။

ရှုတိုက ခေါင်းတစ်ချက်ယမ်းလိုက်၏။

'ဖေဖေ သူ့ကိုအကြောင်းပြန်လိုက်တော့မယ်'

ရှုယဉ် ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

*

ရှုယဉ်မျက်ဝန်းအစုံမှ မျက်ရည်များတွေတွေ စီးဆင်းနေ သည်။

ကောင်းဖုံးက သူမအား အလန့်တကြား ကြည့်နေသည်။

'ဒါ တကယ်ပဲလားညီမ'

'ဟုတ်တယ်အစ်ကို ဖေဖေလက်ခံလိုက်ပြီ'

'ဆရာ ဘယ်လိုလုပ်လိုက်တာပါလိမ့်'

ကျင်းချိုးသည် အလွန်မာနကြီးသူ စိတ်ဓာတ်ခက်ထန်သူ ဖြစ်ကြောင်း လူတိုင်းသိကြလေသည်။

မြို့စားလေးဟူသော အရှိန်အဝါရှိသည့်အပြင် သိုင်းပညာ တော်သဖြင့် သွေးနုထင်ရောက်ကာ မည်သူ့ကိုမှ လူမထင် ရှိနေ၏။



ကျင်းချိုးက ရှုယဉ်အား လက်ထပ်သို့သည်မှာ အဘယ် ကြောင့်ပါနည်း။

သူတို့တွေဆုံခဲ့ကြသည်မှာ ရက်ပိုင်းမျှသာရှိပါသေးသည်။

ကျင်းချိုးသည် ရှုယဉ်အပေါ်တွင် မေတ္တာစစ် မေတ္တာမှန် ထားနိုင်ပါမည်လော။

ကောင်းဖုံးလက်မခံနိုင်ပါ။

'ဒီတစ်ခါတော့ ဆရာ့ရဲ့ဆုံးဖြတ်ချက်မှားသွားပြီလို့ ကျုပ် ထင်တယ်'

'အစ်ကို ဖေဖေ့ကိုမဝေဖန်ရဘူးလေ'

'ကျုပ်ကို ခွင့်လွှတ်ပါ ညီမရယ်၊ ဆရာ့ရဲ့ ဆုံးဖြတ်ချက် မှားနေပြီ'

'ဒါဆိုရင် အစ်ကို့အနေနဲ့ သက်သေ အထောက်အထား တစ်ခုခုပြနိုင်ရမှာပေါ့'

'စိတ်ချ ကျင်းချိုးဟာ ညီမရဲ့ အိမ်ထောင်ဖက် မဖြစ်သင့် ဘူးဆိုတာ ကျုပ်သက်သေပြမယ်'

ရှုယဉ်သက်ပြင်းချလိုက်သည်။

ကောင်းဖုံး အဘယ်ကြောင့် ခံစားနေရသည်ကို သူမနား လည်ထားပါသည်။

'ကျွန်မ သဘောကတော့ စိတ်လိုက်မာန်ပါ မလုပ်စေ ချင်ဘူး'

'စိတ်ချ အစ်ကို့ဘက်က မမှားစေရဘူး'

သူတို့ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြလေ သည်။

နှစ်ယောက်သား နီးလျက်နှင့် ဝေးရတော့မည်ဟု ခံစားနေကြရလေသည်။

ကောင်းဖုံးက ရှုဟိုလက်ခံလာအောင် စွမ်းဆောင်နိုင်ပါ့မည်လော။

....★....

တစ်လ....

တစ်လဟူသော အချိန်ကုန်ဆုံးသွားပြီဖြစ်သည်။

ကောင်းဖုံးသည် တစ်လအတွင်း အလွန်စိတ်ပျက်စရာ ဖြစ်ခဲ့ရလေသည်။

ရှုဟို၏ သဘောထားပြောင်းလဲသွားအောင် မစွမ်းဆောင်နိုင်ခဲ့ချေ။

ကျောင်းချုံးကလည်း မကြာခဏ ရောက်ရှိလာတတ်သည်။

သို့ဖြင့် မင်္ဂလာပွဲကျင်းပမည့်နေ့ရက်ကိုပင် သတ်မှတ်နိုင်ခဲ့လေသည်။

ရှုဟို၏ ကျန်းမာရေးကလည်း ပြန်လည်၍ ဆိုးရွားလာသည်။

ဤသို့ဖြင့် မိမိတို့နှစ်ယောက်ဝေးရတော့မည် ဖြစ်ကြောင်း



ကောင်းဖုံးလက်မခံချင်ဘဲ လက်ခံလိုက်ရသေတော့သည်။

မင်္ဂလာပွဲကျင်းပရန် ငါးရက်အလိုတွင် ရှုဟိုက ကောင်းဖုံးအားခေါ်ယူတွေ့ဆုံရလေသည်။

အခန်းတွင်း၌ ဆေးနံ့များ လွှမ်းမိုးထား၏။

ရှုဟိုသည် ခုတင်ပေါ်၌ လဲလျောင်းနေ၏။

သူ၏ခန္ဓာကိုယ်မှာ ယခင်ကထက်စာလျှင် များစွာ ပိန်လှီခြောက်သွေ့သွားလေသည်။

နာတာရှည် လူမမာတစ်ယောက်၏ အသွင်မျိုး လုံးဝကူးပြောင်းသွား၏။

'ဆရာ'

ကောင်းဖုံး၏အသံကြောင့် ရှုဟိုမျက်လုံးဖွင့်လာသည်။

'ဪ....မင်းရောက်လာပြီကိုး'

'ဟုတ်ပါတယ်ဆရာ'

'မင်းကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ ခေါ်လိုက်တာပဲ'

'ဟုတ်ကဲ့ အမိန့်ရှိပါဆရာ'

ရှုဟိုက ကောင်းဖုံး၏သဘောထားကို မေးမြန်းလာလေသည်။

'ကျောင်းချုံးကို မင်းဘယ်လိုသဘောရသလဲ'

ကောင်းဖုံး ဘာမှမပြောဘဲ နေလိုက်လေသည်။

ရှုဟိုသက်ပြင်းချလိုက်၏။

'ကျောင်းချုံးဟာ မာနကြီးတယ်၊ စက်ထန်တယ်၊ မောက်မာတယ်၊ ခုလောလောဆယ်သိုင်းလောကမှာ သူ့ကိုယှဉ်နိုင်မယ့်

သူမရှိတော့ဘူး။'

ကောင်းဖုး အံကြိတ်လိုက်သည်။

'ဆရာသာ ခွင့်ပြုမယ်ဆိုရင် ကျွန်တော် သူ့ကိုယှဉ်ဝံ့ပါတယ်'

'မဟုတ်ဘူး မင်းယှဉ်လို့မရဘူး'

'ကျွန်တော်...'

'ငါ့ရဲ့သိုင်းအား ကျဆင်းနေတယ်၊ ငါလဲ မယှဉ်နိုင်ဘူး၊ ငါအသက်ကြီးပြီ နောက်ချိန်မှာ ကျောင်းချုပ်ကို အရှုံးပေးလိုက်ရမယ်ဆိုရင် ဘယ်လိုနေမလဲ'

'ဆရာ...'

ကောင်းဖုး အထိတ်တလန့်ဖြစ်သွားလေသည်။

ယခုမှ ရှုဟိုး၏ သဘောထားကို နားလည်လိုက်သကဲ့သို့ ရှိလာသည်။

'သိုင်းသမားတစ်ယောက်ဟာ အချိန်မရွေးယှဉ်ပြိုင်တိုက်ပွဲနဲ့ကြုံတွေ့ရတယ်တယ်ဆိုတာ ငါမသိဘဲနေပါမလား'

ရှုဟိုးသည် ဝေဒနာခံစားရခြင်းမရှိပါလျှင် ကျောင်းချုပ်အား လက်ခံယှဉ်ပြိုင်မည်မှာ သေချာနေပါတော့သည်။

သူက အလျှော့ပေးလိုက်သည်မှာ ဂုဏ်သိက္ခာကြောင့် ဖြစ်လေသည်။

တစ်သက်လုံးနာမည်ရခဲ့ပြီး ယခုအချိန်မှ အရှုံးကြုံရမည့်အကျိုးနည်းဖြစ်လာရမည်ကို မည်သူမျှ လိုလားကြမည်မဟုတ်ချေ။

ပြိုင်ဘက်များအား အထင်းအကြွင်း ယှဉ်ပြိုင်ခဲ့သည့် ကျောင်းချုပ်ကလည်း ယခုတစ်ကြိမ်တွင် အလျှော့ပေးခဲ့လေသည်။



မာန်မာနနှင့်ဂုဏ်သိက္ခာပြိုင်ပွဲတွင် ရှုဟိုဥက္ကဋ္ဌ အနိုင်ရ ဖြစ်ခဲ့ရလေသည်။

ကောင်းဖုးမှာ အခြေအနေအရပ်ရပ်ကို သဘောပေါက်လာသကဲ့သို့ နောက်ကျသွားပြီ ဖြစ်ကြောင်းသည်း နားလည်လိုက်လေသည်။

ရှုဟိုး၏စကားသံထွက်ပေါ်လာလေသည်၊

'ကောင်းဖုး ကောင်းကင်ဓားပညာကိုရအောင်ကြိုးစားပါ'

'ဟုတ်ကဲ့ဆရာ'

'တစ်နေ့လျှင် ဘယ်သူကမှ မင်းကိုယှဉ်နိုင်မှာမဟုတ်ဘူး'

'ဟုတ်ကဲ့ဆရာ'

ရှုဟိုးလက်ကာပြလိုက်သည်။

'ဒါပေမယ့် ဘယ်တော့မှ အလောတကြီးမဖြစ်စေနဲ့'

သူ၏စကားမှာ အဓိပ္ပာယ်လေးနက်လှပေသည်။

သိုင်းပညာအား လောဘတကြီး လေ့ကျင့်ခဲ့သဖြင့် ရှုဟိုကိုယ်တိုင် အဖြစ်ဆိုးနှင့် ကြုံခဲ့ရသည်မှာ လက်တွေ့ ဖြစ်လေသည်။

ထိုဖြစ်ရပ်မျိုး ထပ်မံမကြုံရလေအောင် ရှုဟိုက ပြတ်သားစွာဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်၊

ရှုသဉ်နှင့် ကျောင်းချုပ်တို့အား ဖက်ထပ်ပေးရန် ဆုံးဖြတ်လိုက်ခြင်းသည် မိမိကောင်းစားရေးအတွက် ဖြစ်ကြောင်း နားလည်လာရလျှင် ကောင်းဖုး ဝမ်းနည်းကြေကွဲလာလေသည်။

ရှုဟိုက လက်သုံးချောင်းထောင်ပြလိုက်သည်။

'သုံးနှစ်၊ သုံးနှစ်အတွင်းမှာ ကောင်းကင်ခရီးပညာကို ဆုံးခန်းတိုင်အောင် မင်းလေ့ကျင့်ရလိမ့်မယ်'

'စိတ်ချပါဆရာ'

ကောင်းဖုံးက ကတိပေးလိုက်သည်။

ယခုအချိန်တွင် ကောင်းကင်ခရီးပညာဆုံးခန်းတိုင်အောင် အချိန်ယူလေ့ကျင့်ဖို့သာရှိတော့သည်ဟု ကောင်းဖုံးနားလည်လိုက်လေသည်။

အရာရာအားလုံး ပြီးဆုံးသွားခဲ့ပြီဖြစ်လေသည်။

....★....

ကောင်းဖုံး သက်ပြင်းချလိုက်သည်။

အတိတ်မှဖြစ်ရပ်များကို ပြန်လည်တွေးတောရင်း ရင်မောနေမိသည်။

ရှုဟိုသည် ရှုယဉ်၏မင်္ဂလာပွဲပြီး တစ်လခန့်အကြာတွင် ကွယ်လွန်သွားခဲ့လေသည်။

ရှုယဉ်သည် ကျင်းမြို့စားနောက်သို့ လိုက်သွားသဖြင့် ကောင်းဖုံးမှာ တောင်ပေါ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။



သူက ကတိပေးထားသည့်အတိုင်း ကောင်းကင်ခရီးပညာကို ဆက်လက်၍ လေ့ကျင့်ခဲ့သည်။

သို့ဖြင့်....

နောက်သုံးနှစ်အကြာတွင် လုံးဝ လေ့ကျင့်အောင်မြင်သွားခဲ့လေသည်။

သူ အောင်မြင်လာချိန်၌ ကျင်းချုံးမှာ တဖြည်းဖြည်းကျဆုံးလာသည်။

ကျင်းချုံး၏ပညာ မခေသော်လည်း မာန်မာန ခက်ထန်မှုကြောင့် သိုင်းလောကမှ လက်မခံကြတော့သဖြင့် အထီးကျန်ဖြစ်လာသည်။

ကောင်းဖုံးမှာ အနက်ရောင် သိုင်းသမားများအား နှိမ်နင်းရင်း နာမည်ကြီးလာသည်။

ဤသို့ဖြင့်....

နှစ်အနည်းငယ်အတွင်း ကောင်းဖုံး၏ ဂုဏ်သတင်းက ကျင်းချုံးကို ဖုံးလွှမ်းသွားခဲ့လေသည်။

ကောင်းဖုံး ထိုင်ရာမှထလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ညီမလေးရှုယဉ်ကို ငါဆုံးရှုံးခဲ့ရတာပဲ'

မှန်ပေသည်။

ထိပ်သီးသိုင်းသမားတွဲအား ကျင်းချုံးကို ကျော်လွန်ကာ ရှိခဲ့သော်လည်း ရှုယဉ်အား ဆုံးရှုံးလိုက်ရလေသည်။

ကျင်းချုံး၏လုပ်ရပ်များကြောင့် အဆိပ်အရက်ကို ပို့ပေးခြင်းဖြင့် အဆုံးသတ်ခဲ့သည်။

သို့သော်....

'ကျောင်းချုံးဟာ အခုအချိန်ထိ အသက်ရှင်နေတုန်းပဲ ဖြစ်နေမယ်'

သူ၏လူယုံတော်များအား ကျောင်းချုံးက အကောက်ကြံကာ သတ်ပစ်ခဲ့ရသည်။

ထို့ကြောင့်....

မာနကြီးသည့်အပြင် ကောက်ကျစ်စဉ်းလဲသူဖြစ်ကြောင်းလည်း ထင်ရှားနေသည်။

ဂုဏ်သတင်းမွေးမှိန်သွားပြီးပြီးသည့် နောက်ပိုင်းတွင် ကျောင်းချုံးသည် မိမိအပေါ် မကျေမချမ်းဖြစ် နေခဲ့မည်မှာ သေချာနေပေသည်။

ကောင်းဖုံး၏ မျက်ဝန်းထဲ၌ ရုပ်ဆိုးမ၏ရုပ်သွင်ကို မြင်ယောင်လာလေသည်။

'သူဟာ ဘယ်သူများပါလိမ့်'

ရုပ်ဆိုးမသည် သူ၏အကြောင်း ကျောင်းချုံးအကြောင်းများကို ကောင်းစွာ သိရှိနေ၏။

'သူဟာ ညီမလေးရှုယဉ်များလား'

ထိုအတွေးက ကောင်းဖုံး၏စိတ်များကို လှုပ်ရှားလာစေသည်။

ထိုစဉ်....

'ဘာသံပါလိမ့်....'

ထူးခြားသောအသံတစ်ခု ကြားလိုက်မိသည်ဟုထင်မိ၏။

ကောင်းဖုံးက သေချာစွာ နားစိုက်ထောင်လိုက်၏။

'ဝူန်း....'



မှန်ပေသည်။

တစ်နေရာမှ ထူးခြားသောအသံထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုအသံသည် ဘုံကျောင်းအပေါ်ထပ်မှထွက်ပေါ်လာခြင်းဖြစ်သည်။

ကောင်းဖုံး ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ အပေါ်ထပ်သို့ လှမ်းဝင်လိုက်လေတော့သည်။

....★....

ကျင်းလုံ စိတ်ဓာတ်ကျဆင်းနေပါသည်။

ယဉ်ယဉ်ကလေးနှင့် ရူးသွပ်နေသော သူတော်ကြောင့် ရည်မှန်းချက်များပျက်စီးကာ အကျဉ်းသားဘဝသို့ ရောက်ရှိခဲ့ရပေသည်။

ထို့အတူ....

ထင်းရိုသည်လည်း အကျဉ်းသားဘဝ ရောက်နေသည်။

ကျင်းလုံက ဝေးငိုင်နေသောအခါ ထင်းရိုက အားပေးစကား ပြောကြားလိုက်လေသည်။

'ဘာမှမပူပါနဲ့ကွာ၊ အချိန်တန်ရင်တော့ တို့တစ်တွေ ဒီ

အခက်အခဲတွေကို ကျော်လွှားသွားနိုင်မှာပါ'

ကျင်းလုံသည် ထင်းရှိကို အားကိုးတကြီးဖြင့် ကြည့်လိုက်သည်။

'ဘဘမှာ ဘယ်လိုရည်ရွယ်ချက်တွေ ရှိနေလို့လဲ'

ထင်းရှိ ခေါင်းခါယမ်းလိုက်သည်။

'ငါ့မှာ ဘယ်လိုရည်ရွယ်ချက်မှ မရှိဘူး'

'ဒါဖြင့်....'

ထင်းရှိက မေးလေသည်။

'ကျင်းလုံ...မင်းဟာ လူကောင်းတစ်ယောက်လား၊ အရူးတစ်ယောက်လားကွ'

'ဟာ....ကျွန်တော်က ဘာကြောင့်ရူးရမှာလဲ'

ကျင်းလုံက ချက်ချင်းပြောလိုက်သည်။

'ငါကော'

'ဗျာ....'

'ငါကောရူးနေသလား၊ ဒါမှမဟုတ် လူကောင်းတစ်ယောက်လား'

'ဟာ....ဘဘဟာ ဘာကြောင့် ရူးသွပ်နေရမှာလဲ၊ လူကောင်းတစ်ယောက်ပါ'

လင်းရှိ ရယ်မောလိုက်သည်။

'မင်းလဲမရူးဘူး၊ ငါလဲမရူးဘူး'

ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်နေသည်။

ထင်းရှိပြောသည့် စကားအဓိပ္ပာယ်ကို နားမလည်နိုင်အောင် ဖြစ်နေ၏။



'ဘယ်သူက ရူးနေတယ်ဆိုတာ မင်းသိတယ်မဟုတ်လား'

'ဟုတ်ကဲ့...သူတော်ပါ'

'အေး...တိုက်ဘုတောင်း၊ သူကရူးနေတယ်၊ အခုချိန်မှာ တို့ဘစ်တွေ ဘယ်လိုပဲဒုက္ခရောက်ပါစေ၊ ရူးနေတဲ့သူတော်ကို ဘာကြောင့် မယှဉ်နိုင်ရမှာလဲ'

'ဟာ....

ကျင်းလုံ လွှတ်ခနဲအော်လိုက်မိ၏။

ထင်းရှိစကားကို နားလည်သဘောပေါက်သွားလေသည်။

သူတော်အား သိုင်းပညာအရ သူတို့ယှဉ်နိုင်ကြမည်မဟုတ်ပါချေ။

သို့သော်....

သူတို့သည် လူကောင်းများဖြစ်ကြ၍ တွေးတောဆင်ခြင်မှုတွင် သူတော်ထက် သာမည်ဖြစ်သည်။

အတွေးအခေါ်ခြင်းယှဉ်လျှင် နောက်ဆုံးအချိန်၌ သူတို့အနိုင်ရကြမည်သာ ဖြစ်ပေသည်။

'ကျွန်တော် သဘောပေါက်ပါပြီ'

'ဟား....ဟား...ဟား'

ထင်းရှိက တဟားဟားရယ်မောလိုက်လေသည်။

'အခုတော့ မင်းသဘောပေါက်သွားပြီ မဟုတ်လား'

'ဟုတ်ပါတယ် ဘဘ၊ ကျွန်တော် နားလည်ပါပြီ'

'သူတော်ကိုအနိုင်ယူဖို့ နည်းလမ်းရှာကြတာပေါ့'

ထိုစဉ်....

'ဆရာ....တစ်ယောက်တည်း ပျင်းနေပြီလား'

စကားသံနှင့်အတူ နံရံအမြင့်ရှိဂူဒေါက်မှ သူတော်က ခုန်ဝင်လာသည်။

'ဖုတ်....'

သူတော်သည် ဂူထဲသို့ ဖုတ်ခနဲကျလာ၏။

အခန်းတွင်း၌ မီးရောင်ရှိနေပြီး ထင်းရှိနှင့်အတူ ကျင်းလုံရှိနေသည်ကို တွေ့ရသောအခါ သူတော် ကြောင်အမ်းအမ်းဖြစ်သွား၏။

'မင်း....မင်းကဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်နေတာလဲ'

သူ၏မျက်နှာ ခက်ထန်တင်းမာနေသည်။

ချက်ချင်းတိုက်ခိုက်တော့မည့်အသွင်မျိုး ရှိသေသည်။

ကျင်းလုံ ရင်ထိတ်သွား၏။

သူတော်သာတိုက်ခိုက်လာပါလျှင် ဒုက္ခရောက်ရတော့မည် မဟုတ်ပါလား။

'သူတော်....မင်းဘာဖြစ်နေတာလဲ'

ထင်းရှိက ကြားဝင်အော်ငေါက်လိုက်သည်။

သူတော် ခြေလှမ်းရပ်သွား၏။

ထင်းရှိကို လှည့်ကြည့်လိုက်သည်။



'ဆရာ....သူက....'

'ငါ့အတွက် ပြုစုမယ့်လူတစ်ယောက်လိုနေလို့ မင်းကိုရှာခိုင်းခဲ့တာ မင်းပဲသူ့ကိုလာပို့ပေးခဲ့တာ၊ မေ့နေပြီလား'

'ဟင်....'

သူတော် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

'လက်စသတ်တော့ ဆရာ့အတွက် ကျုပ်လာပို့ပေးခဲ့တာကိုး၊ ဟုတ်ပြီ....ဟုတ်ပြီ၊ ကျုပ်သတိရပြီ'

ထိုစကားကြားမှ ကျင်းလုံ စိတ်သက်သာရာ ရသွား၏။

သူတော် ကျင်းလုံကိုလှည့်ကြည့်လိုက်သည်။

'ကောင်လေး....မင်းနာမည် ကျင်းလုံမဟုတ်လား၊ ငါ့ဆရာကို သေသေချာချာပြုစုပေးဖို့ မမေ့နဲ့'

'စိတ်ချပါဗျာ'

'ကောင်းတယ်....ကောင်းတယ်'

သူတော်သည် ထင်းရှိဘက်သို့လှည့်ကာ မေးလိုက်၏။

'ဆရာ....ဘာလိုသေးသလဲ ပြောပါ'

ထင်းရှိက အခွင့်အရေးကို လက်လွှတ်မခံအဲ ပြောလိုက်သည်။

'ဒီညအတွက်တော့ စားသောက်စရာ လိုနေသေးတယ်'

'စိတ်ချ... ကျုပ် ခုချက်ချင်း သွားယူပေးမယ်'

သူတော်က စိတ်မြန်လက်မြန်ထွက်သွားရန် ဟန်ပြင်လိုက်၏။

ထိုအခါ ထင်းရိုက ဟန့်တားလိုက်လေသည်။

'နေဦး၊ မင်းကိုပြောစရာရှိသေးတယ်'

သူတော် ခြေလှမ်းရပ်သွား၏။

'ဟုတ်ကဲ့ ပြောပါဆရာ'

'ငါက သည်ဂူတွင်းထဲမှာ တစ်သက်လုံး နေသွားရတော့မှာလား'

'ဒါက....'

'ဟေ့....ငါ့ရဲ့ကျန်းမာရေးက တစ်နေ့တစ်ခြားဆုတ်ယုတ်လာပြီကွ၊ သည်နေရာဂူတွင်းထဲမှာ ဘယ်လောက်အေးသလဲ နေ့ရောညပါ အလင်းရောင်မသဲကွဲပဲ မှောင်မည်းနေတာပဲ သည်မှာ ငါကြာကြာနေရရင် အသက်တိုလိမ့်မယ်'

သူတော် ခေါင်းကုပ်လိုက်သည်။

'ဆရာ ဘာလုပ်ချင်လို့လဲ'

'ငါ သည်နေရာက ထွက်သွားချင်တယ်'

'ဟာ....မဖြစ်ဘူး၊ မဖြစ်ဘူး'

သူတော် ကပျာကယာငြင်းလိုက်လေသည်။

ထင်းရိုက သွေးတိုးစမ်းလိုက်၏။

'နေစမ်းပါဦး၊ မင်းဘာကြောင့်မဖြစ်ဘူးလို့ပြောရတာလဲ'

သူတော် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ရှင်းပြလေသည်။



'မဖြစ်ဘူး၊ စစ်လိမ်တောင်မှာ သိုင်းလောကသားတွေ စုရုံးရောက်ရှိနေကြတယ်၊ ဆရာကို မြေလှန်ရှာနေကြတယ်၊ သည်နေရာ ထွက်သွားလို့ ဆရာ့ကိုတွေ့သွားရင် မလွယ်ဘူး'

'နေပါဦး၊ ငါကဘာဖြစ်လို့လဲ၊ ဘာကြောင့် သူတို့က ငါ့ကိုလိုက်ရှာနေကြရတာလဲ'

'ဟာ....ဆရာဟာ ကိုယ့်ကိုယ်ကို မကောင်းဆိုးဝါးတစ်ကောင်ဆိုတာ မေ့နေပြီလား'

'ဟေ....'

သူတော်က စိုးရိမ်သည့်အသွင်ဖြင့် ပြောလေသည်။

'ဆရာရဲ့လက်ချက်ကြောင့် သိုင်းလောကသားတွေ သေကြေပျက်စီးတယ်၊ ဆရာ့ဆီမှာ တာမိုသိုင်းကျမ်း ရှိနေတယ်၊ ဒါကြောင့် သိုင်းလောကသားတွေက လိုချင်မက်မောပြီး လိုက်ရှာနေကြတာပဲ'

ထင်းရိုက ခေါင်းခါယမ်းလိုက်သည်။

'ငါ့မှာ ဘာသိုင်းသိုင်းမှ မရှိဘူး'

'ဟာ...ဆရာကလဲ'

'ငါအကယ်ပြောတာကွ၊ တာမိုသိုင်းကျမ်းဆိုတာကိုတွေ့တောင်မတွေ့ဘူး'

'ဆရာ သည်လိုမပြောပါနဲ့'

'ငါ့ကိုမပြောနဲ့ ဆိုတော့ ငါ့ဆီမှာ သိုင်းကျမ်းရှိတာကို မင်းတွေ့ဘူးလို့လား'

နံဘေးမှ ငြိမ်သက်စွာ နားထောင်နေသည့် ကျင်းလုံမှာ ထင်းရှိ၏ပါးနပ်မှုကို သဘောကျသွားလေသည်။

ထင်းရှိသည် စကားဖြင့်လှည့်စားကာ သူတော်ကိုချုပ်ကိုင်ဖို့ ကြိုးစားနေပြီ မဟုတ်ပါလား။

သူတော်မှာ ခေါင်းရှုပ်သွားသည့်အလား ခေါင်းကုပ်ကာ ပြောလေသည်။

'ဆရာပဲ ကျွန်တော့်ကို တာမိုသိုင်းကျမ်းပညာတွေ သင်ပေးခဲ့သေးတာပဲ မဟုတ်လား'

'ဟော....'

'ဆရာသင်ပေးလို့ တာမိုပညာကို ကျုပ်တတ်မြောက်ထားတာပဲ'

'နေပါဦး၊ မင်းတတ်တားတာ တာမိုပညာလို့ ဘယ်သူက ပြောသလဲ'

ထင်းရှိက စကားအစ်လိုက်ပြန်သည်။

သူတော်က ခေါင်းညိတ်လိုက်၏။

'သေချာပါတယ် ဆရာမယုံဘူးလား'

ထင်းရှိက အနည်းငယ်စဉ်းစားပြီးမှပြောလေသည်။

'တာမိုသိုင်းမှာ မဟာလက်ညှိုးသိုင်းကွက်ပါဝင်တယ်လို့ သိရတယ်၊ မင်းက အဲဒီသိုင်းကွက်ကို တတ်သလား'

'ဟာ....ကျုပ်ဘာကြောင့်မတတ်ရမှာလဲ'

ထင်းရှိ ဝမ်းသာသွားလေသည်။



'ဒါဖြင့် အဲဒီသိုင်းကွက်ကိုထုတ်ဖော်ပြစမ်းပါ၊ ဒါမှ မင်း တကယ်ပဲ တတ်တယ် မတတ်ဘူးဆိုတာ ငါ လက်တွေ့သိရမှာပေါ့'

သူတော်သည် စဉ်းစားခြင်းမပြုဘဲ ခေါင်းညိတ်သဘောတူလိုက်လေသည်။

'စိတ်ချဆရာ ဒီမှာကြည့်'

စကားဆုံးလျှင် ခန္ဓာကိုယ် ချာခနဲလှည့်ကာ ဂူနံရံဆီသို့ လက်ညှိုး၊ညွှန်လိုက်လေသည်။

'ချပ်....'

ထူးခြားသောအသံ ထွက်ပေါ်လာသည်၊

ကျောက်မှုံများထောင်းခနဲဖြစ်သွားကာနံရံတွင်အပေါက်လေးတစ်ပေါက်ဖြစ်ပေါ်လာလေသည်၊

'ဟာ....'

ကျင်းလုံ အထိတ်တလန့်ရေရွတ်လိုက်လေသည်၊

တာမိုသိုင်းကျမ်း၏ အစွမ်းကားကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေသည်မဟုတ်ပါလား၊

'ဟား....ဟား....ဟား'

ထင်းရှိက ဟားတိုက်ရယ်မောလိုက်လေသည်၊

'ကောင်းတယ် သိပ်ကောင်းတယ် မင်းမဆိုးဘူး၊ ဒါ.... ကျောက်လက်ဝါးသိုင်းကွက်ကို ဖော်ထုတ်ပြစမ်းပါဦး'

'ကောင်းပါပြီဆရာ'

သူတော်သည် လက်ဝါးကိုအသုံးပြုကာ ကျောက်နံရံကို ရိုက်ချလိုက်လေသည်။

'ဂုန်း.....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ကျောက်ဂူကြီးတစ်ခုလုံး တုန်ခါသွားသည်ဟု ထင်ရပြီး ကျောက်မှုန့်များ တထောင်းထောင်းထသွား၏။

ဂူနံရံ၌ လက်ဝါးရာကြီးတစ်ခု အထင်းသားပေါ်လွင်လာသည်။

ကျင်းလုံ ပါးစပ်အဟောင်းသားဖြစ်နေ၏။

သူတော်သည် တာမိုသိုင်းကျမ်းအား ရရှိထားသည်မှာ သေချာနေပြီဖြစ်လေသည်။

ရူးသွပ်နေသည့် သူတော်အား မည်သူကယှဉ်နိုင်ပါမည်နည်း။

သူတော်က ထင်းရီကိုမေးလိုက်သည်။

'ကဲ...ကျုပ်တတ်မြောက်ထားတယ်ဆိုတာ ဆရာယုံပြီလား'

ထင်းရီ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'ယုံပါပြီကွာ ယုံပါပြီ၊ ခက်တာက ငါသင်ပေးထားတဲ့ မင်းက တတ်နေပြီး ငါကမတတ်တော့တာခက်တာပဲ'

'ဆရာဘာပြောတာလဲ'

'တာမိုသိုင်းကို ငါမေ့သွားပြီကွ'

'ဟင်...'



'ငါက မကောင်းဆိုးဝါးတစ်ကောင် ဖြစ်နေတယ် မဟုတ်လား၊ ဒါကြောင့်မေ့သွားတာမဆန်းပါဘူးလေ'

သူတော် ခေါင်းကုပ်လိုက်ပြန်သည်။

ထင်းရီ၏စကားကို နားမလည်နိုင်အောင် ဖြစ်နေပုံရလေသည်။

ထင်းရီက ဆက်ပြောလိုက်၏။

'သိုင်းလောကသားတွေက ငါ့ကိုလာရှာနေကြတယ်မဟုတ်လား၊ သူတို့ကို ငါက ဆုံးမခဲ့ပေမယ့် တစ်ခါတစ်ခါ သိုင်းကွက်တွေကိုမေ့နေပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတတ်တယ်၊ အင်း...မင်းဟာ ငါ့တပည့်ဆိုတော့ မင်းပဲငါ့ကို ကူညီရလိမ့်မယ်'

သူတော် ခေါင်းညိတ်လိုက်၏။

'ဒါတော့ ဟုတ်တာပေါ့'

'အေး...မင်းက ငါ့ကိုကူညီချင်တယ်ဆိုလို့ ဝမ်းသာတယ်၊ ကဲ...ဘယ်လိုကူညီမလဲ ပြောစမ်းပါဦး'

'ကျုပ် ဘယ်လိုကူညီရမလဲပြောပါ'

ထင်းရီက အလေးအနက်စဉ်းစားဟန်ပြုပြီးမှ ပြောလိုက်သည်။

'ဒီနေရာမှာနေရတာ အသက်ရှူကြပ်တယ် အရင်ဦးဆုံး ငါ့ကိုဒီနေရာကပြောင်းပေးပါ'

'ဆရာက ဘယ်နေရာကိုပြောင်းမှာလဲ'

'ဒါတော့ အကောင်းဆုံး ဖြစ်မယ့်အောင် မင်းပဲကြည့်ပြီး စီစဉ်ပေါ့'

'ကျုပ်ဘယ်လိုလုပ်ရမှာလဲ'

သူတော် ခေါင်းတွင်တွင်ကုပ်နေလေသည်။

အတော်ကလေးကြာမှ...

'ဆရာ ကျုပ်ရဲ့အိမ်မှာလိုက်နေပါလား'

'မင်းအိမ်က ဘယ်မှာလဲ'

'သိပ်မဝေးပါဘူး'

ထင်းရိမျက်မှောင်ကုပ်ကာ....

'မင်းရဲ့အိမ်က လေကောင်းလေသန့် ရှိရဲ့လား၊ ပတ်ဝန်းကျင်က သာသာယာယာရှိရဲ့လား'

ကျင်းလုံးသခတာကျသွားသည်။

ဦးနှောက်ချင်းသှဉ်လျှင် သူတော် အခရေးနိမ့်သွားတော့မည်ဟု ယုံကြည်လိုက်လေတော့သည်။

⋯ ★ ⋯

## လွတ်မြောက်ရာလမ်း

---

သူတော်သည် ထင်းရိ၏စကားကို လက်ခံကာ ကျောက်ဂူပြင်ပသို့ ခေါ်ဆောင်သွားတော့မည်ဖြစ်သည်။

ထင်းရိနှင့် ကျင်းလုံတို့ လွတ်မြောက်ရာ လမ်းစကို တွေ့မြင်နေရပြီဟုဆိုနိုင်မလေသည်။

သို့သော်....

သူတို့နှစ်ယောက်၏ ကံကြမ္မာကို အပြောင်းအလဲဖြစ်စေမည့်ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့လေသည်။

ထိုဖြစ်ရပ်အား ထင်းကျန့်ဂိုဏ်း၊ ချုပ်ကောင်းဖုံးက ဖန်တီးခဲ့ခြင်းဖြစ်လေသည်။

⋯ ★ ⋯

ဘုံကျောင်းပျက်၏ မြေအောက်ခန်းအတွင်းသို့ ရောက်ရှိနေသော ကောင်းဖုံးသည် စာအုပ်စင်နောက်ကွယ်မှ လျှို့ဝှက်ဂူပေါက်ကို ရှာဖွေတွေ့ရှိလိုက်လေသည်။

စစ်သိမ်းတောင်တွင် ထူးဆန်းသောကိစ္စများ ပေါ်ပေါက်လာပြီးနောက် မကောင်းဆိုးဝါးတူသည့် တစ်စုံတစ်ယောက်က ဖန်တီးထားခြင်း ဖြစ်ကြောင်း ကောင်းဖုံး နားလည်ခဲ့သည်။

သူတော်နှင့်တွေ့ခဲ့ရပြီးနောက် မကောင်းဆိုးဝါး ဆိုသည်မှာ လူတော်ပင်ဖြစ်ကြောင်း သိခဲ့သည်။

ဘုံကျောင်းပျက် မြေအောက်ခန်းမှ လျှို့ဝှက်ဂူပေါက်ကို တွေ့ရှိသောအခါ သူတော်အား ရှာတွေ့တော့မည်ဟု ယုံကြည်လိုက်လေသည်။

ကောင်းဖုံးက ဂူပေါက်ထဲသို့လှမ်းဝင်လိုက်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး လိုဏ်ဂူလမ်းသည် မှောင်မည်းနေသည်။

ကောင်းဖုံးကဲ့သို့ သိုင်းစွမ်းရည်မြင့်မားသူ တစ်ယောက်သည် အမှောင်ထဲ၌ မြင်တွေ့နိုင်သော အမြင်စွမ်းအားနှင့် အတွင်းအားရှိလေသည်။

ခဏမျှ အကဲခတ်ပြီးသည်နှင့် လိုဏ်ဂူလမ်းအတိုင်း လျှောက်လှမ်းသွားလိုက်လေသည်။

တစ်လှမ်း....နှစ်လှမ်း....သုံးလှမ်း....

တဖြည်းဖြည်းနှင့် လိုဏ်ဂူအတွင်းပိုင်းသို့ ရောက်လာလေသည်။



လိုဏ်ဂူလမ်းသည် ရှည်လျားပြီး တစ်စထက်တစ်စ ကျယ်ဝန်းလာသည်။

ရှေ့တွင် လမ်းခွဲတစ်ခုရှိကာ မီးရောင်အချို့လည်း ထွက်ပေါ်နေသည်ကို ကောင်းဖုံး တွေ့မြင်လိုက်ရသည်။

ထို့အပြင် စကားသံအချို့ကိုလည်း ကြားလိုက်ရသဖြင့် ကောင်းဖုံး ငြိမ်သက်သွားသည်။

'မကောင်းဆိုးဝါးသူတော်....မင်းဘယ်ပြေးမလဲ'

ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ကာ ရှေ့တိုးသွားလိုက်သည်။

အချိုးအကွေ့တစ်ခုကို ချိုးကွေ့ပြီးသည်နှင့် မီးအိမ်တစ်လုံး ဆွဲကိုင်လာသည့် လူသုံးယောက်ကို ဘွားခနဲရင်ဆိုင်မိလိုက်ကြလေသည်။

ထိုလူသုံးယောက်ကား သူတော်၊ ထင်းရှိန်နှင့် ကျင်းလုံတို့ ဖြစ်ကြပါသည်။

သူတော်သည် ကျင်းလုံတို့အား လိုဏ်ဂူအပြင်ဘက်သို့ ခေါ်ဆောင်သွားရန် သဘောတူလိုက်ပြီဖြစ်သည်။

ရွေးကြောပိတ်ခံထားရသော ထင်းရှိန်အား ကျင်းလုံက ကျောပိုးကာ ခေါ်ဆောင်လာခဲ့ရသည်။

သူတော်က စကားတပြောပြောဖြင့် မီးအိမ်ကိုလက်မှဆွဲကာ ရှေ့မှဦးဆောင် လာခဲ့လေသည်။

'ဆရာ့ကို လှပတဲ့အိမ်ကလေးတစ်လုံးမှာ ထားမယ်၊ စားသောက်ဖို့ လိုလေသေးမရှိအောင် စီစဉ်ပေးမယ်၊ ဒါပေမယ့် ဆရာဘယ်ကိုမှ ထွက်မသွားရဘူးနော်'

‘စိတ်ချပါကွာ၊ ငါဘယ်မှ ထွက်မသွားပါဘူး’

ထင်းရှိကလည်း သူတော်ကျေနပ်စေရန် ကတိအမျိုးမျိုး ပေးနေရပါတော့သည်၊

ရုတ်တရက် ကောင်းဖုံးက အမှောင်ရိပ်ထဲမှ ထွက်ပေါ်လာသောအခါ....

‘ဟာ....’

သူတော် အထိတ်တလန့် ဖြစ်သွားလေသည်၊

သူ၏ဦးနှောက်သည် သာမန်လူတစ်ယောက်ကဲ့သို့ ပုံမှန်အနေအထား မရှိလေသောကြောင့် မည်သို့စိတ်ကူးပေါက်သွားသည်မသိ၊ မီးအိမ်ကိုလွှတ်ချကာ ထွက်ပြေးသွားလေတော့သည်။

‘မပြေးနဲ့’

ကောင်းဖုံးက အော်ငေါက်လိုက်သော်လည်း သူတော်က အမှုမထားတော့ချေ၊

အမှောင်ရိပ်ထဲသို့ လှစ်ခနဲတိုးဝင်သွားပြီး ပျောက်ကွယ်သွားလေတော့သည်၊

ကောင်းဖုံးက လိုက်သွားရန် ဟန်ပြင်သောအခါ ထင်းရှိက ဟန့်တားလိုက်လေသည်၊

‘ခုချိန်မှာ သူ့နောက်ကိုလိုက်သွားမယ့်အစား ဒီနေရာက အမြန်ဆုံး ထိုးဖောက်ထွက်သွားတာ အကောင်းဆုံးပဲ’

ကောင်းဖုံး ကြောင်အမ်းအမ်းဖြစ်သွားသည်။

‘ခင်ဗျားတို့ဟာ....’



‘ကျုပ်တို့ဟာ မကောင်းဆိုးဝါးကောင်ရဲ့ အကျဉ်းသားတွေ ဖြစ်ခဲ့ကြတာပေါ့၊ သူ့နောက်ကိုလိုက်သွားရင် မှားလိမ့်မယ်၊ ခုချိန်မှာ သူ့ကို ဘယ်သူမှယှဉ်နိုင်ကြမှာ မဟုတ်ဘူး၊ ဒီနေရာက မြန်မြန်ထွက်သွားကြစို့’

ထင်းရှိက ထွက်သွားဖို့သာ တိုက်တွန်းနေပါတော့သည်၊ ကောင်းဖုံး လက်မခံပါချေ၊

‘မကောင်းဆိုးဝါးဟန်ဆောင်ပြီး သိုင်းလောကကို ဒုက္ခပေးနေတာ ဘယ်နည်းနဲ့မှ လက်ပိုက်ကြည့်မနေနိုင်ဘူး၊ သူ့ကိုရင်ဆိုင် ဆုံးမရမှာပဲ’

ထင်းရှိတို့အား အမှုမထားတော့ဘဲ သူတော်နောက်သို့ လိုက်သွားရန် ဟန်ပြင်လိုက်လေသည်၊

ထိုစဉ်....

‘ဟား....ဟား....ဟား’

ကျယ်လောင်သော ရယ်မောသံနှင့်အတူ သူတော် ပြန်လည်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်၊

....★....

သူတော်၏ရယ်မောသံသည် လိုက်ခေါင်းထဲ၌ ပဲ့တင်ထပ်နေလေသည်။

စိတ်မနှံ့သောသူတော်သည် ယခုပင်စိတ်ပြောင်းသွားကာ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ပေသည်။

ထင်းရှိ ထိတ်လန့်သွားသည်။

'ကျွင်းလုံ မြန်မြန်ပြေး'

ဟူ၍ အော်ပြောလိုက်သော်သည်း ကျွင်းလုံသည် ကြောင်တက်တက်ဖြစ်နေပြီး ထွက်ပြေးကာ။ခြင်း မရှိချေ။

ထင်းရှိ စိတ်ပျက်သွားလေတော့သည်။

ကောင်းဖုံးက အံတင်းတင်းကြိတ်ကာ ရှေ့သို့လှမ်းထွက်လိုက်သည်။

သူတော်မှာ အလွန်ကြောက်စရာကောင်းသူ ဖြစ်ကြောင်း သိထားပြီး ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

သူတော်ကား ဟားတိုက်ရယ်မောရင်း ခါးထောက်လိုက်သည်။

'မကောင်းဆိုးဝါးကောင်၊ သေချင်လို့ မင်းရောက်လာတယ်'

ကောင်းဖုံးကပင် မကောင်းဆိုးဝါးကောင်ဟူ၍ အော်ပေါက်လိုက်သေးတော့သည်။

ကောင်းဖုံး နှာခေါင်းရှုံ့လိုက်သည်။

'မကောင်းဆိုးဝါးကောင်က ဘယ်သူလဲ၊ သေသေချာချာ စဉ်းစားစမ်းပါဦး'

သူတော် မျက်မှောင်ကုတ်သွားသည်။



မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွား၏။

ချက်ချင်း ထင်းရှိကိုလက်ညှိုးညွှန်ကာ ပြောလိုက်သေးသည်။

'ကျုပ်ဟာ မကောင်းဆိုးဝါးကောင် မဟုတ်ဘူး၊ သူဟာ ကျုပ်ရဲ့ဆရာပဲ'

'ဟာ....'

ထင်းရှိ လွှတ်ခနဲအော်လိုက်လေသည်။

ကောင်းဖုံးက ထင်းရှိအား အမှုပထားဘဲ သူတော်ကိုသာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

သူတော် ပခုံးတွန့်လိုက်သည်။

'ကျုပ်ရဲ့ဆရာဟာ မကောင်းဆိုးဝါးကောင်ပါ'

'ကျုပ်က မင်းရဲ့ဆရာထက် မင်းကိုပိုပြီး စိတ်ဝင်စားတယ်'

ကောင်းဖုံး ခပ်ပြတ်ပြတ် ပြောလိုက်၏။

'ကျုပ်ကို'

'ဟုတ်တယ်'

သူတော် မျက်လုံးပြူးသွားသည်။

'ကျုပ်ကိုစိတ်ဝင်စားတယ် ဟုတ်လား၊ ဟင်း....ကျုပ်....ကျုပ်ဟာ သူတော်တစ်ယောက် ဖြစ်နေတာကိုး'

ဤတွင် သူတော်သည် စိတ်ပေဒနာ စွဲကပ်နေသူဖြစ်ကြောင်း ကောင်းဖုံး သဘောပေါက်သွားလေတော့သည်။

ထင်းရီ အော်ပြောလိုက်သည်။

'ဒီနေရာကမြန်မြန်ထွက်သွားစမ်း'

ကောင်းဖုံးသည် ယခုမှ ထင်းရီအား အကဲခတ်ကြည့်လိုက်မိ၏။

သူ အံ့ဩသွားသည်။

'ခင်....ခင်ဗျားဟာ ထင်းရီမဟုတ်လား'

ထင်းရီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....မင်းဟာ ထင်းကျွန်ဂိုဏ်းချုပ် ကောင်းဖုံးဆိုတာ မြင်တာနဲ့ ကျုပ်မှတ်မိပါတယ်'

'ခင်....ခင်ဗျား ဘယ်လိုဖြစ်ရတာလဲဗျာ'

ကောင်းဖုံးမှာ ထင်းရီ၏အဖြစ်ကို မယုံနိုင်အောင်ဖြစ်သွားသည်။

ထင်းရီ သက်ပြင်းချလိုက်လေသည်။

'မကောင်းဆိုးဝါးကောင်ကကျုပ်ကိုဒုက္ခပေးခဲ့တာပါဗျာ'

ကျင်းလုံသည် ကောင်းဖုံး မည်သူမည်ဝါဖြစ်ကြောင်း သိလိုက်ရလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့သည်။

သူ၏ရင်ထဲ တဒိန်းဒိန်းခုန်လာသည်။

မိဘများ သေဆုံးသွားရသည့်ကိစ္စတွင် အဓိကတရားခံကြီးကို တွေ့ရပြီဖြစ်သည်။

ချက်ချင်းပင် တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာတော့၏။



သို့သော် အခြေအနေအရ ဒေါသစိတ်ကို ချုပ်ထိန်းထားလိုက်ရလေသည်။

ကောင်းဖုံးသည် ထင်းရီအား တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသော်လည်း ထင်းရီ ဒုက္ခရောက်နေသည်ကို တွေ့ရသောအခါ စိတ်မကောင်းဖြစ်သွားရလေသည်။

သူတို့နှစ်ယောက် သိကျွမ်းနေသည်ကိုမြင်လျှင် သူတော်က မျက်လုံးပြူး၍ကြည့်နေ၏။

ထင်းရီက အခြေအနေမဟန်သည်ကိုမြင်လျှင်....

'မင်းတော့ မသွားသေးဘူးလား'

ခပ်တည်တည်ဖြင့် သူတော်အား အော်ပေါက်လိုက်၏။

သူတော် ကြောင်အမ်းအမ်းဖြစ်သွားကာ....

'ဟုတ်...ဟုတ်ကဲ့'

ပြောရင်း တဖျာကသာပြေးထွက်သွားတော့၏။

သူတော်ထွက်အသွားသည်ကိုမြင်လျှင် ထင်းရီဝမ်းသာအားရဖြစ်သွားကာ....

'ကျုပ်တို့လဲ မြန်မြန်သွားရအောင်'

ကောင်းဖုံးအား လောဆော်လိုက်လေသည်။

ကောင်းဖုံး ခေါင်းခါယမ်းလိုက်၏။

'ကျုပ်သွားလို့မဖြစ်သေးဘူး'

'ဟင်....'

'သူတော်ဟာ စစ်လိုန်တောင်မှာ သိုင်းလောကသားတွေကို ဒုက္ခပေးနေတဲ့ မကောင်းဆိုးဝါးကောင်ဆိုတာ ကျုပ်သိတယ်၊ ဒါကြောင့် သူ့နောက်ကိုလိုက်သွားပြီး ရင်ဆိုင်ရလိမ့်မယ်....'

'မဖြစ်ဘူး'

ထင်းရိ အထိတ်တလန့်ဖြစ်သွားသည်။

'ကောင်းပိုး ကျုပ်ဟာညံ့တဲ့လူတစ်ယောက်မဟုတ်ပါဘူး၊ ဒါပေမယ့် ခုလို ဒုက္ခိတဘဝရောက်နေတာ ဘာကြောင့်လဲ၊ သူတော်ဟာ တာမိုသိုင်းကျမ်းကို လေ့ကျင့်အောင်မြင်ခဲ့ပြီးပြီ၊ သူဟာ ရူးသွပ်နေသူတစ်ယောက်လဲဖြစ်တယ်၊ ခုချိန်မှာသူ့ကို ဘယ်နည်းနဲ့မှရင်ဆိုင်နိုင်မှာ မဟုတ်ဘူး'

ကောင်းဖိုး ပြုံးလိုက်သည်၊

'ကျုပ် သဘောပေါက်ပါတယ်ဗျာ၊ သတိပေးတာကိုလဲ ကျေးဇူးတင်ပါတယ်၊ဒါပေမယ့်သူ့စိတ်ထင်ရာမလုပ်နိုင်အောင် ဟန့်တားမှဖြစ်မယ်'

'ခင်ဗျား....'

'ကျုပ်အတွက် မပူပါနဲ့ဗျာ'

ထင်းရိ မည်သို့ပြောရမှန်း မသိတော့ပါ။

'ကဲ....ကျုပ် အချိန်မီလိုက်သွားဦးမယ်'



ကောင်းဖိုးသည် သူတော်ထွက်သွားရာဘက်သို့ တဟုန်ထိုး ပြေးလွှားသွားလေတော့သည်။

ကျင်းလုံသည် လိုက်သွားရန်ဟန်ပြင်လိုက်မိ၏။

သို့သော် ထင်းရိ ရှိနေသေးသဖြင့် ဘာမျှမတတ်သာတော့ပါ။

'ကဲ....တို့လဲ သွားရအောင်'

ထင်းရိကပြောလာသောအခါ ကျင်းလုံသည် လိုဏ်ဂူအပြင်ဘက်ထွက်သည့်လမ်းသို့ မျက်နှာမူလိုက်ရလေတော့သည်။

★

## တကွဲတပြား

---

အေးမြသောညလေများက သုန်သုန်ညှင်းညှင်း တိုက်ခတ်နေပါသည်။

ကောင်းကင်ပေါ်တွင် လဝန်းနှင့် ကြယ်ကလေးများရှိနေသည်။

ကျင်းလုံနှင့် ထင်းရိုတို့သည် လိုဏ်ဂူအပြင်ဘက်သို့ရောက်ရှိလာကြပြီ ဖြစ်ပါသည်။

ကျင်းလုံက ထင်းရိုကို မြေပေါ် ချလိုက်သည်။

'ကျွန်တော်ကို ခွင့်လွှတ်ပါခင်ဗျာ'

လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်ရင်း ချာခနဲလှည့်လိုက်၏။

ထင်းရို ကြောင်အမ်းအမ်းဖြစ်သွားသည်။

'မင်း ဘယ်သွားမလို့လဲ'

'ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စရှိလို့ ခွင့်ပြုပါခင်ဗျာ'



ကျင်းလုံသည် ထိုမျှသာပြောပြီး လိုဏ်ဂူထဲပြေးဝင်သွားလေတော့သည်။

'ကျင်းလုံ... ကျင်းလုံ'

ထင်းရိုအော်ခေါ်လိုက်သော်လည်း ကျင်းလုံက မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

လိုဏ်ဂူအတွင်းသို့ ရိုပ်ခနဲ ပြေးဝင်သွားပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ထင်းရို နားမလည်နိုင်အောင် ဖြစ်သွားသည်။

'ဒီကောင်လေး ဘယ်လိုဖြစ်သွားတာလဲ၊ လိုဏ်ဂူထဲမှာ ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ မသိဘူးလား'

ကျင်းလုံမရှိတော့သဖြင့် သူလည်းထွက်သွားဖို့မလွယ်တော့ပါချေ။

သွေးကြော ပိတ်ခံထားရသဖြင့် ခြေထောက်များ မလှုပ်ရှားနိုင်အောင် ဖြစ်နေသည်။

ခန္ဓာကိုယ် အောက်ပိုင်းသေနေသည့်ဒုက္ခိတ တစ်ယောက်ပမာ ရှိနေပါသည်။

မည်သို့ဆိုစေ ထင်းရိုသည်အားလျှော့တတ်သူတစ်ယောက် မဟုတ်ပါချေ။

လက်နှစ်ဖက်ကိုအားပြုကာ လိုဏ်ဂူပေါက်အနီးမှထွက်ခွာသွားရန် ကြိုးစားလိုက်လေသည်။

တစ်လှမ်း....

နှစ်လှမ်း....

သုံးလှမ်း....

ထင်းရှိ၏ကြိုးပမ်းမှုသည် တဖြည်းဖြည်းအရာထင်လာ၏၊ တဖြည်းဖြည်းနှင့် ဝါးတရိုက်ခန့်အကွာအဝေးသို့ ရောက်ရှိလာလေသည်။

ထင်းရှိ အားတက်သွားသည်၊

သွေးကြောအပိတ်ခံရ၍ အတွင်းအား အသုံးပြုမရနိုင်သည့်တိုင် ခွေးဘဒီးဒီးကျအောင် ခွန်အားစိုက်ကာ လှုပ်ရှားလိုက်ရာ တဖြည်းဖြည်း ဝေး၍ဝေး၍သွားလေတော့သည်၊

ထင်းရှိ ဝမ်းသာနေမိသည်၊

လူတော်၏ အကျဉ်းသားဘဝမှ လွတ်မြောက်လာခဲ့ပြီ မဟုတ်ပါလား။

သိုင်းလောကသားများနှင့်တွေ့လျှင် သူ့အား ကယ်တင်သွားမည်မှာ သေချာလှပေသည်၊

သိုင်းလောကကိုရောက်လျှင် သွေးကြောပိတ်ခံထားရသည့် ဝေဒနာကို ကုသပေးနိုင်မည့်သူများ ရှိလိမ့်မည်ဖြစ်သည်၊

ထင်းရှိသည့် လက်နှစ်ဖက်ကိုအားပြုကာ ထွက်လာခဲ့ရာ သစ်ပင်ချုံနွယ်များ၊ မြက်ပင်ရှည်များကြားတို့ ရောက်ရှိလာလေသည်၊

လရောင်ဖြင့် အေးမြသောညချမ်းသည် သာသာယာယာ ရှိနေပါသည်၊

ထင်းရှိ မြက်ပင်ရှည်များကြားသို့ ရောက်ရှိသွားချိန်၌…

'ခေါင်ခေါင်….ခေါင်ခေါင်'

ချိုလွင်သာယာသော ခေါင်းလောင်းသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်၊



'ဟင်….'

ထင်းရှိ အံ့သြသွားသည်၊

ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ်ကြည့်လိုက်သောအခါ မသုမ်းမကမ်း၌ ပျက်စီးယိုယွင်းနေသော ဘုံကျောင်းပျက်လေးရှိနေသည်ကို တွေ့လိုက်ရ၏။

သိုင်းလောကတစ်ခုလုံး အထိတ်တလန့် ဖြစ်စေခဲ့သည်၊ စစ်လိန်တောင်မှ ဘုံကျောင်းပျက်လေးအနီးသို့ ရောက်ရှိလာခြင်းပေတကား။

'လက်စသတ်တော့ ဘုံကျောင်းပျက်လေးအနီးကို ရောက်နေတာကိုး'

ဘုံကျောင်းပျက်အောက်ဘက်၌ လျှို့ဝှက်မြေအောက်ခန်းနှင့် လျှို့ဝှက်လိုဏ်ဂူလမ်းများ ရှိနေသည်ကို သူသိရှိထားပြီးဖြစ်ပါသည်၊

ခေါင်းလောင်းသံကို ကြားရသဖြင့် သိုင်းလောကသားများသည် စစ်လိန်တောင် မကောင်းဆိုးဝါးအား ချေမှုန်းရန် ဆက်လက်ကြိုးစားလျက်ရှိကြောင်း ထင်ရှားနေပါတော့သည်၊

သိုင်းလောကသားများနှင့် တွေ့ရတော့မည် ဖြစ်ရကား ထင်းရှိသည် ကြိုးစား၍ ရှေ့တိုးသွားလိုက်လေသည်၊

ဘုံကျောင်းပျက်နှင့် နီး၍နီး၍လာသည်၊

မြက်ပင်များကြားမှ ကြေးခေါင်းလောင်းကြီးကို တွေ့မြင်လိုက်ရလေသည်၊

ထိုအမြင် ခေါင်းလောင်းထိုးနေသူ တစ်ယောက်ကို သည်း
တွေ့လိုက်ရသည်ဖြစ်ရာ....

'ဟင်....'

ထင်းရီ ပါးစပ် အဟောင်းသား ဖြစ်သွားတော့သည်၊

ထိုလူကား အဖြူရောင်ဝတ်ဆင်ထားသော သူတော်ဖြစ်
နေပါသည်၊

'သူတော်'

ထင်းရီ လွှတ်ခနဲခေါ်လိုက်မိလေသည်၊

သူ၏အသံကြောင့် သူတော် ချာခနဲလှည့်ကြည့်လာသည်၊
ချက်ချင်းပင် ထင်းရီအနီးသို့ ရိပ်ခနဲရောက်ရှိလာတော့
သည်၊

'သေပေတော့'

သူတော်သည် ထင်းရီအား လက်ဝါးဖြင့်ရိုက်ချရန် ဟန်
ပြင်လိုက်၏၊

'မလုပ်နဲ့'

ထင်းရီ ရင်ထိတ်ထိတ် လွှတ်ခနဲအော်ဟစ်လိုက်၏၊

သူတော်သည် ထင်းရီ၏အသံကိုကြားလျှင် ကြောင်အမ်း
အမ်းဖြစ်သွားကာ လက်ဝါးကို ပြန်လည်ရုတ်သိမ်းလိုက်၏၊

'ဆရာပါလား'

'ဟုတ်....ဟုတ်တယ်'

ထင်းရီ ကပျာကယာ ပြောလိုက်သည်၊



'ဆရာ....ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်လာတာလဲ၊
ဆရာရယ်....တော်ကြာ သိုင်းလောကသားတွေ ရောက်
လာရင် ဒုက္ခရောက်တော့မှာပဲ၊ လာ....လာ'

သူတော်သည် ထင်းရီအား လက်ဆွဲခေါ်သွားလေသည်။
ထင်းရီမှာ သူတော်၏လက်ထဲ၌ ကြက်ကလေးငှက်ကလေး
တစ်ကောင်ပမာ ဆွဲခနဲပါသွားလေသည်၊

ထိုစဉ်....

'မြန်မြန်လာကြဟေ့'

လှမ်းမကမ်းမှ အော်ပြောသံများ၊ ပြေးလွှားလာသော
ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်၊

သိုင်းလောကသားများ ရောက်ရှိလာကြပြီ ဖြစ်ပါသည်။

'ဒုက္ခပဲ'

ထင်းရီ လွှတ်ခနဲ ညည်းတွားလိုက်မိသည်၊

သိုင်းလောကသားများမှာ သူတော်နှင့်တွေ့လျှင် ဒုက္ခ
ရောက်ရတော့မည် မဟုတ်ပါလား၊

ထိုအချိန်မှာပင်....

'ဟိုမှာဟေ့....ဟိုမှာ'

'မကောင်းဆိုးဝါးကောင်ဆိုတဲ့ သူတော်ကို မလွှတ်စေနဲ့'

'တိုက်ကြဟေ့'

သိုင်းလောကသားများသည် ညာသံပေးကာ ပြေးဝင်
လာကြ၏။

စစ်လိပ်တောင်၌ မကောင်းဆိုးဝါးကောင်အဖြစ် သောင်းကျန်းနေသူမှာ သူတော်ဖြစ်ကြောင်း သိုင်းလောကသားများ သိရှိသွားကြပြီဖြစ်သည်။

ရှောင်လင်၊ ဝူတန်၊ ကူဒီ၊ ငိုမီအစရှိသော ထိပ်သီးသိုင်းဂိုဏ်းကြီးများမှသည်း စစ်လိပ်တောင်ပြဿနာများကို လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ လက်ရွေးစင်သိုင်းသမားများ စေလွှတ်လိုက်ပြီ ဖြစ်သည်။

သူတော် ခြေလှမ်းရပ်လိုက်၏။

'ဆရာ....ဆရာကြောင့် ဒုက္ခပါပဲ၊ ဒီလူတွေ ဆရာကိုဒုက္ခမပေးနိုင်အောင် ကျုပ်ဆုံးမလိုက်ဦးမယ်'

ထင်းရှိအား သစ်ပင် တစ်ပင်အောက်၌ချပေးပြီး ပြေးလိုက်လာကြသည့် သိုင်းသမားများနှင့် ရင်ဆိုင်လိုက်လေသည်။

သိုင်းသမားများသည် သူ့ဘော်မှာ အလွန်ကြောက်မက်ဖွယ်ကောင်းသူ ဖြစ်ကြောင်း သိထားရကား လက်ဦးမှုရယူကာ အပြင်းအထန် တိုက်ခိုက်လိုက်ကြလေသည်။

ကြယ်ရောင်လရောင်အောက်၌ ဓားရောင်များ၊ လှံရောင်များ ဖွေးဖွေးလှုပ်သွား၏။

သူတော်ကလည်း မကြောက်မရွံ့ ပြန်လည်တိုက်ခိုက်လိုက်သည်။

'ဝုန်း....'

'အား...'

'အမယ်လေး....'



သေပါပြီဗျ....'

စူးရှသောအော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာသည်။

သူတော်က တာမိုသိုင်းကျမ်းမှ သိုင်းပညာများ ထုတ်ဖော်လိုက်သည်နှင့် သိုင်းလောကသားများ ဖရိုဖရဲဖြစ်သွားကြလေတော့သည်။

'ဟား....ဟား....ဟား'

သူတော်သဘောကျစွာရယ်မောလိုက်သည်။

ထင်းရှိဘက်သို့လှည့်ကာပြောလိုက်သည်။

'ဆရာ ဘာမှမပူနဲ့ သူတို့ဆရာကိုဒုက္ခမပေးနိုင်တောင်ကျုပ်က ဟန့်တားနိုင်ပါသေးတယ်ဗျာ'

ထင်းရှိမျက်နှာပျက်သွားလေသည်။

သူတော်၏လက်ချက်ဖြင့် သိုင်းလောကသားများ သေဆုံးရသည်ကမနည်းတော့ပေ။

သူတော်အားဟန့်တားနိုင်ခြင်းမရှိပါလျှင် သိုင်းလောကပျက်စီးသွားဖို့ သေချာနေတော့သည်။

'သူတော် မင်းရဲ့လုပ်ရပ်တွေကို ရပ်တန်းက ရပ်ပါတော့'

'ဗျာ....'

'သိုင်းလောကသားတွေကို ဆက်ပြီးမတိုက်ခိုက်ပါနဲ့တော့ မင်းကြောင့် အားလုံးဒုက္ခရောက်နေကြပြီ'

'ဘာဗျ....'

သူတော် ဒေါပွသွားလေသည်။

'ကျုပ်ကြောင့်ဒုက္ခရောက်ရတာလား ဆရာ့ကြောင့် ဒုက္ခရောက်ရတာလား'

'သူတော် မင်းရူးနေပြီ'

'ဘာ... ဘာ ကျုပ်က ရူးနေတာလား ခင်ဗျားက ရူးနေ
တာလား'

'မင်းကွ မင်း'

ထင်းရှိလည်း ဒေါသထွက်လာကာ အော်ပြောလိုက်လေ
သည်၊

'ငါဟာ မင်းရဲ့ ဆရာမဟုတ်ဘူး၊ မင်းရဲ့ ဆရာ အဂ္ဂိရှတ်ဆို
တိုက်ကြီးက သေသွားပြီ၊ မင်းရူးသွပ်နေလို့သာ ငါ့ကိုမင်းရဲ့ဆရာ
လို့ထင်နေတာ'

'ခင်... ခင်ဗျား'

'သူတော် မင်းကိုဆိုးမဖို့ ငါလာခဲ့တာပဲ၊ မင်းသတ္တိရှိရင်
ငါ့ရဲ့ သွေးကြောကိုဖွင့်ပေးစမ်း'

သူတော် မျက်မှောင်ကုပ်သွားသည်၊

ထင်းရှိအား အတန်ကြာအောင် စိုက်ကြည့်လိုက်ပြီး
ခေါင်းညိတ်လိုက်၏၊

'ကောင်းပြီ'

သူ၏လက်တစ်ဘက် လှုပ်ရှားလိုက်သော အခါ ပိတ်ဆို့
ထားသောထင်းရှိ၏ သွေးကြောများကို ဖွင့်ပေးလိုက်ပြီးသား
ဖြစ်သွားလေတော့သည်၊

ထင်းရှိ ဝမ်းသာသွားသည်၊

'လူယုတ်မာ သေဖို့သာပြင်ထား'

အော်ခေါက်ကာ တိုက်ခိုက်ရန် ကြိုးစားလိုက်သောအခါ
အချိန်ကြာမြင့်စွာ သွေးကြောပိတ်ခံထားရသဖြင့် ချက်ချင်း



တိုက်ကွက်ဖော်ထုတ်နိုင်စွမ်းမရှိဖြစ်ခဲ့ရလေသည်၊

ထို့နောက်....

'တိုက်ကြလေ'

'အား ...'

ပြေးလွှား ရောက်ရှိလာကြသော သိုင်းလောကသားများ
က သူတော်ထံသို့ အဟုန်ထိုး ဝင်ရောက် တိုက်ခိုက်ကြလေ
သည်၊

သူတော်သည် ထင်းရှိအား အမှုမထားနိုင်တော့ဘဲ သိုင်း
လောကသားများအား ပြန်လည်ရင်ဆိုင်လိုက်ရလေသည်၊

ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာပြန်သည်၊

'ဝုန်း....'

'အား....'

'အမလေး....'

'သေပါပြီဗျ'

အသံနက်ကြီးများ ထွက်ပေါ်လာသည်၊

သူတော်၏ လက်ချက်မိသွားကြသော သိုင်းလောကသား
များသည် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြတော့
သည်၊

သူတော်သည် တဟားဟားရယ်မောရင်း ထင်းရှိဘက်သို့
ပြန်လှည့်လိုက်၏၊

'ဟင်...'

သူတော် ကြောင်အမ်းအမ်းဖြစ်သွား၏။

ထင်းရှိမှာပျောက်ချင်းမလှပျောက်ကွယ်သွားခြင်းကြောင့် ဖြစ်သည်။

ထင်းရှိမည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

'ဆရာ....ဆရာ'

သူတော်သည် တကြော်ကြော် ဟစ်အော်ကာ ပြေးထွက်သွားလေတော့သည်။

—★—

## ထူးတူးဆန်းဆန်း

ကျွန်းလုံမှာ လိုဏ်ဂူအတွင်းသို့ ပြန်၍လည်း ရောက်ရှိလာပြီ ဖြစ်ပါသည်။

သူ၏ မိဘများ သေဆုံးသွားသည့် အခါက လက်ညှိုး တရားခံ ကောင်းဖိုးအား တွေ့သိုက်ရပြီးနောက် ဒေါသကို မထိန်းနိုင်တော့ဘဲ တိုက်ခိုက်ရန်ဆုံးဖြတ်လိုက်လေသည်။

ထင်းရှိအား ဘေးကင်းရာ လိုဏ်ဂူအပြင်ဘက်သို့ပို့ ဆောင်ပေးပြီးသည်နှင့် လိုဏ်ဂူထဲသို့ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

ကောင်းဖိုးသည် လိုဏ်ဂူထဲ၌ သူတော်အား လိုက်လံရှာဖွေနေသည်။

ကျင်းလုံကလည်း ကောင်းဖုံးအား လိုက်လံရှာဖွေလိုက်လေသည်။

လိုဏ်ဂူလမ်းများကား ရှုပ်ထွေးပွေလီနေသည်။

ဂူရှိနံမှ သလင်းကျောက်များ၏ အလင်းရောင်ကြောင့် အလင်းရောင်ရရှိနေခဲ့၍ တော်ပေသေးသည်။

ကျင်းလုံသည် တစ်လမ်းဝင်တစ်လမ်းထွက် လိုက်လံရှာဖွေရင်း နောက်ဆုံး မည်သည့်ဂူပေါက်လမ်းမှ ဝင်ရောက်လာခဲ့မိသည်ကိုပင် မသိနိုင်အောင်ဖြစ်သွားရလေတော့သည်။

ရှုပ်ထွေးပွေလီလှသော လိုဏ်ဂူပေါက်များကြား၌ မျက်စိလည်ကာ တလည်လည်ဖြစ်နေရပါတော့သည်။

'ဒုက္ခပါပဲ'

ကောင်းဖုံးအား တိုက်ခိုက်လိုစိတ်ဖြင့် လိုက်လာခဲ့သော ကျင်းလုံမှာ အခက်အခဲကြုံလာရတော့သည်။

ဟိုဟိုသည်သည်သွားရင်း ဝဲဘက်တစ်ခုနေရာမှ အသံဗလံတချို့ထွက်ပေါ်လာသည်ထင်လိုက်မိ၏။

'လူယုတ်မာကြီး'

ထိုနေရာဘက်၌ ကောင်းဖုံးရှိနေလိမ့်မည်ဟု ယူဆကာ ချက်ချင်း ပြေးသွားလိုက်လေသည်။

လိုဏ်ဂူလမ်းလေးဆုံးသွားလျှင် သလင်းကျောက်များ ထူပြောစွာရှိနေခြင်းကြောင့် ထိန်ထိန်လင်းနေသည့် ကျောက်အခန်းကြီးတစ်ခုအတွင်းသို့ ရောက်ရှိသွားလေသည်။

ထိုအခန်းသို့ ရောက်လျှင်....

'ဟာ....'



မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ကျင်းလုံ လွှတ်ခနဲအော်လိုက်မိလေသည်။

အခန်း၏ လေးဘက်လေးတန် ကျောက်သားနံရံများကား ညီညာချောမွေ့နေသည်။

ထိုနံရံများပေါ်၌ သိုင်းဟန်ဆင်နေသော လူရုပ်ပုံများကို ရေးထွင်းထားသည်ကို အတိုင်းသား တွေ့မြင်ရလေသည်။

ကျင်းလုံ မှင်တက်မိကာ ငေးကြည့်နေမိတော့သည်။

သိုင်းရုပ်ပုံများကား ကိုယ်နေဟန်ထား အသွယ်သွယ်ရှိကြပြီး ထူးခြားထက်မြက်သော သိုင်းပညာရပ်အား ဖော်ဆောင်ထားခြင်းဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကျင်းလုံသည် ကောင်းဖုံးကိုပင် တဒင်္ဂမေ့လျော့သွား၏။

သိုင်းရုပ်ပုံများကို ငေးမောကြည့်ရင်း တစ်ခုနှင့်တစ်ခုဆက်စပ်ကာ သိုင်းကွက်ဖော်ကြည့်နေပါ၏။

အချိန်မည်မျှ ကုန်ဆုံးသွားသည်ကိုပင် မသိနိုင်ပါတော့ချေ။

သူ၏စိတ်အာရုံသည် သိုင်းရုပ်ပုံများကြား၌ နစ်မျောသွားခဲ့လေတော့သည်။

....★....

သူတော်...

သူတော် မည်သည့်နေရာသို့ ရောက်နေသွားမှန်း မသိပါ၊ ကောင်းဖုံးသည် အန္တရာယ်များမှန်း သိသော်လည်း သူတော်ကိုရင်ဆိုင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

သတိကြီးစွာထားရင်း လိုဏ်ဂူထဲ၌ လိုက်လံရှာဖွေလိုက်သည်။

လိုဏ်ဂူလမ်းများကား အစိတ်စိတ်အမွှာမွှာ ပင့်ကူအိမ်များသဖွယ် ရှုပ်ထွေးပွေလီလှပါတော့သည်။

အတန်ကြာ ရှာဖွေလိုက်မိသော်လည်း သူတော်၏အရိပ်အယောင်ကိုပင် မတွေ့ရပါချေ။

သူတော် မည်သည့်နေရာ ရောက်ရှိသွားပါသနည်း။

ကောင်းဖုံး စိတ်မရှည်တော့ပါ။

'သူတော်...မင်းထွက်ခဲ့စမ်း'

သူ၏အသံသည် လိုဏ်ဂူအတွင်း၌ ပဲ့တင်ထပ်အော ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သို့သော် သူတော်၏တုန့်ပြန်သံ မကြားရပါချေ။

'သူတော်...မင်းဘယ်မှာလဲ၊ မင်းကိုဆုံးမဖို့ ကျုပ်လိုက်လာတာလေ'

ယခုတစ်ကြိမ်...

မလှမ်းမကမ်းတစ်နေရာမှ အသံဗလံအချို့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'သူတော်...မင်းဘယ်ပြေးမလဲ'

ကောင်းဖုံးသည် ချက်ချင်းပင် အသံထွက်ပေါ်လာရာသို့ ပြေးသွားလိုက်လေသည်။



'တူး....'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်။

ကောင်းဖုံးသည် လိုဏ်ဂူလမ်းအတိုင်း ပြေးသွားရင်း တစ်ခဏအကြာတွင် အရှေ့ဘက်၌ လရောင်များတိုးဝင်နေသည့် လိုဏ်ဂူပေါက်ရှိနေသည်ကို တွေ့ရလေ၏။

အသံဗလံများသည် လိုဏ်ဂူအပြင်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

ကောင်းဖုံးက ဂူအပြင်ဘက်သို့ ပြေးထွက်လိုက်သောအခါ တိုက်ခတ်နေသော ညလေအေးများကြောင့် တစ်ကိုယ်လုံး အေးစိမ့်သွားလေသည်။

ဂူအပြင်ဘက်ရောက်သွားပြီး ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ ဂူပေါက်ဆီသို့ ချီတက်လာနေသည့် လူနှစ်ယောက်ကို တွေ့လိုက်ရလေသည်။

'ဟင်....'

ကောင်းဖုံး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သူတော်အား တွေ့ရလိမ့်မည်ဟု ထင်မှတ်ထားသော်လည်း မမျှော်လင့်ဘဲ လူစိမ်းနှစ်ယောက်အား တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူနှစ်ယောက်ကား ချောမောလှပသည့် မိန်းကလေးတစ်ယောက်နှင့် ထိတ်လန့်စရာကောင်းအောင် အရုပ်ဆိုးအကြည်းတန်နေသော အမျိုးသမီးကြီးတစ်ယောက်တို့ ဖြစ်ပါတော့သည်။

ကျောင်းလုံအားကူညီခဲ့သည့် ရုပ်ဆိုးအမျိုးသမီးနှင့် ရွှေကျိုးဂိုဏ်းမှ သခင်မလေး တုတုဖုံးတို့ ဖြစ်ကြပါသည်။

တုတုဖုံးသည် ညလူ၏ ကောက်ကျစ်သော အကြံအစည်ကြောင့် စိတ်ပြောင်းရနံ့ ကိုရှူရှိုက်မိကာ ကျောင်းလုံနှင့်မှောက်မှားမိခဲ့ကြသည်။

သူမသည် အရှက်ကြီးရှက်ကာ ထွက်ပြေးသွားခဲ့ပြီး ကိုယ့်ကိုကိုယ် အဆုံးစီရင်ရန် ကြံရွယ်ခဲ့ရာ ရုပ်ဆိုးအမျိုးသမီးက ကယ်တင်ထားခဲ့ခြင်း ဖြစ်ပါတော့သည်။

ရုပ်ဆိုးအမျိုးသမီးသည် တုတုဖုံးအား ချော့မော့ဖျောင်းဖျပြီး တာမိုသိုင်းကျမ်းအား ဆက်လက်ရှာဖွေရန် တိုက်တွန်းခဲ့သည်။

တုတုဖုံးလည်း တဖြည်းဖြည်းလက်ခံလာပြီး မူလရည်ရွယ်ချက်အတိုင်း တာမိုသိုင်းကျမ်းအား ရှာဖွေရန် ဆုံးဖြတ်ခဲ့လေသည်။

နှစ်ယောက်သား ဘုံကျောင်းပျက်ကလေး အနောက်ဘက်သို့ ဦးတည်လာခဲ့ကြရင်း မမျှော်လင့်ဘဲ ကောင်းဖုံးနှင့် ဆုံတွေ့မိလိုက်ခြင်း ဖြစ်ပါတော့သည်။

ကောင်းဖုံးရော ရုပ်ဆိုးမပါ ခြေလှမ်းရပ်သွားပြီး တစ်ယောက်ကိုတစ်ယောက် အကဲခတ်ကြည့်လိုက်ကြသည်။

ကောင်းဖုံးက ရုပ်ဆိုးမကိုလည်းကောင်း၊ တုတုဖုံးကိုလည်းကောင်း မသိပါချေ။

တုတုဖုံးကား ကောင်းဖုံးမှာ ထင်းကျန့်ဂိုဏ်းချုပ် ဖြစ်ကြောင်း သိထား၏။



သူမ၏ဖခင်က မင်္ဂလာပွဲကိုစီစဉ်ခြင်းကို သူမက ကောင်းဖုံး၏ အဓမ္မတောင်းဆိုမှုကြောင့် ဖြစ်ရသည်ဟု ယုံကြည်သွားလေသည်။

ထို့ကြောင့်လည်း ကောင်းဖုံးအား ရင်ဆိုင်နိုင်ရန် တာမိုသိုင်းကျမ်းအား ရှာဖွေနေခြင်း ဖြစ်ပါတော့သည်။

တုတုဖုံးသည် ကောင်းဖုံးအား တွေ့လိုက်ရသည်နှင့် ဒေါသထောင်းခနဲထွက်သွားကာ....

'ယား....'

ညာသံပေးရင်း စတင်တိုက်ခိုက်လိုက်လေသည်။

သို့သော်....

'မလုပ်နဲ့'

ရုပ်ဆိုးမက ချက်ချင်းဟန့်တားလိုက်၏။

တုတုဖုံး မကျေမနပ်ဖြစ်သွားသည်။

'ဒေါ်ဒေါ် ဘေးကိုဖယ်ပါ'

ရုပ်ဆိုးမ ခေါင်းခါယမ်းလိုက်သည်။

'မင်း သူ့ကိုတိုက်ခိုက်လို့မဖြစ်ဘူး'

'ဆို....ဘာကြောင့်မဖြစ်ရမှာလဲ၊ သူဟာကျွန်မတို့ မိသားစုရဲ့ဘဝကို ဖျက်ဆီးမယ့် လူယုတ်မာတစ်ယောက်ပဲရှင့်'

'ဟင်...'

ကောင်းဖုံးကြောင်အမ်းအမ်းဖြစ်သွားသည်။

တုတုဖုံးအား မျက်မှောင်ကုပ်ကာကြည့်လိုက်သည်။

'မိန်းကလေး ဘယ်လိုပြောလိုက်တာလဲ၊ ကျုပ်ဟာ မင်းတို့မိသားစုရဲ့ဘဝကို ဖျက်ဆီးနေတဲ့သူတစ်ယောက်ဟုတ်လား၊'

'ဟုတ်တယ် ရှင်ဟာကိုယ့်ရဲ့အသက်အရွယ်ကိုမှ မထောက်ထားဘဲ ကျွန်မရဲ့အဖေကို အကြပ်ကိုင်ခဲ့တယ် မဟုတ်လား၊ ရှင့်ကြောင့် ကျွန်မအဖေ ဘယ်လောက် စိတ်ဆင်းရဲရသလဲဆိုတာ ရှင်သိသလား'

တောင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်သေးဘူး မင်းကိုကျုပ် မသိဘူး၊ ဘာမှဒုက္ခပေးစရာအကြောင်းမရှိဘူး၊ နေပါဦး မင်းရဲ့အဖေဟာ ဘယ်သူများလဲ ပြောစမ်းပါဦး'

'ကျွန်မအဖေဟာ....'

တုတုဖုံးက ဒေါသတကြီးဖြင့် ပြောချရန်ဟန်ပြင်လိုက်စဉ်မှာပင် ရှပ်ဆိုးမက ဟန့်တားလိုက်လေသည်။

'မိန်းကလေး ခုချိန်မှာ မင်းရဲ့ ရည်ရွယ်ချက်တွေ ပြည့်ဝသေးတာမဟုတ်ဘူး၊ ဒါကြောင့်ဘာမှ ပြောပြစရာမလိုဘူး၊ အချိန်မတန်သေးဘူးဆိုတာကို မင်းနားလည် သဘောပေါက်ရလိမ့်မယ်'

တုတုဖုံးတွေဝေသွားသည်။

သူမ ဒေါသဖြစ်နေပါသော်လည်း တောင်းဖုံးအား ယုံနိုင်မည်မဟုတ်ကြောင်း နားလည်ထားသည်။



တောင်းဖုံးက သူမအားသိရှိမထားခြင်းက အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု ဆင်ခြင်မိလိုက်သည်။

ထို့ကြောင့် ဆက်မပြောဘဲ နေလိုက်လေတော့သည်။

တောင်းဖုံး မကျေမနပ်ဖြစ်သွား၏။

'မိန်းကလေး ကျုပ်ကိုဘာကြောင့် မတရားစွပ်စွဲနေတယ်ဆိုတာကို ရှင်းပြရလိမ့်မယ်'

ဤတွင် ရှပ်ဆိုးမက ကြားဝင်လိုက်လေသည်။

'ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မရဲ့တူမလေးဟာ လူမှားပြီးပြောဆိုမိတာကို ခွင့်လွှတ်ပါ'

တောင်းဖုံး မျက်မှောင်ကုတ်သွားသည်။

'ပေါက်တတ်တော့ လူမှားတာကား၊ ဒါထက်မင်းတို့စစ်လိမ်ဆောင်ကို ဘယ်လိုအကြောင်းကိစ္စနဲ့ရောက်လာကြတယ်ဆိုတာ ပြောပါဦး'

ရှပ်ဆိုးမက ခေါင်းညိတ်လိုက်သည်။

'စစ်လိမ်ဆောင်မှာ မကောင်းဆိုးဝါးတစ်ကောင်ခိုအောင်းနေတယ် ဆိုတဲ့ သတင်းကြောင့် ရောက်လာခဲ့ကြတာပါရှင်'

တောင်းဖုံးသည် ရှပ်ဆိုးမနှင့်တုတုဖုံးတို့အား သေသေချာချာအကဲခတ်ကြည့်လိုက်သည်။

အတော်ကြာလေးကြာမှ...

'မကောင်းဆိုးဝါးကောင်နဲ့ ပတ်သက်နေတဲ့ တာမိုသိုင်းကျမ်းကို လာရှာကြတာမဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

တုတုဖုံးက ရှင်နှင့်မဆိုင်တူ ပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် ရှပ်ဆိုးမက ဝန်ခံလိုက်သဖြင့် မပြောသာအောင်ဖြစ်သွားလေတော့သည်။

ကောင်းဖုံးသက်ပြင်းချလိုက်၏။

'စစ်လိန်တောင်မကောင်းဆိုးဝါးကို တကယ်တမ်း သုတ်သင်ရှင်းလင်းပစ်ချင်တဲ့လူဟာ လက်တစ်ဆုပ်စာလောက်ပဲ ရှိပါတယ်၊ အခွင့်အရေးရခိုက် တာမိုသိုင်းကျမ်းကို ရှာဖွေချင်တဲ့လူတွေကများတယ်၊ ဒါကြောင့်လဲမကောင်းဆိုးဝါးရဲ့သတ်ချက်မိပြီး ဒုက္ခရောက်ကုန်ကြတာပေါ့'

ရှပ်ဆိုးမက ရယ်မောလိုက်သည်။

'ဒါတော့ ကျွန်မတို့ကို အပြစ်မပြောသင့်ပါဘူးရှင်၊ သိုင်းသမားဆိုတာ သိုင်းပညာနဲ့ ပတ်သက်လာရင် အရူးအမူးဖြစ်တတ်ကြတာပဲမဟုတ်လား'

'အရူးအမူးဖြစ်တာက အရေးမကြီးဘူး၊ မကောင်းဆိုးဝါးကောင်က အင်မတန်ကြောက်စရာကောင်းတဲ့ လူတစ်ယောက်ဖြစ်နေတယ်၊ ဒါကြောင့်ဒုက္ခရောက်သွားနိုင်တယ်ဆိုတာထည့်တွက်ရလိမ့်မယ်'

ရှပ်ဆိုးမက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'ခုလိုသတိပေးတာကို ကျေးဇူးတင်ပါတယ်ရှင်'

တုတုဖုံးက မကျေမနပ်ဖြစ်နေ၏။

အခွင့်အရေးရလိုက်သည်နှင့် တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်၏။

ကောင်းဖုံးတွေဝေသွားသည်။



'မင်း ဘယ်သူလဲ'

ရှပ်ဆိုးမ ပြုံးလိုက်သည်။

'ကျွန်မက ရှပ်ဆိုးမပါရှင်'

'ရှပ်ဆိုးမဟုတ်လား၊ ဒီနာမည်ကို သိုင်းလောကမှာ ကျုပ် တစ်ခါမှမကြားဖူးပါလား'

'အြော်....ဂိုဏ်းချုပ်ကြီးဟာ နာမည်ကျော်ထိပ်သီး သိုင်းသမားကြီးတစ်ယောက်ဖြစ်နေပေမယ့် ကျွန်မကတော့အညတရတစ်ယောက်ဆိုတော့ ဂိုဏ်းချုပ်ကြီး ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲရှင်'

ကောင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်သေးပါဘူး၊ မင်းရဲ့ရယ်သံဟာ ကျုပ်သိထားတဲ့ လူတစ်ယောက်နဲ့ အတော်ကိုတူနေတယ်'

'ဂိုဏ်းချုပ်ကြီးက ဘယ်သူလို့များ ရည်ရွယ်ပြီး ပြောနေသလဲဆိုတာ သိခွင့်ရနိုင်မလားရှင်'

'သိရပါတယ်၊ ကျုပ်ရဲ့ပညာသင်ဖက် ညီမရှုယဉ်ကို ရည်ရွယ်ပြီးပြောတာပဲ၊ မင်းရဲ့ရယ်သံက ရှုယဉ်ရဲ့ရယ်သံနဲ့ တစေးရာထပ်ပဲ'

'ဖြစ်ရလေရှင်'

ရှပ်ဆိုးမက ရယ်မောလိုက်ပြန်သည်။

ယခုတစ်ကြိမ်....

ဂရုစိုက်၍နားထောင်လိုက်မည်ဆိုပါလျှင် သူမ အသံမှာ တုန်ခါနေကြောင်းသိရမည်ဖြစ်လေသည်။

တုတုဖုံးက မျက်မှောင်ကုပ်ကာ နားထောင်နေ၏။

ကောင်းဖုံး ပြောသည့် ရှယဉ်ဆိုသူမှာ ကျွန်းမြို့စား၏ ဇနီးသည်ဖြစ်ကြောင်း သိရှိထားလေသည်။

ကောင်းဖုံးအကြောင်းစုံစမ်းရင်း တစ်ချိန်ကကျော်ကြားခဲ့သော ကျွန်းမြို့စားသည် ယင်းကျွန်ဂိုဏ်းချုပ် ကောင်းဖုံးအား လုပ်ကြံဖို့ကြိုးစားဖူးကြောင်းသိခဲ့ရလေသည်။

ကောင်းဖုံးက ကျွန်းမြို့စားတို့ ဇနီးမောင်နှံအား အသိပ် အရှက်ခွဲကာ အဆုံးစီရင်ခဲ့ကြောင်းလည်း စုံစမ်းသိရှိခဲ့ရလေသည်။

ဟာခ....

ရုပ်ဆိုးမ၏ရုပ်ရည်သွင်သည် ကျွန်းမြို့စား၏ ဇနီးသည် ရှယဉ်၏ရုပ်သွင်နှင့် တူနေသည်ဟု ကောင်းဖုံးက ပြောဆိုနေသည်။

ရုပ်ဆိုးမသည် ရှယဉ်ပင် ဖြစ်နေသည်လော။

'မင်းက ရှယဉ်မဟုတ်ဘူးလို့ ငြင်းချင်လို့လား'

ကောင်းဖုံးက မေးလာလေသည်။

ရုပ်ဆိုးမက ရယ်မောလိုက်သည်။

'ကျွန်မဟာ ရုပ်ဆိုးမပါရှင်၊ ဘယ်လိုလုပ်ပြီး မြို့စားကတော် ရှယဉ်ဖြစ်နိုင်မှာတဲ့လဲ'

ကောင်းဖုံး သက်ပြင်းချလိုက်သည်။

'မင်းဟာ ရှယဉ်ဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ'

'ရှင်....'

'ကျွန်းမြို့စားတို့ ဇနီးမောင်နှံဟာ သေချင်ဟန်ဆောင်ပြီး ရှောင်တိမ်း ထွက်ပြေးသွားကြတယ်လို့ ကျုပ်သိပြီးပါပြီ၊ တစ်



ချိန်ချိန်မှာ သူတို့နှစ်ယောက်ကို ပြန်တွေ့သိမ့်မယ်လို့ ကျုပ်ယုံကြည်ထားပါတယ်'

ရုပ်ဆိုးမ မျက်နှာပျက်သွား၏။

တုတုဖုံးကား စိတ်ဝင်စားသွားပြီး ငြိမ်သက်စွာနားထောင်နေလေသည်။

ရုပ်ဆိုးမက ဦးညွတ်လိုက်သည်။

'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မကတော့ ရှယဉ်မဖြစ်ချင်ပါဘူး၊ ကျွန်မကို ခွင့်ပြုပါဦး'

စကားဆုံးလျှင် တုတုဖုံး၏လက်ကိုဆွဲကာ ထွက်သွားလေသည်။

ကောင်းဖုံးက ဟန့်တားရန်ဟန်ပြင်လိုက်၏။

သို့သော် မည်သို့စိတ်ကူးပြောင်းသွားသည်မသိ၊ ဟန့်တားခြင်းမပြုဘဲနေလိုက်သည်။

ရုပ်ဆိုးမနှင့် တုတုဖုံးတို့မှာ အဝေးသို့ ရောက်ရှိသွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

....★....

## ညလူ၏အသံ

လိုဏ်ဂူသဲမှ လွတ်မြောက်လာသည့် ထင်းရှိသည် သေွးကြောများ ပွင့်သွားပြီဖြစ်သော်လည်း သိုင်းပညာကို ရုတ်တရက် အသုံးမပြုနိုင်ဘဲ ဖြစ်နေ၏၊

ဝေဒနာပြင်းထန်စွာခံစားရပြီး နာလန်ထူကာစ လူမမာတစ်ယောက်ပမာ ရှိနေပါသည်၊

ထို့ကြောင့်လည်း သူတော်က သိုင်းလောကသားများနှင့် တိုက်ခိုက်နေစဉ် လူတစ်ယောက်က သူ့အား ခေါ်ဆောင်သွားသောအခါ ဘာမှမတတ်သာဘဲ လိုက်သွားခဲ့ရလေသည်၊

ထင်းရှိအား ခေါ်ဆောင်သွားသူမှာ အနက်ရောင်ဝတ်ကာ မျက်နှာဖုံးစွပ်ထားသူတစ်ယောက် ဖြစ်လေသည်၊



ထိုလူသည် သူ့ကျောင်းပျက်လေးနှင့် ဝေးရာသို့ ထင်းရှိအား ခေါ်ဆောင်သွားခဲ့လေသည်၊

ကျောက်တုံး ကျောက်ခဲများ ထူထပ်သော တစ်နေရာသို့ ရောက်ရှိလာသောအခါ အရှေ့ဘက်တွင် အရုဏ်ဦး၏ရောင်နီများပင် ထွက်ပေါ်လာပြီ ဖြစ်ပါသည်။

'ကဲ....ခင်ဗျား ဒီနေရာမှာပဲ နေရမယ်'

ထိုလူသည် ထင်းရှိအား အကာအကွယ်ကောင်းသည့် ကျောက်တုံး ကျောက်ခဲများကြား၌ ချထားလိုက်လေသည်၊

ထင်းရှိထွက်မပြေးနိုင်စေရန် ခါးအထက်မှ သွေးကြောတစ်နေရာကို ပိတ်ထားလိုက်၏၊

ထင်းရှိမှာ သူတော်လက်မှ လွတ်မြောက် လာခဲ့သော်လည်း အမည်မသိ လူစိမ်းတစ်ယောက်၏လက်ထဲ၌ သွေးကြောပိတ်ကာ အဖမ်းခံလိုက်ရပြန်ပြီ ဖြစ်သည်၊

ထင်းရှိ မကျေမနပ်ဖြစ်သွားသည်၊

'မင်းဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကိုဒုက္ခပေးချင်ရတာလဲ၊ ပြောစမ်းပါဦး'

ထိုလူ ရယ်မောလိုက်သည်၊

'ကျုပ်ကို ညလူလို့မှတ်ထားရင် လုံလောက်ပါပြီဗျာ'

'ဘာကွ... ညလူဟုတ်လား'

'ဒီလောက်မှတ်ထားရင် ရပါပြီ'

'နေပါဦး ...ကျုပ်ကို....'

'ခင်ဗျားဟာ ကျုပ်အတွက် အင်မတန်အသုံးဝင်မယ့် လူ တစ်ယောက်ဖြစ်နေတယ်ဆိုတာကို ကျုပ်နားလည်ထားတာ ပေါ့ဗျာ'

'မင်း…'

ညလူ လက်နှစ်ဖက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

'ဆရာကြီးဟာ တစ်ချိန်က နာမည်ကြီးထင်ရှားခဲ့တဲ့ သိုင်းသမားကြီး ထင်းရှိဆိုတာ ကျုပ်သိထားပါတယ်ဗျာ'

'လက်စသတ်တော့ မင်းက ကျုပ်ကိုသိနေတာကိုး'

'ဟဲ…ဟဲ၊ ဆရာကြီးကိုမသိရင် ကျုပ်ညံ့ရာကျသွားမှာ ပေါ့ဗျာ'

'မင်းက ကျုပ်ကိုသိပြီး ကျုပ်က မင်းကို မသိရတာ တရား ပါ့မလား'

ထင်းရှိက ခေတ္တ ကတောက်လိုက်သည်။

ညလူ လက်ကာပြလိုက်၏။

'မပူပါနဲ့ဗျာ၊ အချိန်တန်ရင်တော့ ကျုပ်ဘယ်သူဘယ်ဝါ ဆိုတာ သိရမှာပေါ့'

ထင်းရှိ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ ကျုပ်ဟာ မင်းအတွက် ဘယ်လိုအသုံးဝင် တယ်ဆိုတာ ပြောစမ်းပါဦး'

ညလူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ် ဝင်းလက် တောက်ပလာလေသည်။

'ဆရာကြီးဟာ ထင်ကျန့်ဂိုဏ်းချုပ် ကောင်းဖုံးနဲ့ ခင်မင် ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် မဟုတ်လား'



'ဒါအမှန်ပဲ'

'အင်း…ကျုပ်ကတော့ ကောင်းဖုံးရဲ့ မဟာရန်သူတော် တစ်ယောက်ပါပဲဗျာ'

'ဘာ…'

ထင်းရှိ အံ့ဩသွားလေသည်။

ညလူအား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

'မင်းဟာ ကောင်းဖုံးရဲ့ မဟာရန်သူတော် တစ်ယောက် ဟုတ်လား'

'ဟုတ်ပါတယ်'

'နေပါဦး…ကောင်းဖုံးဟာ လူတော်လူကောင်း တစ် ယောက်ပဲ၊ မင်းနဲ့ဘယ်လိုကြောင့် ရန်သူတော်တွေ ဖြစ်သွား ရတာလဲ'

'ဟား…ဟား…ဟား'

ညလူက ဟားတိုက်ရယ်မောလိုက်လေသည်။

သူ၏ရယ်သံမှာ ငှက်ဆိုးထိုးသံအလား စူးရှကျယ်လောင် စွာ ထွက်ပေါ်လာလေတော့သည်။

ထင်းရှိက တိတ်ဆိတ်စွာ အကဲခတ်ကြည့်နေ၏။

ညလူက အတန်ကြာရယ်မောပြီးမှ အံကြိတ်ကာပြောလိုက် လေသည်။

'ကောင်းဖုံးဟာ ကျုပ်ရဲ့ဘဝကို စော်ကားဖျက်ဆီးခဲ့တယ်၊ ကျုပ်ကို တစ်ချိန်လုံး စိုးရိမ်ပူပန်နေစေခဲ့တယ်၊ အရှက်တကွဲ အကျိုးနည်းဖြစ်စေခဲ့တယ်၊ သူ့ကို ဘယ်တော့မှ မကျေဘူးဆို တာ မှတ်ထားပါ'

ထင်ရှိ ခေါင်းခါယမ်းလိုက်သည်။

'မင်းပြောတာတွေကို ကျုပ်တော့ဘယ်လိုမှနားမလည်နိုင်တော့ဘူး'

'စိတ်ချ မကြာခင် ခင်ဗျား နားလည်လာပါလိမ့်မယ်။ ကဲ ခင်ဗျားရဲ့ အကောင်းဆုံး သိုင်းကွက်တစ်ကွက်ကို ဖော်ထုတ်လိုက်စမ်းပါ၊ အဲဒီသိုင်းကွက်ဟာ ကောင်းမုံ ရင်းနှီးကျွမ်းဝင်တဲ့ သိုင်းကွက်ဖြစ်ရမယ်'

ထင်ရှိ မျက်မှောင်ကုပ်သွားပြန်သည်။

'မင်း ဘာကိုဆိုလိုတာလဲ'

'ခင်ဗျားရဲ့ အကောင်းဆုံးသိုင်းကွက်တစ်ကွက် ကျုပ်ကို သင်ပေးဖို့ပြောနေတာဗျ'

'ဘာ...'

ထင်ရှိ ဒေါပွသွားလေသည်။

'လက်စသတ်တော့ မင်းက ငါ့ကိုအကြပ်ကိုင်ပြီး ငါ့ရဲ့သိုင်းပညာကို လိုချင်နေတာကိုး'

ရုတ်တရက် ညလူက မြေပေါ်တံတွေးထွေးချလိုက်သည်။

'ဟို...ခင်ဗျားရဲ့သိုင်းပညာကို ကျုပ်ကလထင်ကြီးနေတယ်များ ထင်နေသလား'

'ဒါဖြင့် မင်းဘာကြောင့်သင်ချင်ရတာလဲ'

'ဘာကြောင့်ပဲဖြစ်ဖြစ် ခင်ဗျားသိစရာမလိုဘူး၊ ကျုပ်ကို သင်မပေးရင် ခင်ဗျား ဒုက္ခရောက်သွားလိမ့်မယ်ဆိုတာ မှတ်ထားပါ'

ထင်ရှိ ခေါင်းခါယမ်းလိုက်သည်။



'မင်းလိုလူယုတ်မာတစ်ယောက်ကို ဘယ်နည်းနဲ့မှသင်မပေးနိုင်ဘူး'

ခပ်ပြတ်ပြတ်ပင် ငြင်းလိုက်လေသည်။

'ဖြန်း....'

ညလူ၏ ပြင်းထန်သောလက်ဝါးရိုက်ချက်သည် ထင်ရှိ၏ ပါးပြင်ပေါ်သို့ ကျရောက်သွားလေသည်။

ထင်ရှိ၏ပါးပြင်ထူပူသွားကာ နီရဲသောလက်ဝါးချောင်းရာ အထင်းသားပေါ်လာလေသည်။

နှုတ်ခမ်းထောင့်၌လည်း သွေးများစို့လာလေသည်။

ထင်ရှိ ဒေါသချောင်းချောင်းထွက်သွားလေသည်။

'မင်း....မင်း စော်ကားလှချည်လား'

'ဟား....ဟား....ဟား'

ညလူက ဟားတိုက်ရယ်မောလိုက်သည်။

'ကျုပ်ခိုင်းတာမလုပ်ဘူးဆိုရင် ခင်ဗျား ခုထက်ပိုနာမယ်ဆိုတာ မှတ်ထားပါ'

'မင်း....မင်း'

ထင်ရှိက တိုက်ခိုက်ရန် ဟန်ပြင်လိုက်သော်လည်း သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်နိုင်အောင် ဖြစ်နေကာ စိတ်သွားတိုင်း ကိုယ်မပါဘဲဖြစ်ရတော့၏။

'ဟား....ဟား....ဟား'

ညလူက ရယ်မောရင်း နောက်ထပ်သုံးလေးချက်မျှ ရိုက်ချလိုက်လေသည်။

ထင်းရိုမှာ ညလူမစော်ကားသမျှ ခေါင်းငုံ့ခံနေရသလေတော့သည်၊

ညလူက စိတ်တိုင်းကျနှိပ်စက်ပြီးမှ မေးလေသည်။

'ကဲ...ခင်ဗျား ခေါင်းမာနေဦးမလား၊ ခင်ဗျားရဲ့ သိုင်းတစ်ကွက်ကို သင်ပေးမလား ပြောပါ'

ထင်းရို ပြုံးလိုက်သည်။

'ငါ့ကိုသတ်ပစ်လိုက်ပါ မင်းကို ဘယ်တော့မှ သင်ပေးမှာမဟုတ်ဘူး'

'ဪ....'

ညလူ ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ကောင်းပြီ'

သူက ထင်းရို၏ဦးခေါင်းပေါ်သို့ လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်....

'ရပ်လိုက်'

အော်ဟစ်သံနှင့်အတူ လူနှစ်ယောက် ပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေသည်။



လူနှစ်ယောက်သည် လေ၏လျင်မြန်ခြင်းမျိုးနှင့်အတူ ပြေးလွှားရောက်ရှိလာကြလေသည်၊

အဘိုးအိုတစ်ယောက်နှင့် မိန်းမပျိုလေးတစ်ယောက်တို့ဖြစ်ကြသည်။

သူတို့ကား သိုင်းလောကသားများက အရှုံးမြီးအဘိုးအဖြစ် သိရှိထားကြသော စုစုနှင့်စုသန်းတို့ ဖြစ်ကြလေသည်။

စုသန်းတို့မြေးအဘိုးသည် စိတ်ရှုပ်ပေါက်နေသူများဖြစ်ကြကာ ထင်ရာတိုင်းနေသူများ ဖြစ်ကြပေသည်၊

ညလူ မကျေမနပ်ဖြစ်သွား၏၊

'ခင်ဗျားတို့ ကိုယ်နဲ့မဆိုင်ဘဲ ဝင်မရှုပ်ချင်နဲ့'

ကျယ်လောင်စွာ အော်ပြောလိုက်လေသည်၊

စုသန်းနှင့်စုစုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်၊

'အဘ သူက ဝင်မရှုပ်နဲ့လို့ပြောနေတာ ဝင်ရှုပ်ပါလို့ ဖိတ်ခေါ်သလိုနဲ့ အတူတူပဲထင်တယ်'

စုစုက ပြောလိုက်သည်။

စုသန်းက ခေါင်းညိတ်လိုက်၏၊

'ဟုတ်တယ်၊ တို့ဝင်ရှုပ်လိုက်ကြတာပေါ့'

နှစ်ယောက်သား ရှေ့တိုးလိုက်ကြလေသည်။

ညလူ ဒေါပွသွားကာ....

'ဒီလောက်တောင် ဝင်ရှုပ်ချင်တဲ့လူတွေ သိကြသေးတာပေါ့'

ကြုံးဝါးရင်း လက်ခုတ်ယမ်းလိုက်လေသည်၊

'ဝုစ်....ဝုစ်....ဝုစ်'

ရှူးရှသောလေတိုးသံများထွက်ပေါ်လာကာ လက်နက်ပုန်းကလေးများသည် စုသန်းတို့မြေးအဘိုးဆီသို့ ပစ်လွင့်သွားလေတော့သည်။

စုသန်းတို့မြေးအဘိုးက အသာအယာ ရှောင်တိမ်းပေးလိုက်ကြသည်၊

စုသန်းသည် အင်္ကျီလက်ဖြင့် လက်နက်ပုန်းလေးတစ်ခုကို ဖမ်းယူထားလိုက်ပြီး စစ်ဆေးကြည့်လိုက်၏။

သူ၏အင်္ကျီလက်၌ စိုက်ဝင်နေသည်ကား ခရမ်းရောင် တဖိတ်ဖိတ်တောက်ပနေသည့် အပ်ကလေးတစ်ချောင်း ဖြစ်လေသည်၊

စုသန်း မျက်လုံးပြူးသွားသည်၊

'အတော်ကို ကြောက်စရာကောင်းတဲ့ အဆိပ်အပ်လေးပါလား၊ ထိလိုက်တာနဲ့ တုံးခနဲလဲကျသွားမှာပဲ'

စုစု နှာခေါင်းရှုံ့လိုက်သည်။

'ဘာဘာပြောတာ ကျွန်မ မယုံဘူး'

'မယုံရင် ငါ့မြေးစမ်းကြည့်ပါလား'

'ကောင်းပြီ'

စုစုသည် ရင်ကော့ကာ ညလူသတ်သို့ လှမ်းသွားလိုက်လေသည်၊

'ရှင့်ရဲ့လက်နက်ပုန်းဟာ အတော့်ကိုကြောက်စရာကောင်းတယ်၊ ကျွန်မကို ကြည့်ပါဦးလား'

ညလူ့က ဘာမှမပြောဘဲ လက်ဝှေ့ယမ်းလိုက်၏။



'ဝုစ်....ဝုစ်....ဝုစ်'

လက်နက်ပုန်းလေးများသည် စုစုထံသို့ တိုးဝင်သွား၏၊

စုစုကရယ်မောနေပြီး ရှောင်တိမ်းခြင်းမပြုပါချေ။

လက်နက်ပုန်းလေးများသည် စုစု၏ရင်ဝသို့ တိုးဝင်သွားလေတော့သည်၊

'ဟား...ဟား...ဟား'

စုသန်းက ဟားတိုက်ရယ်မောလိုက်လေသည်။

လက်နက်ပုန်းထိမှန်သွားသော စုစုကား အင့်ခနဲရေရွတ်ကာ မျက်နှာပျက်သွားလေသည်။

စုသန်းက လှမ်းမေးလိုက်၏၊

'ဘယ်လိုလဲ....ငါပြောတာကို မင်းယုံပြီလား'

ခုစု ခေါင်းညိတ်လိုက်သည်၊

'ဟုတ်....'

သူမ စကားဆုံးအောင် မပြောလိုက်နိုင်ပါချေ၊

နှုတ်ခမ်းထောင့်မှ သွေးမည်းများ ယိုစီးကျလာကာ မြေပေါ်ဝုန်းခနဲ လဲကျသွားလေတော့သည်။

စုသန်း ခေါင်းခါယမ်းလိုက်သည်၊

'တော်တော် ကြောက်စရာကောင်းတဲ့ အဆိပ်ပဲ၊ ကဲ....ပြောစမ်း၊ မင်းဟာ ကျင်းမြို့စားနဲ့ ဘယ်လိုပတ်သက်နေသလဲ'

ညလူ ခေါင်းခါယမ်းလိုက်သည်၊

'ဘယ်က ကျင်းမြို့စားလဲ၊ ကျုပ်မသိဘူး'

စုသန်း ရယ်မောလိုက်လေသည်၊

'တဲ...ဟဲ၊ တစ်ချိန်က လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့တဲ့ မြို့စားသိုင်းသမားလေးပေါ့၊ ထင်းသိုက်တောင်ကိုတောင် တက်ပြီး ယောင်းကျန်းခဲ့သေးတာပဲ'

'ကျုပ်တော့မှမသိဘူးဗျ'

'ခင်းမသိလို့ မရဘူးလေ၊ မင်းအသုံးပြုလိုက်တဲ့ လက်နက်ပုန်းဟာ အဆိပ်ဝိဇ္ဇာဆီက ကျင်းမြို့စားရခဲ့တဲ့ လက်နက်ပုန်းတွေပဲ'

'ခင်...ခင်ဗျား'

စုသန်း လက်ကာပြလိုက်သည်။

'သိုင်းလောကမှာ အလွန်ကြောက်စရာကောင်းတဲ့ အဆိပ်ဝိဇ္ဇာဆိုတဲ့ သိုင်းသမားတစ်ယောက် ပေါ်ထွက်ခဲ့ဖူးတယ်၊ သူ့ရဲ့အဆိပ်လက်နက်ပုန်းတွေဟာ ကြောက်စရာကောင်းလွန်းတာကြောင့် သိုင်းလောကသားတွေ ဝိုင်းဝန်းတိုက်ခိုက်ခဲ့တာနဲ့ သိုင်းလောကအနေ ဇာတ်မြှုပ်သွားခဲ့တာပဲ၊ သူဟာ ကျင်းမြို့စားရဲ့ ပိုင်နက်ထဲမှာ နေထိုင်ခဲ့တယ်လို့ ပြောကြတယ်'

ညလူ ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားဘာတွေပြောနေတာလဲ၊ ကျုပ်နားမလည်ဘူးဗျ'

'ကောင်းပြီ၊ မင်းမကြာမီ နားလည်ရလိမ့်မယ်'

ညလူက တိုက်ခိုက်ခြင်းမပြုပါ၊ မြေပေါ် လဲကျနေသည့် စုစုအားပွေ့ချီကာ ပခုံးပေါ်တင်ပြီး ပြေးလွှားထွက်ခွာသွားလေတော့သည်။

★



စုသန်းတို့မြေးအဘိုး ထွက်သွားကြပြီ ဖြစ်သည်။

ထင်းရှိ သက်ပြင်းချလိုက်၏။

'အရူးသိုင်းသမားရဲ့ စိတ်နေသဘောထားဟာ အတော်ကိုထူးဆန်းတာပဲ၊ သူ့မြေးမလေး အဆိပ်လက်နက်ပုန်းထိသွားတာကို ဘယ်လိုမှသဘောမထားပါလား'

ညလူ ရယ်မောလိုက်သည်။

'ခင်ဗျားက သူ့ကိုရူးသွပ်နေတယ်ထင်ရင် မှားသွားလိမ့်မယ်၊ သူဟာ ကြောက်စရာကောင်းအောင် ပါးနပ်တဲ့လူတစ်ယောက်ပဲဗျ'

ထင်းရှိ မျက်မှောင်ကုတ်သွားလေသည်။

'မင်းက သူ့အကြောင်း သိတယ်ဟုတ်လား'

'အရူးသိုင်းသမားဟာ အင်မတန်ပါးနပ်တဲ့ လူတစ်ယောက်ပေါ့ဗျာ၊ သူ့မြေးဟာ အကြောင်းမဲ့ ကျုပ်ရဲ့လက်နက်ပုန်းကို အထိခံသွားခဲ့တာ မဟုတ်ဘူး'

'ဟင်...ဒါက ဘာသဘောတာလဲ'

'ရှင်းပါတယ်၊ အဆိပ်ဝိဇ္ဇာဟာ သိုင်းလောကကို စိတ်ဝင်စားနေတုန်းပဲဆိုတာကို သိုင်းလောကသားတွေသိအောင် သက်သေပြချင်လို့ပဲ'

ထင်းရှိ ဇကြောင်အမ်းအမ်းဖြစ်နေသည်။

'သူ့ရဲ့မြေးမလေး ဒုက္ခရောက်သွားမှာကို ထည့်မတွက်တော့ဘူးလား'

'စုသန်းဟာ သူ့ရဲ့မြေးမလေးကို ဘယ်လောက်ချစ်တယ်ဆိုတာ သိုင်းလောကတစ်ခုလုံး သိကြပါတယ်၊ ဘယ်လာအသေခံပါ့မလဲ'

'ဒါဖြင့်...'

'ကျုပ်ရဲ့ အဆိပ်လက်နက်ပုန်း ထိသွားပေမယ့် ဆေးကုပေးနိုင်တဲ့ လူတစ်ယောက်ရှိနေတာကို သူသိထားလို့ပေါ့'

တင်းရှိသည် လက်ရှိအခြေအနေကိုပင် မေ့လျော့သွားကာ စုသန်းနှင့် အဆိပ်ဝိဇ္ဇာအား စိတ်ဝင်စားသွားလေသည်။

စစ်လိန်ကောင်၌ တာမိုသိုင်းပညာ တတ်မြောက်ထားသည့် မကောင်းဆိုးဝါးသူတော် ပေါ်ပေါက်နေပြီး အဆိပ်ဝိဇ္ဇာကပါ တစ်စခန်းထလာမည်ဆိုပါက သိုင်းလောက ပျက်စီးသွားတော့မည်သာ ဖြစ်ပါသည်။

သိုင်းလောကသားများ အခက်ကြုံနေချိန်၌ အချိန်ကိုက်ကာ အဆိပ်ဝိဇ္ဇာလည်း ထွက်ပေါ်လာခြင်း ဖြစ်ရပေမည်။

ညလူသည် မည်သူဖြစ်ပါသနည်း။

အဆိပ်ဝိဇ္ဇာနှင့် မည်သို့ပတ်သက်နေပါသနည်း။

ထို့အပြင် ကြောက်မက်ဖွယ်ရာကောင်းသည့် အဆိပ်ဝိဇ္ဇာ၏အဆိပ်ကို မည်သူကဖြေပေးနိုင်ပါမည်နည်း။

ညလူက မြေပေါ်ခြေတစ်ချက်ဆောင့်လိုက်သည်။

'ခုမှပွဲကြီးပွဲကောင်းပဲ၊ အရက်အိုး ကျော်ချုံးလဲ သိုင်းလောကမှာ ထွက်ပေါ်လာတော့မှာပဲ'



'ဟင်....'

တင်းရှိမယုံနိုင်အောင်ဖြစ်သွားသည်။

အဆိပ်ဝိဇ္ဇာ အရက်အိုးကျော်ချုံး၊ ကောင်းကင်မားရှုဟိုး၊ အရူး သိုင်းသမား ရောင်စုံ တောင်ကြားမှ လူထူးဆန်းသုံးယောက် စသူတို့သည် တစ်ချိန်က သိုင်းလောက၌ ထင်ရှားကျော်ကြားခဲ့ကြသော သိုင်းသမားကြီးများ ဖြစ်ကြလေသည်။

သိုင်းလောက၌ ကျင်လည်ကျက်စားခြင်းမပြုဘဲ ဇာတ်မြုပ်နေခဲ့ကြသည်မှာလည်း ကြာပြီဖြစ်ပါသည်။

ယခုတော့ ထိုသိုင်းသမားကြီးများသည် သိုင်းလောက၌ ပြန်လည်ထွက်ပေါ်လာနေသည်ကို အရိပ်အရောင် မြင်နေကြရပြီဖြစ်သည်။

'တာမိုသိုင်းကျမ်းရဲ့ သတင်းကြောင့် ငါကိုယ်တိုင်လည်း သိုင်းလောကထဲကိုဆင်းလာခဲ့တာပဲလေ၊ သူတို့လဲစိတ်ဝင်စားမှာပေါ့'

အဆိပ်ဝိဇ္ဇာအရက်အိုးကျော်ချုံးနှင့် သူတော်တို့တွင် မည်သူကကြောက်စရာအကောင်းဆုံးဖြစ်ပါသနည်း။

တင်းရှိကား ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသဖြင့် သူတော်မှာ ကြောက်စရာအကောင်းဆုံးဖြစ်သည်ဟု ယူဆလေသည်။

အဆိပ်ဝိဇ္ဇာက ကြောက်စရာကောင်းလျှင်လည်း အရေးမကြီးပါ။

ကျော်ချုံးသည် အဆိပ်ဝိဇ္ဇာ၏အဆိပ်များကို သူ၏အရက်အိုးထဲထည့်ကာ သောက်ပစ်လိမ့်မည်ဖြစ်လေသည်။

အဆိပ်ဝိဇ္ဇာသိုင်းလောကမှ ပျောက်ပြယ်သွားသည်မှ အဆိပ်ကို မကြောက်သော ကျော်ချိုထွက်ပေါ်လာခြင်းကြောင့်ဖြစ်ပါသည်။

ကျော်ချိုးလက်ထဲ၌ အဆိပ်ဟူသမျှကို နှိမ်နင်းနိုင်သည့် သလင်းကျောက်နီရှိနေ၍လည်းဖြစ်လေသည်။

အမျိုးသိုင်းသမားက လူ၏မျိုးစုအတွက် ညလူ၏အဆိပ်ကိုကြောက်ရွံ့ခြင်းမရှိသည်မှာ ကျော်ချိုနှင့်ပတ်သက်နေခြင်းကြောင့်ဖြစ်ကြောင်း ယခုမှသဘောပေါက်သွားလေသည်။

ညလူက နှာခေါင်းရှုံ့ကာ ပြောလာလေသည်။

'ကျော်ချိုးထွက်ပေါ်လာတော့ကော အဆိပ်ဝိဇ္ဇာမရှိတော့ဘူးမယ့် ကျုပ်ကမကြောက်သေးပါဘူး'

ထင်းရှိမျက်မှောင်ကုပ်သွား၏။

'အဆိပ်ဝိဇ္ဇာမရှိတော့ဘူးဆိုတော့ သူသေသွားပြီလား'

'ဟုတ်တယ် သူ့ကိုကျုပ်ရဲ့ မြို့စားအိမ်တော်မှာ ခေါ်ပြီး ချောင့်ရောက်ထားခဲ့တာ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပဲ၊ သူသေသွားတယ်'

'ဒါဖြင့် မင်းက သူ့ရဲ့ အဆိပ်တွေကို ရထားတာပေါ့၊ ကျင်းမြို့စားဆိုတာ မင်းပဲပေါ့'

'ဟား...ဟား...ဟား'

ညလူက ရယ်မောလိုက်သည်။

မျက်နှာဖုံးကိုလည်း ချွတ်ပစ်လိုက်၏။

ထိုအခါ ကျင်းမြို့စား ကျင်းချို၏ ရုပ်သွင် ပေါ်လွင်လာလေတော့သည်။



ထင်းရှိ အံ့သြစွာမေးလိုက်၏။

'မင်းက ဘာကြောင့်ရုပ်ဖျက်ထားတာလဲ'

'ကျုပ်က ကောင်းဖုံးကိုဆုံးမချင်လို့ပေါ့ဗျာ'

'ဟင်...'

'ကောင်းဖုံးနဲ့ရှယဉ်တို့က ကျုပ်ကို ဝိုင်းလိမ်ခဲ့ကြတယ်၊ ကောင်းဖုံးရဲ့ သိုင်းပညာကြောင့် ကျုပ် ခေါင်းငုံ့ခံနေခဲ့ရတယ်၊ ကျုပ်က သူ့ကိုကျေနပ်မယ်များထင်နေသလား'

ကျင်းချိုးနှင့် ကောင်းဖုံး တို့တွင် တစ်စုံ တစ်ခုသော အကြောင်းကိစ္စရှိနေမည်ဟု ထင်းရှိ တွေးမိလိုက်လေသည်။

'ကောင်းဖုံးဟာ ကျုပ်ရဲ့ မိတ်ဆွေတစ်ယောက်ပဲ၊ သူဟာ လူတော်လူကောင်းတစ်ယောက်ဆိုတာ သိုင်းလောကတစ်ခုလုံး သိကြတာပဲ'

'ဟား....ဟား....ဟား'

ညလူ(ဝါ)ကျင်းချိုးက ဟားတိုက် ရယ်မောလိုက်သည်။

'ကောင်းဖုံးဟာ လူကောင်းတစ်ယောက်ဟုတ်လား၊ ဒါဆိုကျုပ်ရဲ့ဘဝကို ပျက်စီးရအောင် ဘာကြောင့် လိမ်ညာခဲ့ရတာလဲ၊ သူဟာလူယုတ်မာတစ်ယောက်ပဲ၊ တစ်ချိန်က သူ့အပေါ် ကျုပ်က လျစ်လျူရှုခဲ့တာကို အခွင့်ကောင်းယူပြီး ကျုပ်ရဲ့ဘဝကို ဖျက်ဆီးခဲ့တာပဲ'

ထင်းရှိ သက်ပြင်းချလိုက်သည်။

ကျင်းချိုးပြောသည့်စကားများကို နားမလည်အောင်ဖြစ်နေရပါတော့သည်။

ကျင်းချုံးက ထင်းရှီအား စိုက်ကြည့်လိုက်သည်။

'ခုချိန်မှာတော့ ခင်ဗျားဟာကျုပ်အတွက် အသုံးဝင်တဲ့ လူတစ်ယောက်ဖြစ်နေပြီ'

ထင်းရှီ ခေါင်းခါယမ်းလိုက်သည်။

'မင်းမှားနေပြီ ကျုပ်ကမင်းအတွက် ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး'

'ခင်ဗျားကယ်နိုင်ပါတယ်ဗျာ'

'ဘာတဲ့'

'ကောင်းဖုံးကို လုပ်စားဖို့ ခင်ဗျားတတ်နိုင်ပါတယ်၊ ခင်ဗျားရဲ့ အကောင်းဆုံး သိုင်းတစ်ကွက် ကျုပ်ကို သင်ပေးပြီး ကျုပ်နဲ့ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ခင်ဗျား သက်ဆိုးရှည် လိမ့်မယ်'

ထင်းရှီပြုံးလိုက်သည်။

'နာမည်ပျက်တဲ့ဘဝနဲ့ အသက်ရှင်ရတာသက်စာရင် သေသွားတာကကောင်းပါသေးတယ်ဗျာ'

'ဪ....ခင်ဗျားကသေချင်လို့လား'

ထင်းရှီခေါင်းညိတ်လိုက်သည်။

ကျင်းချုံးက လက်မခံပါ။

'သေချင်တိုင်းလဲ မသေရဘူးဆိုတဲ့စကားကို ခင်ဗျားမကြားဖူးဘူးလား'

ထင်ရှီ ဘာမှမပြောဘဲနေလိုက်သည်။



ကျင်းချုံးက အေးတိအေးစက်ပြောသည်။

'ခင်ဗျားစိတ်ပြောင်းပြီး ကျုပ်နဲ့ပူးပေါင် ဆောင်ရွက်လာအောင် ကျုပ်စွမ်းဆောင်နိုင်ပါတယ်ဗျာ၊ ဟောဒီအဆိပ်ငွေ လေးရှုကြည့်လိုက်ပါဦး'

သူက လက်ဝှေ့ယမ်းလိုက်ရာ အနီရောင်အခိုးအငွေ့အချို့ ထွက်ပေါ်လာပြီး ထင်းရှီမျက်နှာသို့ တိုးဝင်သွားလေသည်။

ထင်းရှီ ကပျာကယာ ရှောင်တိမ်းရန်ကြိုးစားလိုက်သော်လည်း နောက်ကျသွားပြီဖြစ်ပါသည်။

တိုအခိုး အငွေ့များကို ရှူရှိုက်လိုက်သည်နှင့် ချောင်း တဟွတ်ဟွတ် ဆိုးလာသည်။

'ဝုန်း...'

မြေပေါ် အရုပ်ကြိုးပြတ် လဲ ကျသွားလေတော့သည်။

'ဟား....ဟား....ဟား'

ကျင်းချုံးက ဟားတိုက် ရယ်မောလိုက်လေတော့သည်။

...★...

## တာမိုသိုင်းကွက်ဆန်း

---

ကျောက်နံရံများမှ သသင်းကျောက်များကြောင့် လင်းလင်းကျင်းကျင်း ရှိနေသည်။

နံရံများ၌တွင်းထားသော သိုင်းရုပ်ပုံများကို အတိုင်းသား တွေ့ရ၏။

ကျင်းလုံ စိတ်ဝင်စားသွားသည်။

သိုင်းပုံများကို ကြည့်လိုက်ရုံဖြင့် တာမိုသိုင်းကျမ်းမှ သိုင်းပညာရပ်များဖြစ်ကြောင်း သိလိုက်ရလေသည်။

တာမိုသိုင်းအား လိုချင်မက်မောသည့် သိုင်းလောကသားများသည် စစ်လိုင်ဓတောင်သို့ အဘီးသီး ရောက်ရှိလာကြပြီး သူတော်၏တိုက်ခိုက်မှုခံရကာ မရှုမလှဖြစ်ရလေသည်။



ကျင်းလုံကိုယ်တိုင်လည်း ကောင်းဖုံးအား ရင်ဆိုင်လိုစိတ်ဖြစ်ကာ တာမိုသိုင်းကျမ်းအား ရှာဖွေရန်လာခဲ့ခြင်းဖြစ်သည်။

ယခုတော့ မည်သူမှမရနိုင်သည့် တာမိုသိုင်းကျမ်းမှ သိုင်းကွက်များကို တွေ့မြင်နေရပြီ ဖြစ်လေသည်။

'ထူးဆန်းလိုက်တာ၊ ဘယ်သူမှမရနိုင်တဲ့ တာမိုသိုင်းကို ငါလာပြီးတွေ့နေရတယ်၊ ဘယ်သူကများ ကျောက်ဂူနံရံမှာ လာပြီး မှတ်တမ်းတင်ထားရတာလဲ'

အလွန်ထူးဆန်းသည့် ဖြစ်ရပ်ကြောင့် ကျင်းလုံနားမလည်နိုင်တော့ပါ။

မည်သို့ဆိုစေ....

တာမိုသိုင်းကွက်များအား တွေ့ရခြင်းသည် ကံကောင်းခြင်းဖြစ်သည်ဟုယူဆပြီး အခွင့်အရေးကို လက်လွှတ်မခံဘဲ လေ့ကျင့်နေလိုက်မိလေတော့သည်။

...★...

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေတော့သည်။

ကျင်းလုံတည်း တာမိုသိုင်းကွက်များအား စိတ်ဝင်စားစွာ လေ့ကျင့်နေခဲ့ရာ ပတ်ဝန်းကျင်ကိုပင် မေ့လျော့သွားခဲ့လေသည်။

တာမိုသိုင်းကျမ်းသည် ထူးခြားဆန်းကြယ်သော လျှို့ဝှက်နက်နဲသည်ဟု သတင်းကြီးသည်။

သို့သော်....

ဂုန်ရုံတွင် သိုင်းပုံများရေးဆွဲထားပြီး တစ်ခုနှင့်တစ်ခု ဆက်စပ်မှု ရှိနေခြင်းကြောင့် ကျင်းလုံ လေ့ကျင့်သောအခါ လွယ်ကူချောမွေ့နေပါတော့သည်။

သိုင်းရုပ်ပုံမှာ စုစုပေါင်း နှစ်ဆယ်ရှိပြီး ဘယ်ရုပ်ပုံပေါင်းစပ်လိုက်လျှင် သိုင်းကွက်ဖြစ်ပေါ်လာသည်ကို တွေ့ရ၏။

သိုင်းကွက်တစ်ကွက်မှာ ရန်သူအားတိုက်ခိုက်ခြင်းဖြစ်ပြီး ကျန်တစ်ကွက်မှာ ရန်သူ၏တိုက်ကွက်ကို ရှောင်တိမ်းခြင်းဖြစ်လေသည်။

ကျင်းလုံက လေ့ကျင့်ရင်း သိုင်းကွက်များ၏ အနေအထားကို သဘောပေါက်လာခြင်း ဖြစ်သည်။

သူ၏စိတ်အာရုံထဲ၌ သိုင်းနှစ်ကွက်ကို လေ့ကျင့်ရုံမှလွဲပြီး အခြားဘာမှ မရှိတော့ပါ။

သိုင်းရုပ်ပုံများကိုဆက်စပ်ကာ စွဲစွဲမြဲမြဲ မှတ်မိသည်အထိ လေ့ကျင့်နေလိုက်လေသည်။

အချိန်ကြာလာသည်နှင့်အမျှ သိုင်းနှစ်ကွက်ကို ကျေညက်လာလေတော့သည်။

ရုတ်တရက်....

ထူးခြားသောအသံတစ်ခုက ကျင်းလုံ၏နားထဲသို့ တိုးဝင်လာ၏။



ကျင်းလုံ သတိဝင်လာသည်။

လေ့ကျင့်ရာမှရပ်ကာ နောက်လှည့်ကြည့်လိုက်လေသည်။

ထိုတွင် သူ့အား မျက်လုံးစိမ်းကြီးများဖြင့် ကြည့်နေသည့် သူတော်အား တွေ့မြင်လိုက်ရလေတော့သည်။

...☆...

သူတော်သည် ကျင်းလုံအား မျက်မှောင်ကုတ်ကာ စိုက်ကြည့်နေပြီးမှ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်လေသည်။

တစ်ဖန်....

'ငါဒီမှာနေတာကြာပါပြီ၊ ဒီအခန်းကို တစ်ခါမှမရောက်ဖူးပါလား'

ဟူ၍ ရေရွတ်လိုက်လေသည်။

သက နံရံပေါ်မှ သိုင်းရုပ်ပုံများကို မျက်မှောင်ကုတ်ကာ ကြည့်လိုက်သည်။

'ဒါက ဘာအရုပ်တွေလဲ'

ကျင်းလုံသည် သူတော်အား မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့် ရင်ထိတ်သွားလေသည်။

ကပျာကယာ နောက်ဆုတ်လိုက်မိသည်။

သူတော်သည် ကျင်းလုံဘက်သို့ လှည့်လာသည်။

'မင်းက ဘယ်သူလဲ'

'ကျုပ်က ကျင်းလုံပါ'

'ကျင်းလုံ'

သူတော်သည် စိတ္တဇဝေဒနာ ခံစားနေရသူပီပီ ကျင်းလုံအား မှတ်မိခြင်း မရှိတော့ချေ။

'ဘယ်ကကျင်းလုံလဲ ငါမသိဘူး'

'ကျုပ်ဟာ ခင်ဗျားဆရာကို ပြုစုစောင့်ရှောက်ရတဲ့ ကျင်းလုံပါဗျာ၊ မမှတ်မိတော့ဘူးလား'

သူတော် ခေါင်းခါယမ်းလိုက်သလေသည်။

'မသိဘူး၊ ကျင်းလုံလဲမသိဘူး၊ ငါ့မှာ ဘာဆရာမှလဲမရှိဘူး'

'ခင်ဗျာ'

'မင်းဟာ စစ်လိန်တောင် ရှောင်လင်ကျောင်းခွဲကို မီးရှို့ဖျက်ဆီးဖို့ ရောက်လာတာပဲ မဟုတ်လား'

'ဗျာ....'

'ဟုတ်ပြီ၊ မင်းကြောင့် ရှောင်လင်ကျောင်း ပျက်စီးခဲ့ရတယ်၊ ငါ့ရဲ့ဆရာလဲ ဒုက္ခရောက်ခဲ့ရတယ်၊ မင်းကိုလဲ ဘယ်နည်းနဲ့မှ ချမ်းသာမပေးနိုင်ဘူး'

စကားဆုံးလျှင် သူတော်သည် ကျင်းလုံထံသို့ ခပ်သွက်သွက် လှမ်းထွက်လာလေတော့သည်။

မိမိအား တိုက်ခိုက်တော့မည်ဖြစ်ကြောင်း ရိပ်မိလိုက်သဖြင့် ကျင်းလုံ ထိတ်လန့်သွားလေသည်။



ဝင်ပေါက် ထွက်ပေါက် တစ်ပေါက်တည်းသာရှိသော ကျောက်ဂူအခန်းကျဉ်း၌ ပိတ်မိနေလေသောကြောင့် ရှောင်တိမ်းသွားဖို့ မဖြစ်နိုင်တော့ပါချေ။

ကျင်းလုံဗျာများနေစဉ်မှာပင်....

'သေပေတော့'

သူတော်က ညာသံပေးကာ တိုက်ခိုက်လာလေတော့သည်။

'ဟူး... ဟူး....ဟူး'

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သူတော်၏ လက်ဝါးရိပ်များသည် ပြင်းထန်သောအရှိန်အဟုန်ဖြင့် ကျင်းလုံထံသို့ တိုးဝင်လာလေသည်။

'ဟာ....'

ကျင်းလုံသည် သူတော်၏အစွမ်းကိုသိထားသဖြင့် ကြောက်လန့်တကြားအော်ဟစ်လိုက်သည်။

ကမျာကယာနောက်ဆုတ်လိုက်သောအခါ ဂူနံရံနှင့်ကျောပြင်ထိတွေ့မိလိုက်၏။

ဆက်၍ ရှောင်တိမ်းနိုင်စွမ်းမရှိတော့ပါ။

သူတော်၏တိုက်ခိုက်မှုကလည်း ရှေ့ဆက်တိုးဝင်လာသောကြောင့် 'ကျင်းလုံမနေနိုင်တော့ဘဲ....

ယား....'

ညာသံပေးကာ လက်ဝါးဆန့်တုတ်၍ ခုခံရင်ဆိုင်လိုက်ရလေတော့သည်။

ကျင်းလုံသည် အန္တရာယ်နှင့် ကြုံတွေ့လိုက်ရခြင်းကြောင့် လေ့ကျင့်ထားခဲ့သည့် ဂူနံရံမှခုခံသည့်သိုင်းကွက်များကို အား

ကိုးတကြိမ် ထုတ်သုံးခိုက်ခြင်းဖြစ်သည်။

ရုတ်တရက်ကျင်းလို၏သိုင်းကွက်သည် သူတော်၏ သိုင်းကွက်ကို ထိုးဖောက်လိုက်သကဲ့သို့ ဖြစ်သွားလေသည်။

ထူးခြားသော အသံတစ်ချက်ထွက်ပေါ်လာပြီး သူတော်၏တိုက်ကွက်ပျောက်ဆုံးသွားလေသည်။

'ဟင်....'

သူတော်ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ကျင်းလိုဝမ်းသာသွားသည်။

နံရံပေါ်မှ သိုင်းကွက်သည် အံ့ဩစရာ ကောင်းအောင် အစွမ်းထက်နေသည်မဟုတ်ပါလား။

ကျင်းလိုသည် မလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ နံရံပေါ်မှတိုက်ကွက်ကို အသုံးပြုကာ....

'ယား...'

ညာသံပေး၍ ကြောင်အမ်းအမ်း ဖြစ်နေသော သူတော်အားတိုက်ခိုက်ပစ်လိုက်လေသည်။

'ဟူး....'

လေတိုးသံများနှင့်အတူ ပြင်းထန်သော တိုက်ကွက်သည် သူတော်ထံသို့ တိုးဝင်သွားလေတော့သည်။

သူတော်မျက်လုံးပြူးသွားသည်

'မင်းဟာ ရှောင်ပင်ကျောင်းခွဲကို ဖျက်ဆီးပစ်ခဲ့တဲ့ လူယုတ်မာပဲ'

ဒေါသတကြီးအော်ကာ ရင်ဆိုင်လိုက်၏။

'ဝုန်း....'



ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

သူတော်မှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားကာ....

'ဖုန်း....'

မြေပေါ်လဲကျသွားလေတော့သ ။

....★....

သူတော် မြေပေါ်လဲကျသွားသည်ကို မြင်လျှင် ကျင်းလို ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူ၏လက်ဝါးကိုလည်း မယုံနိုင်စွာကြည့်လိုက်၏။

ကျောက်နံရံမှ သိုင်းနှစ်ကွက်သည် အံ့ဩစရာကောင်းလောက်အောင်ပင် အစွမ်းထက်နေသည် မဟုတ်ပါလား။

ထိုသိုင်းနှစ်ကွက်ကို တစ်ခေါက်ရုံဖြင့် ကြောက်မက်ဖွယ်ကောင်းလှသည့် သူတော်အား ယှဉ်နိုင်လိမ့်မည်ဟု သူမထင်ခဲ့ပါချေ။

သူတော်၏လက်ချက်ကြောင့် ဒုက္ခရောက်မည်ကိုကြောက်လန့်၍ ကြိုးစားရင်ဆိုင်ခဲ့ခြင်းသာဖြစ်ပါသည်။

ယခုတော့ ပချုပ်ပင်တဲ့ သူတော်အား အနိုင်ရလိုက်ပြီဖြစ်သည်။

ကျင်းလုံ ဝမ်းသာသွားကာ လွတ်ခနဲ အော်လိုက်မိလေသည်၊

'ဟေး…ခင်ဗျားဘာတတ်နိုင်သေးလဲ'

သူ၏အသံသည် ကျောက်ဂူအခန်းတွင်း၌ ကျယ်လောင်စွာဟိန်းထွက်လာသည်၊

သူတော်က လှုးလိမ့်ထလာသည်၊

သို့သော် တိုက်ခိုက်ခြင်းမပြုဘဲ ချာခနဲလှည့်ကာပြေးထွက်သွားလေတော့သည်၊

…★…

'မပြေးနဲ့….'

ကျင်းလုံသည် အော်ငေါက်ကာ သူတော်နောက်သို့လိုက်သွားလေသည်၊

သူတော်သည် ဒဏ်ရာရသွားကြောင်း ထင်ရှားပေါ်လွင်နေသည်၊

ဒယီးဒယိုင်ဖြင့် တဟုန်ထိုးပြေးသွားပြီး ရှုပ်ထွေးနေသော လိုဏ်ဂူလမ်းများအတွင်း ပျောက်ကွယ်သွားသည်၊



ကျင်းလုံကလိုက်သွားရင်းသူတော်ပျောက်ကွယ်သွားသဖြင့် ခြေလှမ်းရပ်လိုက်လေသည်၊

သူ၏ရင်ထဲ လှုပ်ရှားနေသည်။

သူတော်အား အနိုင်ရလိုက်သည်ကို မယုံနိုင်အောင် ဖြစ်နေပါတော့သည်၊

ကျင်းလုံသည် ကောင်းဖုံး၏ မျက်နှာကို မြင်ယောင်လာလေသည်၊

'သူတော်ကိုတောင် ရင်ဆိုင်နိုင်မှတော့ ကောင်းဖုံးကို ငါ ဘာကြောင့် ရင်မဆိုင်နိုင်ရမှာလဲ'

ကောင်းဖုံးကြောင့် သူ၏မိဘများ သေဆုံးခဲ့ရသည်၊

ကောင်းဖုံးအား မည်နည်းနှင့်မျှ ချမ်းသာမပေးနိုင်ပါ၊

'ဟား .. ဟား….ဟား ကောင်းဖုံးခင်ဗျား ကယ်ပြေးမလဲ'

ကျင်းလုံက ကြုံးဝါးလိုက်လေသည်၊

ထိုစဉ် မလှမ်းမကမ်းမှ ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်၊

ကျင်းလုံ ကြည့်လိုက်သောအခါ အမှောင်ရိပ်ထဲမှ လူနှစ်ယောက်ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသည်၊

'ဟာ….'

ကျင်းလုံလွတ်ခနဲငေါက်လိုက်မိသည်၊

ထိုလူနှစ်ယောက်မှာ ရုပ်ဆိုးမနှင့်တုတုဖုံးတို့ ဖြစ်နေကြသည်မဟုတ်ပါလား၊

ကျင်းလုံ ဖော်မပြနိုင်အောင် ဝမ်းသာသွားသည်၊

'ညီမ....'

တုတုဖုံးအားဆီးကြိုမိလိုက်၏။

တုတုဖုံးသည်လည်း ကျင်းလုံအားတွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွားသည်။

'အစ်ကို...'

ချက်ချင်းပင် ကျင်းလုံ ရင်ခွင်ထဲသို့ တိုးဝင်လာခဲ့လေသည်။

'ညီမရယ်'

ကျင်းလုံကလည်း တင်းကြပ်စွာ သိုင်းဖက်ထားလိုက်လေသည်။

သူတို့သည် ညလူ၏စိတ်ပြောင်းရန်ကြောင့် မှားယွင်းမိခဲ့ကြသော်လည်း တစ်ယောက်အပေါ်တစ်ယောက် မေတ္တာစစ်မြင့်သံယောဇဉ်ငြိတွယ်မိကြပြီတကား။

ရှပ်ဆိုးမသည် ကျင်းလုံတို့အား ကြည့်ကာ သက်ပြင်းချလိုက်လေသည်။

'အင်း....သူဘေးခသီချိန်မခံ ရှိနေတာတော်ပါသေးရဲ့'

တီးတိုးရေရွတ်လိုက်လေသည်။

အံ့သြစရာကောင်းသည်မှာ သူမ၏မျက်ဝန်းအစုံ၌ မျက်ရည်များပြည့်လျှံနေခြင်းပင်ဖြစ်သည်။

တုတုဖုံးသည် ကျင်းလုံအားမမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရသဖြင့် ဝမ်းသာအားရဖြစ်သွားသော်လည်း ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်လည်တွေးတောမိရင်း ရှက်သွေးဖြန်းကာ မျက်နှာတစ်ခုလုံး နီရဲသွားတော့သည်။



ကျင်းလုံ၏ရင်ခွင်ထဲမှလည်း ကပျာကယာရုန်းထွက်လိုက်သည်။

'ညီမ....'

ကျင်းလုံ ကြောင်အမ်းအမ်းဖြစ်သွားသည်။

တုတုဖုံးက ကျောခိုင်းထားလိုက်သည်။

ကျင်းလုံ သက်ပြင်းချလိုက်သည်။

'ညီမရယ်'

ရှပ်ဆိုးမက ရှေ့တိုးလာသည်။

'မင်းတို့နှစ်ယောက် ပြန်ပြီးဆုံတွေ့မိတာ အင်မတန် ဝမ်းသာစရာကောင်းပါတယ်၊ ကျုပ်ကအရေးကြီးတဲ့ စကားတစ်ခွန်းပြောချင်တယ်၊ သေသေချာချာနားထောင်ကြပါ'

ကျင်းလုံရော တုတုဖုံးပါ ရှပ်ဆိုးမကို ကြည့်လိုက်ကြလေသည်။

ရှပ်ဆိုးမက ချောင်းတစ်ချက်ဟန့်ကာ ပြောလာသည်။

'ကျုပ်စကားကိုဆုံးအောင် အရင်ဆုံး နားထောင်ကြပါ၊ တူမကြီးတုတုဖုံးနဲ့ပတ်သက်ပြီးပြောပါရစေ'

တုတုဖုံးခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ပြောပါ ဒေါ်ဒေါ်'

ရှပ်ဆိုးမက....

'တူမကြီးတို့ရွှေကျိုးဂိုဏ်းဟာ သိုင်းလောကမှာ ထင်ပေါ်ကျော်ကြားတာမှန်ပေမယ့် တူမကြီးရဲ့အဖေက ဒီ့ထက်ပိုပြီး သြဇာလွှမ်းနိုင်အောင်ကြိုးစားချင်တယ် သူဟာထင်းကျန့်ဂိုဏ်းချုပ် ကောင်းဖုံးအပေါ် ကူညီခဲ့ဘူးတဲ့ကျေးဇူးကို အခွင့်

အရေးတစ်ခုအဖြစ် အသုံးချပြီး တူမကြီးတို့ မင်္ဂလာကိစ္စကို စီစဉ်ခဲ့တာပဲကွယ့်'

'ရှင်....'

တုတုဖုံး မကျေမနပ်ဖြစ်သွားလေသည်။

'မင်္ဂလာကိစ္စကို ခဖေဖေက စီစဉ်ခဲ့တာဟုတ်လား'

'ဟုတ်တယ်၊ တကယ်လို့ ပေးဖူးခဲ့တဲ့ကတိကို လိုက်နာမယ်ဆိုရင် သူ့ရဲ့သမီးကို လက်ထပ်ယူရမယ်လို့ တုတုရှေ့က ကောင်းဖုံးကို အကြပ်ကိုင်ခဲ့တာပဲ'

'ဒါ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး'

တုတုဖုံးက အော်ဟစ်လိုက်လေသည်။

ရှုပ်ဆိုးမ၏စကားသည် သူမ၏ဖခင်ကို စော်ကားသည်ဟု ခံယူလိုက်သည်။

ရှုပ်ဆိုးမက တည်ငြိမ်သောလေသံဖြင့် ပြောသည်။

'တူမကြီး မယုံကြည်ဘူးဆိုရင် သိုင်းလောကမှာ စုံစမ်းကြည့်လို့ ရပါတယ်၊ ကောင်းဖုံးက လက်မခံဘဲငြင်းပယ်ခဲ့တာကို တူမကြီးအဖေက အခွင့်အကျပ်ကိုင်ခဲ့တာပဲ၊ ဒါကြောင့် ကောင်းဖုံးဟာ ဘာမှမတတ်သာဘဲ လက်ခံခဲ့ရတယ်၊ သက်ကြီးအိုတစ်ယောက်ဟာ သမီးပျိုအရွယ် မိန်းကလေးတစ်ယောက်ကို လက်ထပ်ရမှာမို့ သိုင်းလောကက နှုတ်တွက်ဖို့ဆုံးဖြတ်လိုက်ရတယ်၊ ကောင်းဖုံးလိုလူတစ်ယောက် သိုင်းလောကက နှုတ်တွက်မယ်ဆိုရင် ဘယ်လိုခံစားရမယ်ဆိုတာ တွေးကြည့်လို့ရပါတယ်'



တုတုဖုံးက မကျေမနပ်ဖြစ်နေသကဲ့သို့ ကျောင်းလုံအား ဒေါသထွက်နေ၏။

ကောင်းဖုံးအား လက်တုန့်ပြန်နိုင်ရန် တုတုဖုံးနှင့် မင်္ဂလာပွဲအား မဖြစ်မနေ ဆောင်ရွက်ပေးရသည်ဟု ညလူက ပြောခဲ့သည် မဟုတ်ပါလော။

ရှုပ်ဆိုးမက ဆက်၍ရှင်းပြလိုက်လေသည်။

'ညီမလေးဖေဖေဟာ ရွှေကျိုးဂိုဏ်းကို သိုင်းလောကမှာ ထိပ်တန်းအဆင့် ရောက်စေချင်တယ်၊ ဒါကြောင့် အရှိန်အဝါကြီးတဲ့ ထင်းကျန့်ဂိုဏ်းနဲ့ပူးပေါင်းဖို့ကြိုးစားခဲ့တာပဲ၊ ကောင်းဖုံးရဲ့ ဆုံးဖြတ်ချက်ကြောင့် သူ့ရဲ့ရည်ရွယ်ချက် မအောင်မြင်ဘဲ အခက်တွေ့နေရတယ်'

သူမသည် ကျောင်းလုံအား လက်ညှိုးသွန်ကာ ပြောလိုက်သည်။

'ကျောင်းလုံ....မင်းရဲ့မိဘတွေကို ကောင်းဖုံးက သတ်ခဲ့တယ်ဆိုပြီး အထင်မှားနေတယ် မဟုတ်လား၊ မင်းရဲ့မိဘတွေနဲ့ ကောင်းဖုံး ဘယ်လိုပတ်သက်ခဲ့သလဲဆိုတာကို မင်းမသိသေးဘူး'

ကျောင်းလုံ မဲ့ပြုံးပြုံးလိုက်သည်။

'သူတို့တစ်တွေဟာ မဟာရန်သူတော်ကြီးဆိုတာကို ကျွန်တော်ဘာကြောင့် မသိရမှာလဲ၊ ကောင်းဖုံးဟာ သူ့ကိုလုပ်ကြံဖို့ ကြိုးစားတယ်ဆိုပြီး ကျွန်တော့်ဖေဖေကို အဆိပ်အရက်ပေးခဲ့တယ်'

ရှုပ်ဆိုးမ လက်ကာပြလိုက်သည်။

'ဒါဟာ ကျင်းမြို့စားအပေါ်မှာ ကောင်းဖုံးက အရှုံးကန့်ကွက်လျှော့ သက်ညှာခဲ့တာပဲ၊ ကျင်းချုံးရဲ့ ပေါက်ချက်ကြောင့် ကောင်းဖုံးရဲ့အားထားရတဲ့ လူယုံတော်တွေ သေဆုံးခဲ့ရတယ်၊ ကျင်းချုံးဟာ ကောင်းဖုံးကိုလုပ်ကြံဖို့ အမျိုးမျိုးကြိုးစားခဲ့တာပဲ'

ကျင်းလုံ လက်မခံပါ၊

'ကျွန်တော့်အမေဟာ ကောင်းဖုံးကိုလုပ်ကြံရာ ဘာအကြောင်းမှ မရှိပါဘူး'

'မင်းမှားနေပြီ၊ ကျင်းမြို့စားဟာ ကောင်းဖုံးကို အမုန်းကြီးမုန်းနေတာပေါ့'

ကျင်းလုံ ခံပြင်းသွား၏၊

'ကောင်းပြီ၊ ကျွန်တော့်အမေက ကောင်းဖုံးကို ဘာကြောင့်မုန်းတီးရသလဲဆိုတာ ပြောပါ'

ရှပ်ဆိုးမ၏မျက်လုံးများ ရီဝေသွားလေသည်၊

'မင်းသိချင်ရင် ပြောပြရသေးတာပေါ့၊ ကျင်းချုံးက ကောင်းဖုံးအပေါ်မှာ ဘာကြောင့် မကျေမနပ် ဖြစ်ရသလဲဆိုရင် မင်းရဲ့မိခင်နဲ့ ကောင်းဖုံးတို့ဟာ တစ်ချိန်က ချစ်သူတွေ ဖြစ်ခဲ့ကြလို့ပဲ'

'ဗျာ....'

ကျင်းလုံသည် ကြားလိုက်ရသောစကားကို မယုံနိုင်အောင် ဖြစ်သွားလေသည်၊



'ခင်...ခင်ဗျား...'

'ကျင်းချုံးဟာ ဒီကိစ္စကို နောက်ကျမှသိခဲ့ရတယ်၊ ဒါကြောင့် မင်းရဲ့အမေကို တစ်ချိန်လုံး နှိပ်စက်ညှင်းပန်းခဲ့တယ်၊ ကောင်းဖုံးကိုလဲ မုန်းတီးထားပြီး တစ်ချိန်လုံး ဒုက္ခပေးဖို့ ကြိုးစားခဲ့တာပဲ၊ အဲ...ကောင်းဖုံးပေးလိုက်တဲ့ အရက်ကတော့ ဘယ်သူပိုင်ဆိုင်တဲ့ အရက်လဲဆိုတာ မင်းသိသလား'

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်၊

'ကျွန်တော် ဘယ်သိပါ့မလဲ၊ ကောင်းဖုံးက ပေးလိုက်တယ်ဆိုတော့ သူပိုင်တဲ့အရက်ပဲ ဖြစ်မှာပေါ့'

'မင်းမှားနေပြီ၊ ထင်းကျန့်ဂိုဏ်းရဲ့ နာမည်ကျော်အရက်ကို တကယ်တမ်းချက်လုပ်ပေးနေတာ ကျင်းမြို့စား ကိုယ်တိုင်ပဲ၊ သူဟာ ကောင်းဖုံးကို ခင်မင်ရင်းနှီးတဲ့ အထိမ်းအမှတ်အနေနဲ့ နှစ်စဉ် အရက်သုံးအိုး ချက်ပို့လေ့ရှိတယ်၊ အဲဒီနှစ်မှာတော့ ကောင်းဖုံးကိုလုပ်ကြံဖို့ အဆိပ်ခတ်ထားတဲ့ အရက်တစ်အိုးကို ထည့်ပေးလိုက်တယ်၊ ဒါကို ကောင်းဖုံးကသိတော့ သူ့ဆီကို ပြန်ပို့ပေးလိုက်တာပဲ'

ကျင်းလုံ ငိုင်သွားလေသည်၊

မည်သို့ဆိုစေ ရှပ်ဆိုးမပြောသည့် စကားများကို မယုံကြည်နိုင်အောင် ဖြစ်နေမိသည်၊

ရှပ်ဆိုးမအား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်ကာ ပြောလိုက်၏၊

'ဒေါ်ဒေါ်က ဒီအကြောင်းတွေကို ဘယ်လိုလုပ်ပြီး သိနေတာလဲ ပြောပါဦး'

ရှပ်ဆိုးမ သက်ပြင်းချလိုက်သည်။

'ကျုပ်က ဒီအကြောင်းတွေကို သိထားတဲ့အပြင် မင်းရဲ့ အဖေရောအမေပါ အသက်ရှင်နေသေးတယ်ဆိုတာ သိထားပါတယ်'

'ဗျာ....'

'မင်းမယုံဘူးလား၊ မင်းရဲ့မိဘနှစ်ပါးစလုံး တကယ်ပဲ အသက်ရှင်နေပါသေးတယ်'

'ဟင်....'

ကျင်းလုံ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'သူ....သူတို့ဘယ်မှာလဲ'

အလောတကြီး မေးလိုက်မိ၏။

ရှပ်ဆိုးမ လက်ကာပြလိုက်သည်။

'မလောပါနဲ့ကွယ်....အချိန်တန်ရင် မင်းသိရမှာပေါ့'

ကျင်းလုံ လက်မခံပါချေ။

'ကျွန်တော် အခုပဲသိချင်တယ်၊ ဒေါ်ဒေါ် အမှန်အတိုင်း ပြောပြနေတာဆိုရင် သူတို့ဘာကြောင့် အသက်ရှင်နေတာလဲ၊ ဘယ်မှာလဲဆိုတာ ပြောပြမှဖြစ်မယ်'

ရှပ်ဆိုးမ တွေဝေသွားသည်။

'ဒေါ်ဒေါ် မပြောမပြဘူးဆိုရင် ကျွန်တော်သဲ ယုံကြည်နိုင်မှာ မဟုတ်ပါဘူး'



ကျင်းလုံ အကြပ်ကိုင်လိုက်သည်။

ရှပ်ဆိုးမ ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ သူတို့ ဘယ်မှာရှိနေကြတယ်ဆိုတော့ ကျုပ်မသိဘူး၊ ဒါပေမယ် သူတို့ အသက်ရှင်လျက် ရှိနေတယ်ဆိုတာတော့ ပြောပြမယ်၊ ကျင်းမြို့စား ကျင်းချုံးဟာ ညလူအဖြစ် ရုပ်ဖျက်ပြီး နောက်ကွယ်ကနေ လှုပ်ရှားနေတာပေါ့'

'ဗျာ....'

ကျင်းလုံ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

'ဒါ... ဒါ တကယ်ပဲလား'

ညလူသည် သူ၏ဖခင် ကျင်း[illegible]ဖြစ်နေသည်။

ညလူက ကောင်းဖုံးအား အလွန်မုန်းတီးနေကြောင်း သိရှိထားလေသည်။

'သူက ဘာကြောင့်ရုပ်ဖျက်ထားရတာလဲ'

'သူ့ရဲ့ ကောက်ကျစ်စဉ်းလဲမှုတွေ ပေါ်ပေါက်သွားမှာကို စိုးရိမ်လို့ပေါ့၊ ကောင်းဖုံးကိုလှည့်ကြံဖို့ မင်းကိုတိုက်တွန်းခဲ့သေးတယ် မဟုတ်လား'

ကျင်းလုံက ဘာမှမပြောဘဲနေလိုက်လေသည်။

ရှပ်ဆိုးမက ဆက်ပြောသည်။

'သူဟာ ထင်းကျွန်ဂိုဏ်းချုပ်ရဲ့ 'မင်္ဂလာပွဲ' ဖြစ်မြောက်ဖို့ သဘောတူတယ်၊ ဖြစ်မြောက်အောင် အစွမ်းကုန်ကြိုးစားရမယ်လို့လဲ မင်းကိုတိုက်တွန်းခဲ့တယ် မဟုတ်လား'

ကျောင်းလုံက ငြိမ်နေဆဲ။

ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပင် မဟုတ်ပါလား။

ရှပ်ဆိုးမက အံကြိတ်လိုက်သည်။

'သူဟာ ရွှေကျီးဂိုဏ်းက သခင်မလေးဆိုတာကို ကျောင်းချုပ်က သိတယ်၊ ဒါကြောင့် မင်းတို့နှစ်ယောက်ကို စိတ်ပြောင်းနေနဲ့ တိုက်ခိုက်ပြီး ဒုက္ခပေးခဲ့သေးတာပဲ မဟုတ်လား'

ကျောင်းလုံက အမှတ်မထင် တုတုဖုံးအား ကြည့်လိုက်မိ၏။

တုတုဖုံး၏မျက်နှာ နီရဲသွားကာ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေသည်။

ရုတ်တရက် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ ထွက်ပြေးသွားလေတော့သည်။

ကျောင်းလုံ ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ သတိဝင်တာ....

'ညီမ....ညီမ'

အော်ဟစ်ကာ ပြေးလိုက်သွားလေတော့သည်။

လောဘအဆိပ်

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန် သာနေသည်။

လရောင်ဖြင့် ဇစ်လိန်တောင်မှာ သာယာလှပနေပါတော့သည်။

ကျောင်းလုံမှာ ကျောက်ဂူအပြင်ဘက်သို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။

သို့သော် တုတုဖုံး၏ အရိပ်အယောင်ကိုပင် မတွေ့ရတော့ပါချေ။

'ညီမ....ညီမ'

တကြော်ကြော်အော်ဟစ် ခေါ်လိုက်သော်လည်း တုန့်ပြန်သံ မကြားရပါချေ။

သူမသည် ရှက်ရှက်ဖြင့် ထွက်ပြေးသွားပြီ ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

'ဒုက္ခပါပဲ'

ခင်လိန်ဟောင်၌ အန္တရာယ်များလှပြီး အချိန်မရွေးအခက်အခဲ ဒုက္ခနှင့်ကြုံတွေ့နိုင်ကြောင်း နားလည်ထားသဖြင့် တုတုဖုံးအတွက် စိုးရိမ်နေပါတော့သည်။

ကျောင်းလုံသည် တုတုဖုံးထွက်သွားမည် ထင်ရသည်ဘက်သို့ မန်းဆကာလိုက်သွားရင်း သစ်ပင် ချုံနွယ်များကြားသို့ ရောက်ရှိလာလေသည်။

ထိုစဉ်....

'အား....'

'အမလေး....'

မလှမ်းမကမ်းတစ်နေရာမှ တိုက်ခိုက်သံများ၊ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်....'

ကျောင်းလုံ စိုးရိမ်ပူပန်သွားပြီး ကပျာကယာ ပြေးလွှားသွားလိုက်သည်။

မကြာပါချေ။

သစ်ပင်များကြား၌ တိုက်ပွဲတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့လိုက်ရ၏။



ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ကာ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသူများ တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်စွာ တိုက်ခိုက်နေခြင်း ဖြစ်သည်။

ကျောင်းလုံမှာ မြင်ကွင်းကို မယုံနိုင်အောင် ဖြစ်သွား၏။

'သိုင်းလောကသားတွေ ဘာကြောင့်များ အချင်းချင်း တိုက်ခိုက်နေကြပါလိမ့်'

ထိုစဉ်....

'သေကြစမ်း'

လူတစ်ယောက်က အော်ဟစ်ကာ လက်ဝှေ့ယမ်းလိုက်သောအခါ ဝင်းလက်တောက်ပသော အလင်းရောင်များ ထွက်ပေါ်လာသည်။

လက်နက်ပုန်းကလေးများဖြင့် ပစ်ခတ် တိုက်ခိုက်သောကြောင့် တခြားလူများ စူးရှစွာအော်ဟစ်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေတော့သည်။

'အား....'

'အမယ်လေး'

'သေပါပြီဗျ'

ကျောင်းလုံကြည့်နေစဉ်မှာပင် လူသစ်ယောက်မှလွဲပြီး ကျန်လူအားလုံး မြေပေါ်လဲကျသွားကြသည်ကို တွေ့လိုက်ရ၏။

ထိုလူက အားတိုက် ရယ်မောလိုက်သည်။

'နောက်ဆုံးတော့လဲ ရှောင်သင်ကျောင်းက သိုင်းကျမ်းတွေဟာ ငါ့လက်ထဲရောက်လာရတာပဲ မဟုတ်လား'

အစိမ်းရောင်အလံဂိုဏ်းချုပ် လီမင်းကွမ်း ဖြစ်နေသည်ကို တွေ့ရလေသည်။

လီမင်းကွမ်းသည် အဖြူရောင် သိုင်းသမားတစ်ယောက် ဖြစ်ပါလျက် အခြားသိုင်းသမားများ ခား ဘာကြောင့်တိုက်ခိုက်ခဲ့ရပါသနည်း။

လီမင်းကွမ်းသည် မြေပေါ်၌ကျနေသော အထုပ်တစ်ထုပ်ကို ကောက်ယူလိုက်လေသည်။

ထိုအထုပ်အတွင်း၌ ဘုံကျောင်းပျက် မြေတိုက်ခန်းမှရရှိလာသည့် သိုင်းကျမ်းများ ရှိနေပါသည်။

လီမင်းကွမ်းက သိုင်းကျမ်းများ အပိုင်စီးရန်ကြိုးစားလိုက်ခြင်း ဖြစ်ပါတော့သည်။

ကျင်းလုံ ကြည့်နေစဉ်မှာပင်....

'ဟူး....ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာကာ လူတစ်စုပြေးလွှားရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရ၏။

ထိုလူစုအား ဦးဆောင်လာသူမှာ မိုးညိုဂိုဏ်းမှ ပါစန်း ဖြစ်လေသည်။

ပါစန်းသည် လီမင်းကွမ်း၏ လုပ်ရပ်ကိုမြင်လျှင် ဒေါသထွက်သွားလေသည်။

'လီမင်းကွမ်း ခင်ဗျားဘာယ်လိုလုပ်လိုက်တာလဲ'

လီမင်းကွမ်းသည်း ပါစန်းကိုမြင်လျှင် ဒေါသထွက်သွားလေသည်။



သိုင်းကျမ်းအထုပ်ကို လက်တစ်ဖက်ကဆွဲကာ ကျန်လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်လေသည်။

'ခင်ဗျားမြင်တဲ့အတိုင်းပဲလေ'

ပါစန်း ခေါင်းခါယမ်းလိုက်သည်။

'ခင်ဗျားရဲ့ကိုယ်ကျိုးအတွက် သိုင်းကျမ်းတွေကို အပိုင်စီးမယ်ဆိုရင် ယမှားကြီးမှားသွားလိမ့်မယ်၊ ဒီသိုင်းကျမ်းတွေရဲ့မူလပိုင်ရှင်အစစ်အမှန်က ရှောင်လင်ကျောင်းပဲ၊ ဒါကြောင့်ရှောင်လင်ကျောင်းရဲ့လက်ထဲ ပြန်အပ်ပေးမှ မှန်ကန်လိမ့်မယ်'

လီမင်းကွမ်း ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဗျား ကျုပ်သဘောမတူနိုင်ပါဘူး'

ပါစန်းသက်ပြင်းချလိုက်သည်။

'ဒါဆို ကျုပ်အဆုံးမဆိုနဲ့ပေါ့ဗျာ'

ချက်ချင်းဝင်တိုက်ခိုက်ရန် အသင့်ပြင်ကာ ရှေ့တိုးသွားလိုက်သည်။

ကျင်းလုံ စိတ်ထဲမကောင်းဖြစ်သွား၏။

သိုင်းလောကသားများသည် သိုင်းပညာနှင့်ပတ်သက်လာလျှင် ရှုပ်ထွေးသွားတတ်ကြသည်မဟုတ်ပါလား။

ပါစန်းနှင့်အတူ လိုက်ပါလာကြသည့် သိုင်းသမားများကလည်း ချက်ချင်းဝိုင်းရံထားလိုက်ကြ၏။

လီမင်းကွမ်း အံကြိတ်လိုက်သည်။

'ပါစန်း ခင်ဗျားက သိုင်းကျမ်းတွေကို အပိုင်စီးချင်လို့မဟုတ်လား၊ ကျုပ်ဘာယ်တော့မှ အလျှော့မပေးဘူး သိထားမှတ်ထားပါ'

ချက်ချင်းပင် ဓားတစ်လက်ဆွဲထုတ်ကာ စတင်တိုက်ခိုက်လိုက်လေသည်။

ဂင်းသက်တောက်ပသော ဓားနှစ်ချောင်းတွေ့ဆုံကြသောအခါ လာပြီး သူ၏ဓားသည် မြေပြင်ပေါ်သို့ ထိုးစိုက်သွားလေသည်။

ပါစန်းက အသာအယာပင် ရှောင်တိမ်းကာ မြန်လည်တိုက်ခိုက်လိုက်လျှင်....

'ဝုန်း....'

'ချွမ်း....'

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာကာ ထိုမင်းကွမ်း မြေပေါ်လဲကျသွားသည်။

သူကိုင်ဆောင်ခဲ့သည့်ဓားမှာ သူ၏ရင်ဝ၌ ပြန်လည်စိုက်ဝင်နေသည်ကို တွေ့လိုက်ရသည်။

ပါစန်း ရယ်မောလိုက်သည်။

'လီမင်းကွမ်းဟာ နာမည်ရှိတဲ့သိုင်းသမားတစ်ယောက်ပါ၊ ဒါပေမယ့် ရှောင်လင်ကျောင်းက ပိုင်ဆိုင်တဲ့သိုင်းကျမ်းတွေနဲ့ မျက်သင်္ကါလာတော့ စိတ်ဖောက်ပြန်သွားတော့တာပဲ'

သူ၏စိတ်ဆွေတစ်ယောက်က ထောက်ခံလိုက်လေသည်၊

'ဟုတ်ပါတယ်ဗျာ ရှောင်လင်ကျောင်းက သိုင်းကျမ်းတွေကို ဒီအတိုင်းထားရင် အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေပါလိမ့်မယ်၊ ကျုပ်တို့တာဝန်ယူပြီး ရှောင်လင်ကျောင်းကိုပို့ပေးပါမယ်'



ထိုလူက သူ၏အပေါင်းအသင်းများအား လက်ဝှေ့ယမ်းပြလိုက်သည်။

'ကဲ....မိတ်ဆွေတို့ သိုင်းကျမ်းတွေယူပြီး သွားကြပါစို့'

'ကောင်းပြီ....ကောင်းပြီ'

'ရှောင်လင်ကျောင်းကို ပို့ပေးဖို့ ကျုပ်တို့ တာဝန်ယူရမှာပေါ့'

ကျန်လူများကလည်း တစ်ယောက်တစ်ခွန်းထောက်ခံပြောဆိုလာကြသည်။

ကျင်းလုံ့မျက်နှာငိုက်ကျသွား၏၊

'ဒီလူတွေကိုကြည့်ရတာ အနေအထားမဟန်ပါလား'

သူ၏အတွေးမဆုံးမီ လူတစ်ယောက်သည်ပါစန်း၏နောက်ကျောဘက်သို့ တိတ်တဆိတ် ချဉ်းကပ်သွားပြီး ဓားဖြင့်ထိုးသွင်းလိုက်လေသည်။

'သတိထား'

ကျင်းလုံ လှမ်းအော်ပြောလိုက်မိ၏။

ပါစန်း ကြောင်အမ်းအမ်းဖြစ်သွားတော့သည်၊

ကျင်းလုံ၏သတိပေးသံကို ကြားရသဖြင့် ကပျာကယာနောက်လှည့်ကြည့်လိုက်ရာ ထိုးသွင်းလာသောဓားကိုတွေ့လိုက်ရသဖြင့် ကပျာကယာရှောင်တိမ်းလိုက်ရ၏။

ကျန်လူများသည် ဓားကိုယ်စီဆွဲထုတ်ကာ ပါစန်းအားဝိုင်းဝန်းတိုက်ခိုက်လိုက်ကြလေသည်၊

'လက်စသပ်တော့ ကျုပ်ကိုပါအပျောက်ရှင်းဖို့ ကြံစည်ကြတာကိုး၊ ရှောင်လင်ကျောင်းရဲ့ သိုင်းကျမ်းတွေဟာ ခင်

ဈားတို့ကိုလဲ ရှုးသွပ်သွားစေခဲ့ပြီလား’

အများနှင့် တစ်ယောက်တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပါသည်။

ကျင်းလုံကား ဝင်ပါသင့်မသင့် ရုတ်တရက်ဆုံးဖြတ်၍ မရဘဲ ဘေးကြည့်နေမိလေသည်။

‘ဝုန်း....’

‘အား....’

‘အမလေး’

‘သေပါပြီဗျ’

စူးရှသော အော်ဟစ်သံများ တခဲနက်ထွက်ပေါ်လာသည်။

ပါစန်း၏ လက်ချက်ကြောင့် သိုင်းသမားအလိနာသွားကြသကဲ့သို့ ပါစန်းသည်လည်း ဒဏ်ရာသုံးလေးချက် ရရှိသွားလေသည်။

ကျင်းလုံမနေနိုင်တော့ပါ။

‘ရပ်လိုက်’

အော်ဟစ်ရင်း တိုက်ပွဲအတွင်းသို့ ပြေးဝင်လိုက်လေသည်။

....★....



ကျင်းလုံပြေးဝင်သွားသည်နှင့် တိုက်ပွဲအခြေအနေတစ်မျိုး ပြောင်းလဲသွားလေသည်။

သိုင်းသမားများ ဖရိုဖရဲဖြစ်သွားကြသည်။

အခြေအနေမဟန်မှန်းသိလျှင်....

‘ပြေး....ပြေး’

တစ်ယောက်တစ်ပေါက် အော်ပြောကာ ထွက်ပြေးတိမ်းရှောင်သွားကြလေသည်။

ကျင်းလုံက ပါစန်းအနီးသို့ ချဉ်းကပ်သွားလိုက်၏။

‘ဦး ကျွန်တော် ဘာကူညီပေးရမလဲခင်ဗျာ’

ပါစန်းခေါင်းခါယမ်းလိုက်လေသည်။

‘ကိစ္စမရှိဘူး၊ ဒီဒဏ်ရာလောက်နဲ့ ကျုပ်အာမှုမဖြစ်ပါဘူး၊ ဒါပေမယ့် ရှောင်လင်ကျောင်းရဲ့ သိုင်းကျမ်းတွေအတွက်တော့ ရင်မလေးစရာပဲ’

‘ဒီသိုင်းကျမ်းတွေကို ရှောင်လင်ကျောင်းကို ပြန်ပို့ပေးနိုင်မှ ဖြစ်မယ်၊ ဒါမှမဟုတ်ရင် လောဘဇောကပ်နေတဲ့ သိုင်းလောကသားတွေကြောင့် ဒုက္ခရောက်ရလိမ့်မယ်’

‘ဟုတ်ပါတယ် ခင်ဗျာ’

ကျင်းလုံသည် ရှောင်လင်ကျောင်းတော်ကြီးဆီသို့ သိုင်းကျမ်းများ သွားရောက်ပို့ဆောင်ပေးလိုစိတ် ရှိသော်လည်း တုတုဖုံးအား ရှာဖွေရဦးမည့်အပြင် ကောင်းဖုံးနှင့်လည်း ရင်ဆိုင်ရမည်ဖြစ်ရကား ဝန်လေးနေမိလေသည်။

ထိုစဉ်....

'သာမှမပူကြပါနဲ့ကွာ၊ ဒီကိစ္စကို ကျုပ်တာဝန်ယူလိုက်ပါ့မယ်'

စကားသံနှင့်အတူ လူတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူကား ဆင့်ရှန်းဖြစ်ပါသည်။

ပါစန်း ဝမ်းသာသွားသည်။

'မိတ်ဆွေရောက်လာတာနဲ့ အခတော်ပဲ၊ ဓားသမားကျန်းရှိက သိုင်းကျမ်းတွေကို တာဝန်ယူထားပေမယ့် လီမင်းကျမ်းတို့လူစုက အကောက်ကြံပြီး လုပ်ကြံလိုက်တယ်၊ ပြီးတော့ အချင်းချင်း ပြန်တိုက်ခိုက်နေကြတော့တာပဲ'

ဆင့်ရှန်း သက်ပြင်းချလိုက်၏။

'သိုင်းကျမ်းတွေကို ရှောင်လင်ကျောင်းက ပိုင်ဆိုင်ထားတာဆိုတော့ ရှောင်လင်ကျောင်းကို ပြန်ပို့ပေးတာ အမှန်ကန်ဆုံးပါပဲ၊ ဒီကိစ္စကို ကျုပ်တာဝန်ယူလိုက်ပါ့မယ်'

'ကျေးဇူးပါပဲဗျာ'

ဆင့်ရှန်းသည် ရှေ့တိုးလာပြီး လက်တစ်ဖက်က သိုင်းကျမ်းများထည့်ထားသည့် အထုပ်ကလေးကို ဆွဲယူလိုက်၏။

ကျန်လက်တစ်ဖက်ကမူ ပါစန်း၏ရင်ဝကို ရိုက်ချလိုက်လေသည်။

မချော်သင့်သောဖြစ်ချင်းကြောင့် ပါစန်း ရှောင်တိမ်းခြင်း မပြုနိုင်တော့ပါချေ။

'ဝုန်း....'

'အား....'



စူးရှသောအော်သံနှင့်အတူ မြေပေါ်လဲကျသွားတော့သည်။

'ဟာ....'

ကျောင်းလုံ လွှတ်ခနဲအော်လိုက်မိလေသည်။

ဆင့်ရှန်း ရယ်မောလိုက်သည်။

'မင်းတော့'

'ခင်....ခင်ဗျား တော်တော် ရက်စက်တာပဲဗျာ၊ ကိုယ့်အချင်းချင်း အကောက်ကြံရသလား'

ဆင့်ရှန်း ခေါင်းခါယမ်းလိုက်သည်။

'ကိုယ့်အချင်းချင်းလို့ မင်းကို ဘယ်သူကပြောသလဲ၊ စစ်လီနိတောင်ကို ရောက်လာတဲ့လူတွေဟာ သိုင်းကျမ်းတွေလိုချင်လို့ပဲဆိုတာ မင်းမှတ်ထားပါ၊ တာမိုသိုင်းကျမ်းကို မရရင်လဲ တခြားသိုင်းကျမ်းတစ်ခုခုရရင် မဆိုးဘူးမဟုတ်လား'

'ခင်....ခင်ဗျား'

'မင်းနဲ့တုတုဖူးကော သိုင်းကျမ်းလိုချင်လို့ လာခဲ့ကြတာပဲမဟုတ်လား၊ ရွှေကျီးဂိုဏ်းဟာ ဂိုဏ်းချုပ်ကြီး ကောင်းဖုံးအပေါ် အကောက်ကြံဖို့ စီစဉ်ထားခဲ့တာပဲ၊ ကဲ... ပြောစမ်း၊ လူတိုင်းလူတိုင်းဟာ ကိုယ့်ရဲ့ကိုယ်ကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်နေကြတာပဲ မဟုတ်လား၊ ကျုပ်က သိုင်းကျမ်းတွေကို ရယူချင်တယ်ဆိုတာ ဘာများဆန်းနေလို့လဲ'

ကျင်းလုံ မည်သို့ပြောရမှန်းမသိအောင် ဖြစ်သွား၏။

ထိုစဉ် သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာ၏။

ကျင်းလုံကြည့်လိုက်သောအခါ လူတစ်ယောက် လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူကိုမြင်လျှင် ကျင်းလုံနှလုံးသွေးများ ရပ်တန့်သွားသည်ဟု ခံစားလိုက်ရသည်။

ရောက်ရှိလာသူမှာ သူတွေ့လိုနေသည့် ကောင်ဖုံး ဖြစ်နေသည် မဟုတ်ပါလား။

····★····

# အလှည့်

---

ကောင်းဖုံး ရောက်ရှိလာသည်။

ကျင်းလုံသည် ကောင်းဖုံးအား ဒေါသထကြီး ကြည့်လိုက်လေသည်။

ကောင်းဖုံးက ဆင့်ရှန်းအား စိုက်ကြည့်လိုက်သည်။

ဆင့်ရှန်း မျက်နှာပျက်သွားလေသည်။

'ခင်....ခင်ဗျား....'

ကောင်းဖုံး ခေါင်းညိတ်လိုက်၏။

'ကျုပ်ကိုမှက်မိသေးတာကိုး၊ တစ်ကိုယ်တော်သိုင်းသမား ဆင့်ရှန်းဟာ အဖြူရောင် သိုင်းသမားတစ်ယောက်လို့ သိုင်းလောကမှာ နာမည်ကြီးတယ်၊ ခုတော့ ဘယ်လိုဖြစ်တာလဲ'

'ဟား....ဟား....ဟား'

ဆင့်ရှန်းက ဟားသို့ ဆိုနှယ်မော လိုက်လေသည်။

'ကျုပ်ပြောပြီးပါပကောဗျာ၊ ရှောင်လင်ကျောင်းက သိုင်းကျမ်းတွေဟာ သူတစ်ယောက်ကို အပြောင်းလဲကြီးပြောင်းလဲသွားစေနိုင်တာပေါ့ဗျာ'

ကောင်းဖုံး သက်ပြင်းချလိုက်၏။

'ကောင်းတဲ့ဘက်မှာ ပြောင်းလဲတာပဲ သူ့အတွက်ကောင်းကြလိမ့်မယ်၊ မကောင်းတဲ့ဘက်မှာ ပြောင်းလဲတာကိုတော့ ဘယ်သူကမှ လက်ခံကြမှာ မဟုတ်ဘူး'

ဆင့်ရှန်း ပခုံးတွန့်လိုက်သည်။

ကောင်းဖုံး လက်ကာပြလိုက်သည်၊

'ကျုပ်က လက်မခံဘူးဆိုရင်ကော'

'ဒါတော့ ကျုပ်ရဲ့ကုသိုလ်ကံပဲပေါ့ဗျာ'

'ကောင်းပြီ'

ကောင်းဖုံးက ရှေ့တိုးသွားလေသည်၊

ဆင့်ရှန်းက တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်လေသည်၊ လိုမည်....

'ရပ်လိုက်'

ကျင်းလုံက ဟန့်တားကာ ရှေ့တိုးလိုက်လေသည်၊

ကောင်းဖုံး မျက်မှောင်ကုတ်သွားသည်၊

'မင်းဟာ ထင်းရှိနဲ့အတူနေခဲ့တဲ့ ကောင်လေး မဟုတ်လား'

ကျင်းလုံ ဘာမှမပြောဘဲနေလိုက်သည်၊



ကောင်းဖုံး ပြုံးလိုက်သည်။

'မင်းရောက်လာတာနဲ့ အတော်ပဲ၊ ရှောင်လင်ကျောင်းက သိုင်းကျမ်းတွေကို ထင်းရှိဆီကို ယူသွားပါ'

'ကျုပ်မသွားနိုင်ဘူး'

ကျင်းလုံငြင်းလိုက်သောစကားကြောင့် ကောင်းဖုံးကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'မင်း....'

'ကျုပ်က ခင်ဗျားကိုဆုံးမမယ့် လူတစ်ယောက်ဆိုတာမှတ်ထားပါ'

'ဘာ....'

ကောင်းဖုံး အံ့ဩသွားလေသည်၊

ကျင်းလုံ အံတင်းတင်းကြိတ်လိုက်သည်၊

'လူယုတ်မာကြီး သေဖို့သာပြင်ထားပေတော့'

လက်ဝါးနှစ်ဖက်ကိုအသုံးပြုကာ စတင်တိုက်ခိုက်လိုက်လေသည်၊

'မင်း ဘယ်လိုလုပ်လိုက်တာလဲ'

ကောင်းဖုံး ကပျာကယာရှောင်တိမ်းပေးလိုက်၏၊

ကျင်းလုံက အလျှော့မပေးဘဲ ဂူနံရံမှသိုင်းကွက်ကို အသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

သူက သိုင်းကွက်ပြောင်းလိုက်သည်နှင့် ကြောက်မက်ဖွယ်ကောင်းသောအရှိန်အဟုန် ဖြစ်ပေါ်လာလေသည်။

ကောင်းဖုံးပင် မယှဉ်နိုင်အောင်ဖြစ်သွား၏၊

'မင်း....မင်း ဘယ်လိုသိုင်းကွက်မျိုး အသုံးပြုလိုက်တာလဲ'

ခေါင်းခင်း ကျောကယ ချောင်တိမ်း ပေးပို့ကြရသည်၊

ကျင်းလုံ အားတက်သွား၏၊

သူ၏သိုင်းပစ်ကွက်သည် ထိပ်သီးသိုင်းပညာရှင်ကောင်းဖုံး ကိုပင် နောက်ဆုတ်သွားအောင် တိုက်ခိုက်နိုင်ခဲ့ပြီ မဟုတ်ပါ လား၊

ထိုသိုင်းကျမ်းကိုသာ ရရှိသည်ဆိုပါက ကျိန်းသေအနိုင် ယူနိုင်လိမ့်မည်ဟု ယုံကြည်မိလေသည်၊

'ယား....'

ကျင်းလုံသည် ညာသံပေးကာ ထပ်မံတိုက်ခိုက်လိုက်သည်၊

ကောင်းဖုံးမှာ လူငယ်တစ်ယောက်၏တိုက်ကွက်ကြောင့် နောက်ဆုတ်ပေးလိုက်ရသည်ကို ခံပြင်းသွားပြီး လက်ဝါးဆန့် ထုတ်ကာ ပြန်လည်ခုခံလိုက်လေသည်၊

ယခုတစ်ကြိမ် နှစ်ယောက်သားထိပ်တိုက်ရင်ဆိုင်မိလိုက်ကြ လေသည်၊

'ဝုန်း....'

ကျယ်လောင်သောအသံထွက်ပေါ်လာကာ ကျင်းလုံကော ကောင်းဖုံးပါ ပြိုင်တူနောက်ဆုတ်လိုက်ကြရလေသည်၊

ကောင်းဖုံး မျက်နှာပျက်သွား၏၊

ကျင်းလုံ၏ သိုင်းကွက်သည် အလွန် ကြောက်မက်ဖွယ် ကောင်းနေပြီး ကျင်းလုံသာ အတွင်းအား ပြည့်ဝနေပါလျှင် မိမိအရေးနိမ့်သွားမည်ဖြစ်ကြောင်း နားလည်လိုက်လေတော့ သည်၊

ထိုစဉ်....



'ပြေး....ပြေး'

'မြန်မြန်ပြေး'

အော်ဟစ်ပြောဆိုသံများ၊ ပြေးလွှားလာသော ခြေသံများ၊ တိုက်ခိုက်သံ၊ စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည် ကို ကြားလိုက်ရလေသည်၊

အရောင်အသွေး စုံလင်စွာ ဝတ်ဆင်ထားကြသော သိုင်း သမားများသည် အရောအယှက် ပြေးလွှားလာကြပြီး လူတစ် ယောက်က ထက်ကြပ်မကွာလိုက်လာကာ တိုက်ခိုက်နေသည် ကို တွေ့ရလေသည်၊

ထိုသူ၏ကြောက်မက်ဖွယ်ကောင်းသောတိုက်ခိုက်မှုကြောင့် သိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက်လဲကျသွားသည် ကို တွေ့နေရ၏၊

ပြေးလွှားလာကြသောသိုင်းသမားများသည် ကောင်းဖုံး ကိုတွေ့လျှင် ဝမ်းသာအားရ ပြေးလာကြလေသည်၊

'ဂိုဏ်းချုပ်ကြီး ကယ်ပါဦး'

'မကောင်းဆိုးဝါးကောင်က ကျုပ်တို့ကို လိုက်ပြီးဒုက္ခပေး နေပါတယ်'

'ဂိုဏ်းချုပ်ကြီး ဟန့်တားပေးပါ'

အော်ဟစ်ပြောဆိုလိုက်သံများက ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားလေတော့သည်၊

ကောင်းဖုံးကော ကျင်းလုံပါ ရင်ထိတ်သွားကြလေသည်၊

သိုင်းသမားများအား လိုက်လံတိုက်ခိုက်နေသူကို ကြည့် လိုက်သောအခါ မကောင်းဆိုးဝါး (ဝါ) သူတော် ဖြစ်နေ

သည်ကို တွေ့ရလေသည်၊

သူတော်၏မျက်လုံးများ နီရဲနေသည်။

သူ၏မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းအောင် ခက်ထန်နေပါတော့သည်၊

သို့တိုင် တဟီးဟီးတဟားဟား ရယ်မောကာ သိုင်းသမားများအား ဟိုက်နိုက်နေပါတော့သည်။

သိုင်းသမားများသည် သူတော်၏လက်မှ လွတ်မြောက်ရန် အသက်လုပြေးနေကြသော်လည်း မကြာမီ သူတော်ကလိုက်ရှိမီသွားပြီး လက်ဝါးဖြင့်ရိုက်ချသုတ်သင်ခြင်း ခံလိုက်ကြရပါတော့သည်၊

သိုင်းသမားများ လုပ်ကြံခံနေရသည်ကို ကောင်းဖုံးလက်ပိုက်ကြည့်မနေနိုင်တော့ပါ။

'ရပ်လိုက်....'

အော်ဟစ်ရင်း သူတော်ထံသို့ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သူတော်နှင့်ကောင်းဖုံးတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြ၏၊ ဒုတိယအကြိမ်အဖြစ် ရင်ဆိုင်မိလိုက်ကြခြင်းဖြစ်သည်၊

'ဝုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်၊

ကောင်းဖုံးကော သူတော်ပါ ပြိုင်တူ နောက်ဆုတ်လိုက်ရသည်၊

သူတော်မှာတာမိုသိုင်းပညာတတ်မြောက်ထားခြင်းကြောင့် ကြောက်မက်ဖွယ် ကောင်းသူ တစ်ယောက် ဖြစ်နေပါသော်



လည်း ကျင်းကိုနှင့် ရင်ဆိုင်ခဲ့ပြီးနောက် ထူးဆန်းသောသိုင်းကွက်နှစ်ကွက်၏ဒဏ်ကိုခံရကာ အတွင်းဒဏ်ရာရရှိသွားသဖြင့် သူ၏သိုင်းစွမ်းအားမှာ ယုတ်လျော့သွားခဲ့ရလေသည်၊

ထို့ကြောင့် ကောင်းဖုံးက်ကောင်းသွားပြီး လက်ရည်ညီမျှစွာ ယှဉ်ပြိုင်နိုင်လိုက်ခြင်း ဖြစ်ပါတော့သည်၊

ကောင်းဖုံး အားတက်သွားသည်၊

'လဲကျလိုက်စမ်း'

သင်းကျန်ဂိုဏ်း၏ အကောင်းဆုံး သိုင်းကွက်ဖြစ်သော ကောင်းကင်မှား ကောင်းကင်သက်ဝါး သိုင်းကွက်ကို ထုတ်ဖော်ကာ ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်လေသည်၊

သူတော် မျက်လုံးပြူးနေ၏၊

'လူသတ်ကောင်....လူသတ်ကောင်'

ဟုအော်ဟစ်ကာ တဟုန်ထိုးပြန်လည်တိုက်ခိုက်လေသည်၊

နှစ်ယောက်သား မီးကုန်ယမ်းကုန် တိုက်ခိုက်လိုက်ကြခြင်း ဖြစ်လေသည်၊

သစ်ပင်ချုံနွယ်များ လှုပ်ယမ်းသွား၏၊

ဖုန်များ၊ သဲများ တထောင်းထောင်းထသွားသည်၊

ကောင်းဖုံးနှင့် သူတော်တို့သည် သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်ရင်း တဖြည်းဖြည်းဝေးသွားကြလေတော့သည်၊

....★....

## စစ်မှန်သောမေတ္တာ

သူတော်နှင့် ကောင်းဖုံးတို့ မြင်ကွင်းမှပျောက်ကွယ်သွားကြပြီဖြစ်ပါသည်။

သူတို့သည် တိုက်ခိုက်ရင်း ကျောက်လိုဏ်ဂူများဘက်သို့ ရောက်ရှိကာ ပျောက်ကွယ်သွားကြခြင်းဖြစ်ပါသည်။

ကျင်းလုံအား ပြေးလိုက်သွားရန် ဟန်ပြင်လိုက်စဉ် ဆင့်ရှုန်းသည် သိုင်းကျမ်းများပါရှိသော အထုပ်ကို ကောက်ယူကာ တဟုန်ထိုးထွက်ပြေးသွားသည်ကို တွေ့လိုက်ရသည်။

ကျင်းလုံ ဒေါသထွက်သွား၏။

'ရပ်လိုက်'

ဆင့်ရှုန်းနောက်သို့ တဟုန်ထိုးပြေးလိုက်သွားသည်။



နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့် ပြေးသွားကြပြီး မကြာမီ ကျောက်ဆောင်ကြီး တစ်ခုရှေ့သို့ ရောက်ရှိသွားကြလေသည်။

ထိုကျောက်ဆောင်ကြီး၏တစ်ဘက်၌ နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးရှိနေပါသည်။

ထိုချောက်ကမ်းပါး ကျောက်ဆောင် ခံနေခြင်းကြောင့် ဆင့်ရှုန်းထွက်ပြေးရန်မဖြစ်နိုင်တော့ချေ။

ကျင်းလုံမှ ပြုံး ပြုံးလိုက်သည်။

'ခင်ဗျားဘယ်ပြေးမလဲ'

သူက ရှေ့သို့တိုးလိုက်စဉ်....

'လက်စသပ်တော့ ရှင်လိုက်လာတာကိုး'

စကားသံတစ်ချက် လွင့်ပျံ့လာသည်ကို ကြားလိုက်ရ၏။

ကျင်းလုံကြည့်လိုက်သောအခါ ကျောက်ဆောင်ကြီးပေါ်၌ ချောက်ထဲသို့ခုန်ဆင်းရန် ဟန်ပြင်နေသည့် မိန်းမချောလေး တုတုဖုံ ဖြစ်နေသည်ကိုတွေ့လိုက်ရလေသည်။

'ဟာ....'

ကျင်းလုံ အထိတ်တလန့်အော်လိုက်မိသည်။

တုတုဖုံသည် အဖြစ်မှန်များကို သိရှိသွားပြီဖြစ်၍အရှက်ကြီးရက်ကာ အဆုံးစီရင်ရန် ကြံစည်နေခြင်း ဖြစ်ပါတော့သည်။

'ညီမ မလုပ်နဲ့'

ကျင်းလုံ ကျယ်လောင်စွာအော်ဟစ်လိုက်၏။

လူယုတ်မာ ဆင့်ရှန်းကိုပင် အမှုမထားနိုင်ပါတော့ချေ၊ သူ၏ဘဝတွင် တုတုဖုံးသည် အရေးအကြီးဆုံးပင် ဖြစ်ကြောင်း သိရှိနေပြီဖြစ်လေသည်။

ကျင်းလုံက ကျောက်ဆောင်ပေါ်ခုန်းတက်သွားခဲ့သော ကြောင့် ဆင့်ရှန်းအသက်ရှူချောင်သွားသည်။

နဖူးပေါ်မှချွေးများကိုသုတ်ကာ အခဲဝသို့ ထွက်ပြေးရန် ယန်ပြင်ဟိုက်စဉ် မမျှော်လင့်သောဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာလေသည်။

'ရှင်မလာနဲ့'

တုတုဖုံးက အော်ဟစ်ရင်းချောက်ထဲသို့ ခုန်ချလိုက်လေသည်။

'ညီမ....'

ကျင်းလုံမျက်လုံးများ ပြာဝေသွားလေသည်၊

ချက်ချင်းပင် မြေပေါ်ခြေဆောင့်ကာ အပေါ် ခုန်တက်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် ပျံသွားတစ်ကောင်ပမာ ထိုးတက်သွားပြီး ကျောက်ဆောင်ပေါ်သို့ရောက်ရှိသွားသည်၊

တစ်ဖန်ရှေ့ခုန်ထွက်ကာ တုတုဖုံးအား ဆွဲဆားလိုက်၏'

သူ၏လှုပ်ရှားမှုမှာ လျှပ်ပြက်သကဲ့သို့ သျှင်မြန်ခနပါတော့သည်။



လေထဲရောက်သွားပြီး လက်ကစ်ဖက်ကတုတုဖုံး၏ခါးဘက် လက်မောင်းကို လှမ်းဆွဲမိလိုက်ပြီး ချောက်ထဲထိုးမကျသွားရ လေအောင် တားဆီးနိုင်လိုက်ပါသော်လည်းသူကိုယ်တိုင်လည်း လေထဲရောက်ရှိနေပါတော့သည်။

နှစ်ယောက်စလုံး ချောက်ထဲ ကျမသွားစေရေး အတွက် အားကုန်ထုတ်ကာ ကျောက်ဆောင်ပေါ်သို့ ပြန်လည်ခုန်ကူး လိုက်၏။

အဝေးသို့ထွက်ပြေးရန် ကြိုးစားနေသော ဆင့်ရှန်းသည် ထိုအဖြစ်အပျက်ကိုမြင်လျှင် အကြံရသွားလေသည်။

'ခံကောင်လေးကို အခွင့်အရေးရတုန်း ဆုံးမထားမှဖြစ် မယ်....'

ချက်ချင်းပင် ကျောက်ဆောင်ပေါ်သို့ ခုန်တက်ကာ ကျင်း လုံအား ဆီကြို့တိုက်ခိုက်လိုက်လေသည်။

ကျင်းလုံမှာ လက်တစ်ဖက်က တုတုဖုံးအား ဆွဲထားရပြီး ချောက်ထဲကျမသွားရေးအတွက် ကျောက်ဆောင်ပေါ် ပြန် လည်ရောက်ရှိရန် ကြိုးစားနေရသဖြင့် ဆင့်ရှန်း၏ တိုက်ခိုက် မှုခံလိုက်ရသောအခါ ထိတ်လန့်သွားတော့သည်။

'ခင်ဗျားယုတ်မာလှချည်လား'

ဒေါသတကြီး အော်ပြောလိုက်သော်လည်း ပြန်လည်ခုခံ တိုက်ခိုက် နိုင်ခြင်းမရှိဘဲ ကျောက်ဆောင်ပေါ်သို့ ရောက်ရှိရေး ကိုသာ အမီအရကြိုးစားလိုက်ရလေသည်။

သူ၏ခြေထောက်တစ်ဘက်သို့ ကျောက်စွန်းသန်းတစ်ခုကို လှမ်း၍ချိတ်လိုက်မိသဖြင့် ကံကောင်းသွား၏။

သို့တိုင် နှစ်ယောက်သား လေထဲ၌တွဲလောင်းကြီး ဖြစ်နေပါတော့သည်။

အကယ်၍ ကျောက်စွန်းပေါ်၌ချိတ်ထားသောခြေထောက်သာ လွတ်သွားမည်ဆိုပါက နှစ်ဦးသား နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီး အတွင်းသို့ ကျသွားလိမ့်မည် ဖြစ်လေသည်။

ထိုအဖြစ်အပျက်ကိုမြင်လျှင် ဆင့်ရှန်းကာသသော ကျွတ်ရယ် မောလိုက်သည်။

'ဟား... ဟား....ဟား ဘယ်လိုလဲ ငါ့ကိုဒုက္ခပေးဖို့ ကြိုးစားနိုင်သေးရဲ့သား'

ချက်ချင်းရှေ့တိုးလာပြီး ကျင်းလုံ၏ခြေထောက်ကို သူ၏ ခြေထောက်ဖြင့် ဆောင့်နင်းချလိုက်သည်။

ကျင်းလုံ ဘာမှမတတ်သာဘဲ ဆင့်ရှန်း၏ လက်ချက်ကိုခံလိုက်ရလေသည်။

'အား....'

ကျင်းလုံနာကျင်စွာ အော်ဟစ်လိုက်သော်လည်း ကျောက်စွန်းမနေ၍ ခြေထောက်ပြုတ်ထွက်မသွားစေရန် တောင့်ခံထားလိုက်လေသည်။

ဆင့်ရှန်းနှာခေါင်းရှုံ့လိုက်သည်။



'မင်းတော်တော် စွဲကောင်းပါလား၊ ဘယ်လောက်အထိ ခံနိုင်ရည်ရှိမယ်ဆိုတာ ကြည့်ကြသေးတာပေါ့'

ကြုံးဝါးရင်း ကျောက်ခဲတစ်လုံးကောက်ယူကာ ကျင်းလုံ၏ခြေထောက်ကို ထုချလိုက်လေသည်။

'ဖျောင်း....'

'အား....'

အရိုးကျိုးသံ စူးရှသောအသံများ ထွက်ပေါ်လာသည်။ ကျင်းလုံ၏ခြေထောက်မှာ သွေးချင်းချင်း နီရဲသွားတော့သည်။

ထိုအဖြစ်အပျက်ကို လေထဲ၌တွဲလောင်းရှိနေသော ကုတ္တဖုံးလည်း တွေ့မြင်သွားလေသည်။

ကျင်းလုံသည် သူမအတွက်အသက်စွန့် ကာကွယ်နေခြင်း ဖြစ်ကြောင်း နားလည်လိုက်သည်။

ကျင်းလုံအနှိပ်စက်ခံနေရသည်ကို တွေ့ရသောအခါ ဝမ်းနည်းပကြကွဲစွာ မျက်ရည်ဖြိုင်ဖြိုင်ကျလာတော့သည်။

'အငဲ့ရယ် ကျွန်မရဲ့လက်လို့လွှတ်လိုက်ပါတော့'

ကျင်းလုံခေါင်းခါယမ်းလိုက်သည်။

'ညီမ ကျုပ်ကလွဲတင်ပေးမယ်၊ အားယူပြီး အပေါ် ခုန်တက်နိုင်အောင်ကြိုးစားပေတော့'

ကျောက်စွန်း၌ ချိတ်တွယ်ထားသော ခြေထောက်မှာ ဓားချပြင်းတန်စွာ ရရှိသားပြီဖြစ်ရကား ကြာကြာတောင့်ခံနိုင်တော့မည် မဟုတ်ပါချေ။

ကျောက်စွန်းမှ ခြေထောက်ပြုတ်မကျသွားခင် တုတုဖုံးအား အပေါ်ဆွဲတင်ရန် ကြိုးစားအားယုတ်လိုက်ခြင်း ဖြစ်ပါတော့သည်။

'ယား....'

ကျင်းလုံသည် ညာသံပေးကာ အားကုန်ထုတ်လိုက်ပြီး တုတုဖုံးအား အပေါ်သို့ ဆွဲတင်လိုက်သည်။

ထိုကဲ့သို့ ကြိုးစားလိုက်ရခြင်းကြောင့် ခြေထောက်မှာ မခံမရပ်နိုင်အောင်နာကျင်သွားပြီး ကျောက်စွန်းမှ ပြုတ်ထွက်သွားတော့သည်။

'ဝိုး....'

တုတုဖုံးသည် ဆွဲတင်လိုက်သော အရှိန်ဖြင့် ကျောက်ဆောင်ကြီးအပေါ်သို့ ပြန်လည်ရောက်ရှိသွားချိန်၌....

'ဟူး....'

ကျင်းလုံကား မည်သို့မျှမထိန်းနိုင်တော့ဘဲ ချောက်ထဲသို့ ကျသွားတော့၏။

'အစ်ကို'

တုတုဖုံး ချက်လုံးပြာဝေသွားကာ အသံကုန် အော်ဟစ်လိုက်လေသည်။

ထို့စဉ်...

'ဟူး....'



လူရိပ်တစ်ခုသည် ကျောက်ဆောင်ပေါ်သို့ ရိပ်ခနဲရောက်ရှိလာပြီး ရောင်စုံကြိုးတစ်ချောင်းကို ဝှေ့ယမ်းလိုက်လေသည်။

'ရှပ်....'

ထိုရောင်စုံကြိုးသည် ကျင်းလုံ၏ခါးကို အတည့်တည့်မတ်မတ် ရစ်ပတ်မိလိုက်လေသည်။

'ပြန်လာခဲ့'

ထိုလူက ရောင်စုံကြိုးကို ဆောင့်ဆွဲတိုက်သောအခါ ကျင်းလုံမှာ ကျောက်ဆောင်ကြီးပေါ်သို့ ပြန်လည် ရောက်ရှိလာလေတော့သည်။

ကံကောင်းထောက်မပြီး ကျင်းလုံ အသက်ဘေးမှ လွတ်မြောက်လာပြီ လေသည်။

ကျင်းလုံအားကယ်တင်လိုက်သူမှာ မည်သူဖြစ်ပါသနည်း။

ကျင်းလုံသည် မြေပေါ်လူးလိမ့်ရင်း ကယ်တင်လိုက်သူကို ကြည့်လိုက်သောအခါ ရှပ်ဆိုးမကြီးဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'ဟင်....'

ဆင့်ရှန်းသည် အခြေအနေမဟန်သည်ကိုမြင်လျှင် ကျောက်ဆောင်ကြီးပေါ်မှ ပြေးဆင်းသွားရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....'

'လူယုတ်မာ၊ ရှင်ပြေးလို့လွတ်မလား'

တုတုဖုံးက ဒေါသတကြီး စိုက်စိုက်လိုက်လျှင်....

'ဝှန်း...'

'အား....'

ဆင့်ရှန်းမှာ ချောက်ထဲသို့ ထိုးကျသွားပါလေတော့သည်၊

....★....

ဆင့်ရှန်း ချောက်ထဲထိုးကျသွားပြီ ဖြစ်ပါသည်၊

သူနှင့်အတူ ရောင်လင်ကျောင်းမှ သိုင်းကျမ်းများလည်း ပါသွားပြီ ဖြစ်သည်၊

ချောက်ထဲသို့ရောက်သွားလျှင် ထိုသိုင်းကျမ်းများ ပျက်စီးသွားတော့မည်ဖြစ်သည်၊

မည်သူကမှ ရယူဖို့ကြိုးစားနိုင်တော့မည်မဟုတ်ဘဲ အခုမှ အမှန်တကယ် ပျက်စီးသွားတော့မည် ဖြစ်လေသည်၊

ရှင်ဆိုးမ သက်ပြင်းချလိုက်သည်၊

'တာမိုသိုင်းကျမ်းပါ ခုဖိုပျက်စီးသွားခဲ့ရင် ဘယ်လောက် ကောင်းလိုက်မလဲ'

တီးတိုးရေရွတ်လိုက်၏၊



ထိုစဉ်....

'အစ်ကို'

တုတုဖုံးသည် ကျင်းလုံသို့ ပြေးသွားပြီး ဖေးမလိုက်သည်၊

ကျင်းလုံက အသေသတကြီး မေးလိုက်သည်၊

'ညီမ ဘာမှမဖြစ်ဘူးနော်'

'ကျွန်မ ဘာမှမဖြစ်ပါဘူး၊ အစ်ကိုရဲ့ ခြေထောက်က....'

'ကိစ္စမရှိပါဘူး ညီမရယ်၊ မကြာခင် သက်သာသွားမှာပါ'

တုတုဖုံးသည် ကျင်းလုံကိုကြည့်ရင်း ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်၊

ချက်ချင်းပင် ပဝါတစ်တသ်ကိုထုတ်ယူကာ ကျင်းလုံ၏ခြေထောက်မဒဏ်ရာကို စည်နှောင်ပေးလိုက်၏၊

အချိန်မီ ဆေးဝါးကုသမှုမခံရပါက ခြေတစ်ဖက် ဆုံးရှုံးရတော့မည့်အဖြစ်ကို ရိပ်မိသွားရကား သူမ၏မျက်ဝန်းအစုံမှ မျက်ရည်များ တစိမ့်စိမ့်စီးကျလာတော့သည်၊

ကျင်းလုံ ပင့်သက်ရှိုက်လိုက်သည်၊

'ညီမရယ်... ဘာမှမစိုးရိမ်ပါနဲ့၊ ညီမ အသက်ရှင်နေတာကိုပဲ ကျုပ် ဝမ်းသာမဆုံးတော့ပါဘူး'

'ဟင့်အင်း....ကျွန်မ သေသွားဖို့ကောင်းတာ၊ ကျွန်မကြောင့် ခုလိုဖြစ်ရတာ'

'ညီမ သေသွားမယ်ဆိုရင် ကျုပ်ရော အသက်ရှင်သန်နေနိုင်မယ်လို့ ထင်သလား'

'ရှင်....'

တုတုဖုံး၏ခန္ဓာကိုယ်လေး သိမ့်ခနဲ တုန်ခါသွားသည်။

ရုပ်ဆိုးမ၏မျက်လုံးများ ရီဝေနေ၏။

တုတုဖုံးနှင့် ကျောင်းလုံတို့ကိုကြည့်ရင်း မေတ္တာကရုဏာ၏ သိမ်မွေ့နက်ရှိုင်းပုံကို ခံစားနေရဟန် ရှိလေသည်။

'အစ်ကိုရယ်'

တုတုဖုံးက ကျောင်းလုံရင်ခွင်ထဲ တိုးဝင်လိုက်၏။

ကျောင်းလုံက အသာအယာ သိုင်းဖက်ထားလိုက်သည်။

ရုပ်ဆိုးမ သက်ပြင်းချကာ ချောင်းတစ်ချက်ဟန့်လိုက်၏။

'ကဲ....တို့သွားရအောင်၊ မင်းရဲ့ဒဏ်ရာကို အချိန်မီဆေးကုဖို့လိုတယ်၊ နောက်ကျသွားရင် မလိုလားအပ်တဲ့ ခြေထောက်တစ်ဖက် ဆုံးရှုံးသွားရလိမ့်မယ်'

တုတုဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'ကျွန်မတို့ ဘယ်ကိုသွားကြမှာလဲဟင်'

ရုပ်ဆိုးမက လိုဏ်ဂူများရှိနေသည့်နေရာသို့ ညွှန်ပြလိုက်လေသည်။

'မင်းရဲ့ခြေထောက်က အရိုးတွေကြေမွသွားတာ အမြန်ဆုံးသက်သာပျောက်ကင်းအောင် ကုသပေးနိုင်တဲ့လူ တစ်ယောက်ပဲရှိတယ်၊ သူ့ဆီက ဒဏ်ကြေအရိုးဆက်ဆေးလုံးကို ရမယ်ဆိုရင် ချက်ချင်းပျောက်သွားမှာပဲ၊ ဒါမှမဟုတ်ရင် မင်းကံကောင်း၊ တယ်ဆိုရင်တောင် ခြေထောက်တစ်ဖက်ဟာ တစ်သက်လုံးတော့ ကျိုးဖြစ်နေလိမ့်မယ်'



ကျောင်းလုံက ငြိမ်နေ၏။

တုတုဖုံးက လောဆော်လိုက်သည်။

'ဒီလိုဆိုရင်လဲ ကျွန်မတို့ မြန်မြန်သွားကြရအောင်လားရှင်'

'ကောင်းပြီ....လိုက်ခဲ့ကြ'

ရုပ်ဆိုးမက ရှေ့မှလမ်းပြခေါ်ဆောင်သွားလျှင် တုတုဖုံးက ကျောင်းလုံအား ဖေးမကာ လိုက်ပါသွားလေတော့သည်။

★

ရုပ်ဆိုးမက ဦးဆောင်ကာ တုတုဖုံးသည် ကျောင်းလုံအား ဖေးမ၍ လိုဏ်ဂူကြီးအတွင်းသို့ ဝင်ရောက်သွားလေသည်။

ထိုမြင်ကွင်းအား မလှမ်းမကမ်းတစ်နေရာမှလူတစ်ယောက်က စောင့်ကြည့်နေပါသည်။

ညလူ(ဝါ) ကျောင်းမြို့စား ကျောင်းချုံးဖြစ်လေသည်။

ကျောင်းချုံး ပြုံးလိုက်သည်၊

'သူတော်နဲ့ ကောင်းဖုံးတို့ ဂူထဲဝင်သွားကြပြီ၊ ခုတစ်ခါ အရေးပါတဲ့လူသုံးယောက်ဝင်သွားကြတယ်၊ လူတော့စုံနေပြီ၊ ကျုပ်တို့လဲ လိုက်သွားကြတာပေါ့'

မလှမ်းမကမ်း၌ရှိနေသော ထင်းရီအား လှမ်းပြောလိုက်၏။

ထင်းရှိသည့် ကျောင်းချုံး၏ အကျဉ်းသားသဖွယ် ဖြစ်နေပါတော့သည်။

ထင်းရှိက ဘာမှပြန်မပြောဘဲ မျက်နှာလွှဲထားလိုက်၏။

ကျောင်းချုံးက အနီးတိုးချဉ်းကပ်သွားပြီး ထင်းရှိအား ပါးနှစ်ချက်ရိုက်ချလိုက်လေသည်။

'ဖြန်း…ဖြန်း'

ရုတ်တရက် ထင်းရှိ၏ပါးပြင် နီရဲသွားကာ မီးဝင်းဝင်းတောက်နေသော ဒေါသမျက်လုံးများဖြင့် ပြန်ကြည့်လိုက်လေသည်။

ကျောင်းချုံး ပြုံးလိုက်၏။

'ဘာပဲဖြစ်ဖြစ် ကျုပ်စကားကို ခင်ဗျားနားထောင်ရလိမ့်မယ်….'

ထင်းရှိ အံကြိတ်လိုက်သည်။

'ကျောင်းချုံး၊ မင်းဟာ တစ်ချိန်ကထင်ရှားခဲ့တဲ့ မြို့စားလေးတစ်ယောက်ပါ၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာကိုမထိန်းဘဲ ဘာကြောင့်ဒီလောက်ယုတ်မာချင်နေရတာလဲ'

ကျောင်းချုံး ခေါင်းခါယမ်းလိုက်သည်၊

'ကျုပ်ရဲ့ဂုဏ်သိက္ခာဟို ထိခိုက်ခဲ့တာကြောင့် ခုလိုဖြစ်နေရတာပေါ့ဗျာ၊ ကျုပ်စကားကို နားမထောင်ရင် ခင်ဗျားဒုက္ခရောက်ရမယ်ဆိုတာသိလျက်နဲ့ ဘာကြောင့် ခေါင်းမာချင်နေရတာလဲ'

'ကျုပ်ကို ဘယ်တော့မှ အကြပ်ကိုင်လို့မရဘူးဆိုတာ မှတ်ထားပါ'



'ဒီတော့….'

ကျောင်းချုံး ခေါ်သက်က်သွားသည်၊

'ဒီလောက်တောင် ဖြစ်နေရင်လဲ ခင်ဗျားကို ရှင်းပစ်ရုံပဲရှိတော့တာပေါ့'

စကားဆုံးလျှင် ထင်းရှိ၏ဦးခေါင်းပေါ် လက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်လေသည်၊

ထင်းရှိက ကြောက်ရွံ့ဟန်မပြဘဲ မတုန်မလှုပ်ကြည့်နေ၏၊

ရုတ်တရက် ကျောင်းချုံး၏လက်သည် လေထဲမှာပင် ရပ်တန့်သွားလေသည်၊

သူ့စိတ် ပြောင်းလဲသွားပုံရသည်၊

မျက်မှောင်ကုပ်သွားပြီးမှ တဖြည်းဖြည်း ပြုံးလာသည်၊

တစ်ဖန်….

'ကောင်းလိုက်တဲ့အကြံ'

ဟု ရေရွတ်လိုက်လေသည်၊

ထင်းရှိကား ကျောင်းချုံး ဘာဘယ်ကြောင့်စိတ်သဘောထားပြောင်းလဲသွားသည်ကို နားမလည်နိုင်အောင် ဖြစ်နေ၏၊

ကျောင်းချုံးက ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်၊

'ကောင်းတယ်…ကောင်းတယ်'

သူ၏အင်္ကျီအိတ်ထဲမှ မျက်နှာဖုံးတုကိုထုတ်ယူကာ ထင်းရှိ၏မျက်နှာပေါ်၌ စွပ်ပေးလိုက်၏၊

ဒေါသကြောင့်ပိတ်ခံနေရသဖြင့် ထင်းရှိ ဘာမှမတတ်သာဘဲ ငြိမ်သက်ခံနေရလေတော့သည်၊

ကျောင်းချုံက ခပ်မည်းမည်းဆေးလုံးလေးတစ်လုံးကို ထုတ်ယူကာ ထင်းရိုကိုအတင်းတိုက်လိုက်၏။

ဆေးလုံးလေးက ချက်ချင်းအစွမ်းပြလာသည်၊

ထင်းရို၏မျက်လုံးများရှိစေကာ ငူငူငိုင်ငိုင်ဖြစ်လာ၏၊

ကျောင်းချုံက ပြောလိုက်သည်။

'ကဲ....ခုချိန်ကစပြီး ခင်ဗျားနာမည် ကျောင်းချုံဖြစ်သွားပြီ၊ ခင်ဗျားဟာ ညလူ၊ ခင်ဗျားဟာကျောင်းချုံ၊ ကဲ....ပြောကြည့်စမ်း ကျောင်းချုံ'

'ကျောင်းချုံ'

'ညလူ....'

'ညလူ....'

ထင်းရိုသည် ကျောင်းချုံပြောသည့်အတိုင်း သံယောင်လိုက်ကာ ပြောလာလေသည်၊

'ဟား....ဟား....ဟား'

ကျောင်းချုံက ထင်းရိုကိုကြည့်ကာ ဟားတိုက်ရယ်မောလိုက်လေသည်။

...★...

ထူး ထွေ ဆန်း လာ

---

လိုဏ်ဂူပေါက်များ ပင့်ကူပိုးမျှင်ပမာ သွယ်ယှက်လျက်ရှိသော စစ်လိန်တောင်၏ အလျှိုဝှက်ဆုံး လိုဏ်ဂူအတွင်းသို့ ကျောင်းလုံတို့ ဝင်ရောက်လာခဲ့ကြပြီ ဖြစ်သည်။

သလင်းကျောက်များ၏ စိမ်းဖန့်ဖန့် အလင်းရောင်ဖြင့် ချောက်ခြားဖွယ်ကောင်းအောင် အေးစိမ့် တိတ်ဆိတ်နေသည့် လိုဏ်ဂူထဲ၌ ရှပ်ဆိုးမက ရှေ့မှဦးဆောင်၍သွားနေပြီး တုတုဖုံက ကျောင်းလုံအားဖေးကာလိုက်သွားလေသည်၊

ကျောင်းလုံခံစားနေရသော ဝေဒနာသည် တစ်စထက်တစ်စ မြင့်တက်လာသည်၊

'အား....ကျွတ်....ကျွတ်'

ကျင်းလုံ လွှက်ခနဲညည်းတွားမိလိုက်၏။

တုတဖုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

'အစ်ကို ခဏလောက်နားမလား ဟင်'

ပျာပျာသလဲ မေးလာ၏။

ကျင်းလုံ ခေါင်းခါယမ်းလိုက်သည်။

"ရပါတယ် ညီမရယ်'

တုတုဖုံးက ရှင်ဆိုးမအား လှမ်းမေးလိုက်၏။

'ကျွန်မတို့ ဘယ်အထိသွားရမှာလဲ'

ရှင်ဆိုးမ သက်ပြင်းချလိုက်၏။

'သူတို့ ဂူထဲဝင်သွားကြတာပဲ'

ကျင်းချုံး မျက်မှောင်ကုတ်သွား၏။

'သူတို့ဆိုတာ ဘယ်သူတွေများလဲဗျာ'

'အင်း...မင်းသိအောင်ပြောရရင် မင်းရဲ့ဝေဒနာ အမြန်ဆုံးသက်သာ ပျောက်ကင်းအောင် ကုသပေးနိုင်တဲ့ လူတစ်ယောက်ပဲရှိတယ်၊ အဲဒီလူဟာ ထင်းကျန့်ဂိုဏ်းချုပ် ကောင်းဖုံးပဲ'

'ဗျာ....'

ကျင်းလုံ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

တိုက်တိုက်ဆိုင်ဆိုင် သူ၏ဝေဒနာ သက်သာပျောက်ကင်းသွားအောင် ကုသပေးနိုင်သူမှာ ကောင်းဖုံး ဖြစ်နေပါတော့သည်။

ကျင်းလုံ ခေါင်းချက်ချင်း ခါယမ်းလိုက်၏။

'ကျွန်တော် မကုတော့ဘူး' ___



'မင်း ဘာဖြစ်လို့လဲ'

'သူဟာ ကျွန်တော့်ရဲ့ မဟာရန်သူတော်ကြီး ဖြစ်နေလို့ပါပဲ'

ရှင်ဆိုးမ လက်ကာပြလိုက်လေသည်။

'မင်းမှားနေပြီ၊ မင်းရဲ့ တကယ့် ရန်သူတော်အစစ်ဟာ ကျင်းချုံးပဲ'

ကျင်းလုံ ဒေါပွသွားသည်။

'ကျွန်တော့်ကို ကူညီခဲ့တဲ့အတွက် ခေါ်ခေါ်တို့ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့သားအဖကို သွေးခွဲ ရန်တိုက်ပေးလို့ မရပါဘူးခင်ဗျာ၊ ကျွန်တော့်ရဲ့ အဖေဟာ ကောင်းဖုံးရဲ့ ယုတ်မာမှုကြောင့် သေဆုံးသွားခဲ့ပါပြီ'

ရှင်ဆိုးမ ခေါင်းခါယမ်းလိုက်သည်။

'မင်းတို့ရှင်းပြလို့ မရတော့ဘူးလား၊ ကျင်းချုံးက သေချင်ဟန်ဆောင်နေတာ၊ သူတကယ်မသေသေးဘူး၊ သူက ကောင်းဖုံးနဲ့မင်းကို ရန်တိုက်ပေးခဲ့နေတယ်ဆိုတာ နားလည်စမ်းပါ'

ကျင်းလုံ တွေဝေသွားလေသည်။

ညလု၏လုပ်ရပ်များသည် သဘောသဘာဝ မှန်ကန်မှုမရှိသည်ကို သူရိပ်မိထားပြီး ဖြစ်ပါသည်။

သို့သော် သူ၏ဖခင်မှာ ညလူဖြစ်သည်ဟူ၍ မယုံနိုင်အောင် ဖြစ်နေပါသည်။

'ကျောင်းချုပ်နဲ့ ကောင်းဖုန်းတို့ဟာမမျှော်လင့်ဘဲ မဟာရန်သူတော်ကြီးတွေ ဖြစ်ခဲ့ကြတယ်၊ ဒါပေမယ့် ကျောင်းချုပ်ဟာ ကောင်းဖုန်းကိုမနိုင်တော့ အခြေအနေ အချိန်အခါကိုစောင့်ပြီးမှ ဒုက္ခပေးဖို့ကြိုးစားခဲ့တာပဲ'

ကျောင်းလုံးက ရှပ်ဆိုးမအား စိုက်ကြည့်လိုက်သည်၊

'ဒေါ်ဒေါ်က ဘာကြောင့် ကျွန်တော့်အဖေကို မကောင်းပြောနေရတာလဲဗျာ'

'သူဟာ လူကောင်းတစ်ယောက် မဟုတ်လို့ပေါ့'

ကျောင်းလုံ ခေါင်းခါယမ်းလိုက်သည်။

'ဒီလောက်နဲ့တော့ လက်ခံလို့ရမှာ မဟုတ်ပါဘူး၊ ဒေါ်ဒေါ်တာ ကျွန်တော့်အဖေအပေါ်မှာ တစ်ဖက်သတ် စော်ကားနေတယ်လို့ အပြစ်တင်ရမှာပါ'

တုတုဖုန်းက ဘာမှမပြောဘဲ တိတ်ဆိတ် ငြိမ်သက်စွာဖြင့် နားထောင်နေသည်၊

ရှပ်ဆိုးမလည်း ငြိမ်ကျသွား၏၊

'ကျွန်တော့်ဖေဖေဟာ မကောင်းတဲ့လူလို့ပြောချင်ရင် ခိုင်လုံတဲ့အကြောင်းပြချက်တော့ ရှိရပါလိမ့်မယ်၊ ကျွန်တော်ပြောတာ မှန်တယ်မဟုတ်လား'

ရှပ်ဆိုးမ ခေါင်းညိတ်လိုက်၏၊

'ကဲ...မင်းရဲ့အဖေဟာ မသေသေးဘဲ အသက်ရှင်နေသေးတယ်၊ မင်းအဖေဟာ လူကောင်းမဟုတ်ဘဲ လူယုတ်မာတစ်ယောက်လို့ သူကပြောမယ်ဆိုရင်ကော'

'ဗျာ....'



မမျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ကျောင်းလုံပါးစပ်အဟောင်းသား ဖြစ်သွားလေသည်၊

တုတုဖုန်းလည်း ကြောင်အမ်းအမ်း ဖြစ်သွား၏၊

ကျောင်းချုပ်မကောင်းကြောင်း ပြောနေသည်မှာ ရှပ်ဆိုးမဖြစ်သည်၊

ရှပ်ဆိုးမသည်ပင် ကျောင်းလုံ၏မိခင် ဖြစ်နေသည်လော၊

ကျောင်းလုံ မျက်လုံးပြူး၍ ရှပ်ဆိုးမအား မေးလိုက်၏၊

'ဒေါ်...ဒေါ်ဒေါ် ဘယ်လိုပြောလိုက်တာလဲဗျာ'

ရှပ်ဆိုးမက တည်ငြိမ်သောလေသံဖြင့် ပြောသည်၊

'ငါအမှန်တရားကို ပြောနေတယ်ဆိုတာ မင်းနားလည်သင့်တယ်၊ အမှန်ကိုမမြင်ရင် မင်းဒုက္ခရောက်လိမ့်မယ်'

'ဒါဖြင့် ဒေါ်ဒေါ်ဟာ....'

ကျောင်းလုံစကားဆုံးအောင် မပြောရသေးမီ မလှမ်းမကမ်းမှ သိုက်ခိုက်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်၊

...★...

ရုတ်တရက် တိုက်ခိုက်သံများ ထွက်ပေါ်လာလေသည်။

ရုပ်ဆိုးမ မျက်နှာပျက်သွား၏။

'မြန်မြန်လာ'

ချက်ချင်းပင် တိုက်ခိုက်သံများ ထွက်ပေါ်လာရာဆီသို့ ပြေးသွားလိုက်လေသည်

ထို့နောက်....

'လာ....အစ်ကို'

တုတုဖုံးသည် ကျောင်းလုံအားဖေးမကာ ရုပ်ဆိုးမနောက်သို့ လိုက်သွားလေတော့သည်။

---★---

သူတော်သည် လိုဏ်ဂူအတွင်းသို့ ပြေးဝင်သွားပြီးနောက် ရုတ်တရက် စိတ်ပြောင်းသွားလေသည်။

သူ၏မျက်နှာမှာ လူသေအလောင်းကောင်တစ်ခု၏ မျက်နှာပမာ ဖြစ်သွားသည်။

မျက်လုံးများလည်း ရီဝေလာသည်။



ချက်ချင်းပင် နောက်လှည့်ကာ ပြေးလိုက်လာသည့် ကောင်းဖုံးနှင့် ရင်ဆိုင်လိုက်လေသည်။

'မကောင်းဆိုးဝါးကောင် မင်းပြေးလို့ မလွတ်တော့ပါဘူး'

ကောင်းဖုံးက အော်ဟစ်ကြုံးဝါးရင်း တရကြမ်းတိုက်ခိုက်လိုက်လေသည်။

'ယား....'

သူတော်ကလည်း ညာသံပေးကာ ပြန်လည်တိုက်ခိုက်လိုက်၏။

ကျဉ်းမြောင်းသော လိုဏ်ဂူလမ်းအတွင်း၌ သူတော်နှင့် ကောင်းဖုံးတို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြတော့၏။

'ဝုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

ကောင်းဖုံးကောသူတော်ပါ နောက်ဆုတ်လိုက်ရ၏။

ကောင်းဖုံး ဝမ်းသာသွားလေသည်။

ယာမိုသိုင်းပညာ တတ်မြောက်ထားသည့် သူတော်အား ယှဉ်နိုင်ဖို့ မလွယ်ကြောင်း သိထားပြီး အရဲစွန့် ယှဉ်ပြိုင်ခဲ့ရာမှ လက်ရည်ညီယှဉ်နိုင်လိုက်ခြင်းဖြစ်လေသည်။

အမှန်တော့ သူတော်သည် ကျောင်းလုံ၏ လက်ချက်ကြောင့် ဒဏ်ရာရခဲ့သည်ဖြစ်ရာ သိုင်းပညာကိုထင်သလိုအသုံးပြုနိုင်ခြင်း မရှိဘဲ ကောင်းဖုံးနှင့် လက်ရည်ညီသွားခြင်းဖြစ်လေသည်။

မည်သို့ဆိုစေ....

တာမိုသိုင်းပညာ မည်မျှအစွမ်းထက်သည်ဆိုခြင်းက ထွက်ပေါ်လာသည်။

'ယား....'

သူတော်က ညာသံပေးကာ တိုက်ခိုက်လိုက်ပြန်သည်။

ကောင်းဖုံးကလည်း 'လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ခုခံရင်ဆိုင်လိုက်လေသည်၊

'ဝုန်း....'

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြန်ခသသည်၊

သူတော်က ခြေတစ်လှမ်းနောက်ဆုတ်ပြီး ကောင်းဖုံးက ခြေသုံးလှမ်းမျှ နောက်ဆုတ်လိုက်ရ၏။

ကောင်းဖုံး မျက်နှာပျက်သွားလေသည်။

'ယား ...'

သူတော်က အာခေါင်ခြစ်၍ အော်ကာ ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

ကောင်းဖုံးလည်း အံတင်းတင်းကြိတ်ကာရင်ဆိုင်လိုက်၏,

ယခုတစ်ကြိမ် ကောင်းဖုံးမှာ နောက်ဆုတ်ပေးလိုက်ရသည်သာမက....

'ဖုတ်....'

မြေပေါ် ဖင်ထိုင်လဲကျသွားလေသည်။



သူတော်လည်း နောက်ဆုတ်လိုက်ရသောအခါ နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျနေသည်ကို တွေ့ရ၏။

နောက်ထပ်အတွင်းဒဏ်ရာရရှိသွားပြီဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

ကောင်းဖုံး ဒဏ်ရာရသွားသကဲ့သို့ သူတော်သည်လည်း သက်သာလှသည်တော့ မဟုတ်ပါချေ။

နဂိုကတည်းက စိတ်မမှန်သောသူတော်သည် ကောင်းဖုံးအား မျက်လုံးဖြူးကာ ကြည့်လိုက်ပြီးလျှင် ချာခနဲလှည့်ကာ ထွက်ပြေးသွားလေတော့သည်။

....★..

လိုဏ်ဂူအတွင်းပိုင်း၌ လမ်းခွဲကလေးများက ရှုပ်ထွေးပွေလီလျက်ရှိ၏။

ရှုပ်ဆိုးမ၊ ကျားဖုံးလုံးနှင့်တုတုဖုံးတို့သည် တိုက်ခိုက်သံကြားရသည့်ဘက်သို့ လာခဲ့ကြရင်း ရုတ်တရက် သူတော်က သူတို့၏ရှေ့၌ ဘွားခနဲပေါ်လာသေသည်။

'ဟင်....'

'ဟာ....'

ရှပ်ဆိုးမတို့ လွှတ်ခနဲအော်လိုက်ကြ၏၊

သူတော်သည် စိတ်မမှန်သူပီပီ ရုတ်တရက်ထိတ်လန့်ကာ အော်လိုက်ပြီးမှ...

'လူသတ်ကောင်တွေ'

ကြုံးဝါးရင်း တရကြမ်းတိုက်ခိုက်လာလေသည်၊

'သတ်ထား....'

ကျင်းလုံသည် တုတုဖုံးအတွက် စိုးရိမ်သွား၏။

တုတုဖုံးနှင့် ရှပ်ဆိုးမတို့သည်လည်း ဒဏ်ရာရထားသော ကျင်းလုံအတွက်စိုးရိမ်ကာ ချွဲ့သို့ခုန်ထွက်ပြီးရင်ဆိုင်လိုက်ကြလေသည်။

'ဝုန်း....'

'အမလေး....'

သူတော်၏ ပြင်းထန်သောတိုက်ခိုက်မှုကို ရှပ်ဆိုးမတို့ မခံနိုင်ကြဘဲချက်ချင်းပင် အဝေးသို့ လွင့်စင်သွားကြ၏၊

သူတော်လည်း ဒဏ်ရာရထားသည့်ကြားမှ တိုက်ပွဲနှင့်ထပ်မံရင်ဆိုင်လိုက်ရခြင်းကြောင့် မျက်နှာကြီးရှုံ့မဲ့နေပါတော့သည်၊

ထို့အပြင် ဂူနံရံကိုမှီကာရပ်နေသည့် ကျင်းလုံကို မြင်လျှင်ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်၊

'လက်စသတ်တော့ မင်းကိုး'

ချက်ချင်းပင် ကျင်းလုံဘက်သို့လှမ်းသွားရန် ဟန်ပြင်လိုက်၏၊ တုတုဖုံး ထိတ်လန့်သွားသည်၊



'ရပ်လိုက်စမ်း'

သူမသည်မြေပေါ်ခြေဆောင့်ကာခုန်ဝင်သွားရင်း သူတော်၏နောက်ကျောကို တိုက်ခိုက်လိုက်လေသည်၊

'ဖုန်း....'

ကျင်းလုံအပေါ် အာရုံရောက်နေသော သူတော်မှာ တုတုဖုံး၏ တိုက်ခိုက်မှု ခံလိုက်ရခြင်းကြောင့် ဒယီးဒယိုင်ဖြစ်ကာ ဒေါသထွက်သွားလေသည်။

'မတောက်....သေလိုက်စမ်း'

တုတုဖုံးဘက်သို့လှည့်လိုက်စဉ်....

'ယား....'

ရှပ်ဆိုးမက ညာသံပေးကာ ပြေးဝင်တိုက်ခိုက်လာပြန်၏၊

သူတော်က ရှပ်ဆိုးမဘက်သို့ ပြန်လှည့်ကာ ရင်ဆိုင်လိုက်ရပြန်လေသည်၊

သို့ဖြင့်....

ရှပ်ဆိုးမကို တစ်လှည့် တုတုဖုံးကို တစ်လှည့် ရင်ဆိုင်ရင်း အခြားလိုဏ်ဂူလမ်း တစ်ခုအတွင်းသို့ ရောက်ရှိသွားကြကာ ကျင်းလုံနှင့် ဝေး၍ဝေး၍ သွားကြလေတော့သည်၊

...★...

## တို့ နှစ် ယောက်

ညသံပေးသံများ၊ တိုက်ခိုက်သံများမှာ ဝေး၍ဝေး၍သွားလေသည်။

ထိုအခါမှ ကျွင်းလုံ သတိဝင်လာ၏။

'ညီမ....'

တုတုဖုံးနောက်သို့လိုက်သွားရန်ဟန်ပြင်လိုက်သော်လည်း ခြေတစ်ဖက်မှာ ပြင်းထန်စွာ ဒဏ်ရာရရှိထားသဖြင့် စိတ်သွားတိုင်း ကိုယ်မပါနိုင်အောင် ဖြစ်နေရလေသည်။

သူတော်၏လက်ချက်ကြောင့် ရှပ်ဆိုးမနှင့်တုတုဖုံးတို့ ဒုက္ခရောက်ရတော့မည်ဟူ၍ ကြိတ်မနိုင်ခဲမရဖြစ်နေသည်။



ဂူနံရံကိုလက်နှစ်ဖက်ဖြင့် အားပြုကာ ကရွေ့ခရွေ့ ထွက်လာခဲ့ရာမှ ရုတ်တရက်မလှမ်းမကမ်းရှိ ဂူပေါက်တစ်ခု အတွင်းမှ ညည်းညူသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟင်....'

တုတုဖုံး ဒုက္ခရောက်နေပြီလောဟု တွေးပြီး ထိုဂူပေါက်အတွင်းသို့ ကြိုးစားဝင်လိုက်လေသည်။

ဂူပေါက်ထဲသို့ရောက်လျှင် တုတုဖုံးအားမတွေ့ရဘဲ ဂူနံရံကိုမှီကာထိုင်လျက် ညည်းညူနေသော ကောင်းဖုံးအား တွေ့မြင်လိုက်ရသည်။

'လက်စသပ်တော့ ခင်ဗျားကိုး'

ကျွင်းလုံမှာအရာရာအားလုံးကို မေ့လျော့သွားပြီးကောင်းဖုံးအားတိုက်ခိုက်လိုစိတ်များဖြစ်ပေါ်လာတော့သည်။

'သေဖို့ပြင်ထား'

ဒေါသဖြင့် အလောတကြီး ရှေ့တိုးသွားလိုက်ရာ ခြေထောက်မှဒဏ်ရာသည် ပြင်းထန်စွာနာကျင်သွားပြီး....

'အား....'

မြေပေါ် စုန်းခနဲလဲကျသွားလေတော့သည်။

ကောင်းဖုံး သက်ပြင်းချလိုက်သည်။

'လက်စသပ်တော့ မင်းလဲ ဒဏ်ရာ ရထားတာကိုး၊ ဘာကြောင့်များဒေါသတကြီးနဲ့ ငါ့ကိုတိုက်ခိုက်ချင်ရတာလဲ'

ကျွင်းလုံ အံကြိတ်ကာ လူးလိမ့်ထလိုက်၏။

'လူယုတ်မာကြီး ခင်ဗျားကို သတ်ပစ်ရမှ ကျုပ်ကျေနပ်မယ်ဗျ'

ကောင်းဖုံးခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ မင်း သတ်ပစ်ချင်တယ် ဆိုရင်လဲ သတ်လိုက်ပါ၊ ကျုပ်မခုခံပါဘူး'

'ခင်ဗျား....'

'ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် မင်းသတ်ချင်တယ်ဆိုရင် သတ်လိုက်ပါတော့ကွာ'

ကောင်းဖုံးသည် ဒေါသဖြစ်ခြင်းမရှိ ခုခံမည့်ပုံလည်းမရှိမည့်သို့မျှ သဘောထားပုံမရှိ ပက်ပိုက်ကြည့်နေတော့မည့်သဘောရှိနေပါတော့သည်။

ကျင်းလုံသည် ကောင်းဖုံးကို ကြည့်ရင်း ဒေါသများတဖြည်းဖြည်းပြေပျောက်သွားသည်။

ရှေ့ဆိုးပြောသည့် စကားများကိုလည်း ပြန်လည်ကြားယောင်လာ၏။

ထို့ကြောင့်....

'ခင်ဗျားနဲ့ကျုပ်ရဲ့အဖေဟာ ဘာကြောင့်ရန်ငြိုးရန်စ ရှိခဲ့သလဲဆိုတာပြောပြပါ'

ဟူ၍ ပြောလိုက်လေသည်။

ကောင်းဖုံး ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ဟာ ကျင်းခုံးနဲ့ပတ်သက်လာရင် အလျှော်ပေးခဲ့ရတာချည်းပါပဲ၊ ကုန်ကုန်ပြောရရင် ကျုပ်ရဲ့ ချစ်သူကိုတောင်စွန့်လွှတ်ခဲ့ရတယ်'



'ဟင်....'

ကျင်းလုံခေါင်းအမ်းအမ်းဖြစ်သွား၏။

ကောင်းဖုံးသည် ပူ၏မိခင်နှင့် ပတ်သက်နေသည်သော၊ ကောင်းဖုံး၏မျက်လုံးများ ရီဝေနေသည်။

'ကျင်းချုံးဟာ ဘဝတစ်လျှောက်လုံး ကျုပ်အပေါ်အနိုင်ယူခဲ့နိုင်တာပါ၊ ဒါပေမယ့် သူက မကျေနပ်ခဲ့ဘူး၊ ကျုပ်ကိုဒုက္ခပေးဖို့နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့တယ်၊ ဒါဘာကြောင့်လဲ ခုချိန်ထိ ကျုပ်စဉ်းစားလို့မရအောင်ဖြစ်နေတယ်'

ကျင်းလုံ အံကြိတ်လိုက်သည်။

'ခင်ဗျားက ခုချိန်ထိ ကျုပ်အဖေမကောင်းကြောင်းပြောချင်နေသေးတာကိုး၊ ဘာပဲဖြစ်ဖြစ် ခင်ဗျားကိုအလွတ်မပေးဘူးဆိုတာမှတ်ထားပါ'

ခြေထောက်ဒဏ်ရာကို အမှုမထားဘဲ တိုက်ခိုက်ရန် ကြိုးစားလိုက်၏။

ကောင်းဖုံးသက်ပြင်းချလိုက်သည်။

'မင်းကို ကျုပ်က မခုခံဘူးလို့ပြောပြီးပါပြီ၊ မင်း ကြိုက်သလိုတိုက်ခိုက်နိုင်ပါတယ်'

'စိတ်ချ ကျုပ်ကခင်ဗျားကို သတ်ပစ်မှာပါ'

ကျင်းလုံသည် ခြေထောက်နင်း တော့နင်းဖြင့် ချဉ်းကပ်သွားပြီး လက်ဝါး၌ အတွင်းအား စုစည်းကာ ရိုက်ချလိုက်လေသည်။

ကောင်းဖုံးက ပြောထားသည့်တိုင်း ခုခံခြင်းမရှိပါချေ။ ကျင်းဖုံး၏ လက်ဝါးရိုက်ချက်သည် ကောင်းဖုံးထံသို့ထိုး ဝင်သွားတော့သည်။

ထိုစဉ်....

'မလုပ်နဲ့....'

ဟန့်တားသံနှင့်အတူ လူရိပ်တစ်ခု ပြေးလွှားရောက်ရှိလာ လေသည်

ထိုလူသည် ကျင်းလုံနှင့် ကောင်းဖုံးတို့ နှစ်ယောက်ကြား သို့ တိုးဝင်လိုက်၏။

'သေချင်ပြီထင်တယ်'

ကျင်းလုံက အော်ငေါက် လိုက်သော်လည်း တိုးဝင်လာသူ ကိုတွေ့ရလျှင်....

'ဟင်....'

လွှတ်ခနဲအော်ကာ လက်ဝါးကို ပြန်လည်ရုပ်သိမ်း လိုက် လေသည်။

အကြောင်းကား တိုးဝင်လာသူမှာ တုတုဖုံး ဖြစ်နေခြင်း ကြောင့်တည်း။

'ညီမ....'

ကျင်းလုံလွှတ်ခနဲ့အော်လိုက်သေသည်။

တုတုဖုံး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်အစ်ကို ကျွန်မပါ၊ အစ်ကိုသာ သူ့ကိုတိုက် ခိုက်လိုက်ရင် အမှားကြီးမှားသွားပါလိမ့်မယ်'



ကျင်းလုံ မဲ့ပြုံး ပြုံးလိုက်သည်။

'ကျုပ်ဘာကြောင့်မှားရမှာလဲ၊ ညီမသူဟာကျုပ်တို့ရဲ့မဟာ ရန်သူတော်ကြီးဆိုတာ မေ့နေပြီလား၊ သူ့ကို သုတ်သင် ရှင်း လင်းပစ်ရမှာပဲမဟုတ်လား'

တုတုဖုံးခေါင်းခါယမ်းလိုက်သည်။

'အစ်ကို မှားနေပြီ သူဟာရန်သူမဟုတ်တဲ့အပြင် အစ်ကို့ ရဲ့ကျေးဇူးရှင်ဖြစ်နေပါတယ်'

'ဘာ....'

'သူဟာ အစ်ကို့ဖေဖေပါပဲ'

'မင်း....မင်း'

ကျင်းလုံသည် ကြားလိုက်ရသောစကားကို မယုံနိုင်အောင် ဖြစ်သွားလေသည်၊

'မင်း ဘယ်လိုပြောလိုက်တာလဲ'

'ကျွန်မကို ရုပ်ဆိုးမကြီးက အားလုံးရှင်းပြပြီးပါပြီ ထင်း ကျွန်ဂိုဏ်းချုပ်ဟာ အစ်ကို့ဖေဖေပဲဖြစ်ပါတယ်'

ကျင်းလုံ ဟားတိုက်ရယ်မောလိုက်သည်၊

'ဟား....ဟား ညီမ မင်းရူးနေပြီ၊ ကျုပ်ရဲ့အဖေဟာကျင်း မို့စားဆိုတာ လူတိုင်းသိထားကြတာပဲ'

'မဟုတ်ဘူး အစ်ကို၊ ကျင်းမို့စားကိုယ်တိုင်က အစ်ကိုဟာ သူ့ရဲ့သားမဟုတ်ဘူးဆိုတာ သိထားတာပဲ'

'တာ...'

'ဒါကြောင့်လဲ အစ်ကိုကို ဒုက္ခအမျိုးမျိုးပေးပြီး တား အဖျင်း ပြန်တိုက်ပေးနေတာပေါ့'

ကျင်းလုံ ခေါင်းခါယမ်းလိုက်လေသည်။

'ညီမ ဘာတွေပြောနေတာလဲ၊ အစ်ကို ဘာမှ နားမလည် တော့ဘူး'

'ကျွန်မ ရှင်းပြပါမယ်'

သူမသည် ကောင်းဖုံးအား ဦးညွှတ်လိုက်၏။

'ဂိုဏ်းချုပ်ကြီးရှင့်၊ ကျွန်မတို့အထင်မှားပြီး စော်ကားမိခဲ့ တာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်၊ အဖြစ်မှန်ကိုလဲရှင်းပြ ခွင့်ပြုစေချင်ပါတယ်'

ကောင်းဖုံး မျက်မှောင်ကုပ်သွား၏။

'မိန်းကလေးဟာ....'

'ကျွန်မဟာ ရှေကျိုးဂိုဏ်းချုပ်ရဲ့ သမီးဖြစ်ပါတယ်'

'ဗြော်...'

ကောင်းဖုံး အလွန် စိတ်ပျက်သွားကြောင်း ထင်ရှားနေ ပါတော့သည်။

ရှေကျိုးဂိုဏ်းချုပ်သည် သူပေးခဲ့မိသော ကတိစကားတစ် ခွန်းကြောင့် သူ့အားအကြွပ်ကိုင်ကာ ဒုက္ခပေးခဲ့သည်မဟုတ် ပါလား။



သမီးအရွယ် မိန်းကလေးတစ်ယောက်အား လက်ထပ်ရ မည်ဆိုသည်မှာ မည်သို့မျှမဖြစ်နိုင်ပါ။

ထို့ကြောင့်လည်း သိုင်းလောကမှ နုတ်ထွက်ရန် ဆုံးဖြတ် သကဲ့သို့ ကောင်းဆိုးဝါးသူတော်အားမယှဉ်နိုင်မှန်းသိလျက် နှင့် ရင်ဆိုင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကုတုဖုံးက ဦးညွှတ်ကာ ရှင်းပြလိုက်သည်။

'ကျွန်မရဲ့အဖေဟာ ဂိုဏ်းချုပ်ကြီးအပေါ်မှာ အကြွပ်ကိုင် ပြီး ကိုယ်ကျိုးဆောင်ရွက်ခဲ့တယ်ဆိုတာ ကျွန်မ သိထားပြီးပါ ပြီ၊ ကျွန်မအတင်လုပ်ခဲ့မိတာတွေကို ခွင့်လွှတ်ဖို့ တောင်းပန်ပါ တယ်....'

ကောင်းဖုံး သက်ပြင်းချလိုက်သည်။

'ရှေကျိုးဂိုဏ်းချုပ်ဟာ လူကောင်းတစ်ယောက်ပါ၊ ဒါ ပေမဲ့ သူဟာ ကိုယ်ကျိုးစီးပွားအတွက် ခုလိုဆောင်ရွက်ခဲ့ တာ မေ့နည်းစရာကောင်းပေမယ့် ကျုပ်က သူ့ကိုခွင့်လွှတ် နိုင်ပါတယ်'

'ဖေဖေ နောင်တရနေပါပြီရှင်၊ မကြာခင် သူကိုယ်တိုင်လာ ပြီး ဂိုဏ်းချုပ်ကြီးကို တောင်းပန်ပါလိမ့်မယ်၊ ခုတော့ ဒေါ် ဒေါ်ရှုယဉ်နဲ့အတူ သူတော်နောက်ကိုလိုက်သွားလို့ပါ၊ တခြား သိုင်းလောကသားတွေလဲ စုပေါင်းပြီး လိုက်သွားကြပါတယ်၊ သူတော်ဟာ ဒဏ်ရာရထားပြီမို့ ပြေးမလွတ်တော့ပါဘူး၊ သိုင်းလောကသားတွေကိုလဲ ဒါတိုင်းလို ဒုက္ခပေးနိုင်တော့မှာ မဟုတ်ပါဘူး'

ကောင်းဖုံး ဝမ်းသာသွားသည်၊

'သူတော်ဟာ တာမိုသိုင်းပညာကို လေ့ကျင့်တတ်မြောက်ထားသလို စိတ်ဖောက်ပြန်နေတာကြောင့် အင်မတန်ကြောက်စရာကောင်းတယ်၊ သူ့ကိုဒဏ်ရာရအောင် တိုက်ခိုက်နိုင်တဲ့သူဟာ အဖော့်ကို ချီးကျူးစရာကောင်းတယ်'

ပြောရင်း ကျင်းလုံအား လှည့်ကြည့်လိုက်သေသည်၊

ကျင်းလုံက မလှုပ်မယှက် နေလိုက်လေသည်၊

ကောင်းဖုံးက ဆက်ပြောလိုက်၏၊

'စစ်လိန်တောင်က မဓ ဂင်းဆိုးဝါး ကိစ္စဟာ ဘယ်လိုကြောင့် ဖြစ်ပေါ်လာရတယ်ဆိုတာကို ကျုပ်ကောင်းကောင်းကြီး သိထားပါတယ်၊ ဟာဟယ်တော့ စစ်လိန်တောင် ရှောင်လင်ကျောင်းခွဲ ပျက်စီးသွားခဲ့ရတာဟာ အဆိပ်ဝိဇ္ဇာကြောင့်ပါပဲ'

ကျင်းလုံသည် တစ်စုံတစ်ခုမေးမြန်းလိုစိတ် ဖြစ်ပေါ်လာသော်လည်း မမေးဘဲနေလိုက်လေသည်၊

တုတုဖုံး စိတ်ဝင်စားစွာ နားထောင်နေလေသည်၊

ကောင်းဖုံး၏မျက်နှာ တည်ကြည်လေးနက်နေသည်၊

'အဆိပ်ဝိဇ္ဇာဟာ သိုင်းလောကသားတွေရဲ့ လက်ချက်ကြောင့် သိုင်းလောကက ရှောင်တိမ်း ထွက်ပြေးလာပြီးတဲ့ ကျင်းမြို့စားရဲ့ပိုင်နက်ထဲမှာ ပုန်းအောင်းနေခဲ့တယ်၊ သူဟာ



ကျင်းမြို့စားကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့တယ်၊ ကျင်းချုံးက သူ့ကိုတပည့်ခံလိုက်တယ်၊ တစ်နေ့မှာ အဆိပ်ဝိဇ္ဇာဟာ စစ်လိန်တောင်ကိုသွားပြီး ရှောင်လင်ကျောင်းခွဲကို အဆိပ်နဲ့တိုက်ခိုက်ပြီး တာမိုသိုင်းကျမ်းကိုရယူဖို့ ကြိုးစားခဲ့တယ်၊ ရှောင်လင်ကျောင်းခွဲမှာ မှီတင်းနေထိုင်သူတွေဟာ အဆိပ်မိပြီး ဒုက္ခရောက်ခဲ့ကြပေမယ့် အဂ္ဂိရတ်ဆိုး ကိုကိုးနဲ့ သူ့တပည့်သူတော်တို့ လွတ်မြောက်သွားခဲ့ကြတယ်'

စစ်လိန်တောင်၏ အဖြစ်အပျက်သည် တစ်စသက်တစ်စရှင်းလာပြီဖြစ်သည်၊

'အဂ္ဂိရတ်ဆိုး ကိုကိုးဟာ စစ်လိန်တောင်ရဲ့ ရုပ်သေးပွဲလိုလှဆို လိုဏ်ဂူခန်းရဲ့အကြောင်းကို ကောင်းကောင်းကြီး သိထားတယ်၊ ဒါကြောင့် အဆိပ်ဝိဇ္ဇာရဲ့လက်ထဲက လွတ်မြောက်အောင် ရှောင်ပုန်းနေနိုင်ခဲ့သလို သူ့တပည့်သူတော်နဲ့ သိုင်းကျမ်းတွေကိုလဲ ထိန်းသိမ်းစောင့်ရှောက် ထားနိုင်ခဲ့ကြတယ်'

တုတုဖုံး သက်ပြင်းချလိုက်သည်၊

'သူဟာ အဆိပ်ဝိဇ္ဇာ ထင်တိုင်းကျဲခရအောင် စွမ်းဆောင်နိုင်ခဲ့ပေမယ့် သူ့တပည့် သူတော်ကိုတော့ မဘားဆီးနိုင်ခဲ့ပါလား'

'ဟုတ်တယ်၊ ကိုကိုးဟာ အဂ္ဂိရတ်ပညာကလွဲပြီး ဘာမှ ဝါသနာပါတာမဟုတ်ဘူး၊ ဒါကြောင့် သိုင်းကျမ်းတွေကို

သူ့ကိုယ်စား ကောင့်ချောက်နိုင်အောင် တပည့်ဖြစ်တဲ့ ထူးဆောင်ကို တာမိုသိုင်းကျမ်း လေ့ကျင့်ခိုင်းပြီခဲ့တာပဲ၊ ဒါပေမယ့် ထူးဆောင်ဟာ ခက်ခဲနက်နဲလှတဲ့ သိုင်းပညာတစ်ရပ်ကို အပြင်းအထန် လေ့ကျင့်မှုတာရယ်၊ ရှောင်လင်ကျောင်းခွဲက အဖြူဆိုးကို ဖြင်ဖေယောင်နေသဆိုမှု မကြာခင်မှာပဲ စိတ်ဖောက်ပြန်ရူးသွပ်သွားခဲ့တာ၊ ဒီတော့မှ ကိုကိုးလဲ အခြေအနေမဟန်မှန်းသိပြီး ထူးဆောင်ကို တာမိုသိုင်းရဲ့ နောက်ဆုံးသိုင်းကွက်တွေကို သင်မပေးတဲ့ထားခဲ့တယ်လို့ သိရတယ်'

ကျင်းလုံ ငြိမ်နေလိုက်လေသည်၊

တာမိုသိုင်းကျမ်း၏ အဓိကအကျဆုံး သိုင်းနှစ်ကွက်ကို သူ ရရှိခဲ့သည် မဟုတ်ပါလား၊

'ကျုပ်က တာမို နောက်ဆုံးသိုင်းကွက်တွေ အကြောင်း သိထားပေမယ့် တွေ့အောင်မရှာနိုင်ခဲ့ဘူး၊ ဒီသိုင်းကွက်တွေကို ရမှ ထူးဆောင်ကိုတန့်တားနိုင်လိမ့်မယ်၊ အင်း... သူတော်ကို ဒဏ်ရာရအောင် တိုက်ခိုက်နိုင်သူတစ်ယောက် ရှိနေပြီဆိုတော့ သိုင်းလောကအတွက် အတော့်ကို အားတက်စရာကောင်းနေပါပြီ'

သူက ကျင်းလုံအား အဓိပ္ပာယ်ပါပါ ကြည့်လိုက်လေ၏၊

ကျင်းလုံက မျက်နှာလွှဲထားလိုက်လေသည်၊

တုတုဖုံးက ကောင်းဖုံးအား ဦးညွှတ်လိုက်လေသည်၊



'ဂိုဏ်းချုပ်ကြီးအပေါ် အဘင်လွှဲခဲ့မိတာတွေကို ခွင့်လွှတ်စေချင်ပါတယ်၊ ပြီးတော့ အကူအညီတစ်ခု တောင်းချင်ပါတယ်'

'ပြောပါ မိန်းကလေး'

'အစ်ကိုကျင်းလုံမှာ ခြေသလုံးဒဏ်ရာ ရထားပါတယ်၊ ဂိုဏ်းချုပ်ကြီးရဲ့ဆေးကိုရမှ အမြန်ဆုံး သက်သာပျောက်ကင်းလိမ့်မယ်ရှင့်'

'ဪ...'

ကောင်းဖုံး ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်၊

'ကောင်းပြီလေ၊ တကယ်ပဲ အကူအညီလိုနေတယ်ဆိုတော့ ကူညီရသေးတာပေါ့'

ချက်ချင်းပင် အသက်တာယ်ဆေးနှင့် ဒဏ်ကြေဆေးကိုထုတ်ပေးလိုက်လေသည်၊

တုတုဖုံး ဝမ်းသာသွားရလေသည်၊

'ဂိုဏ်းချုပ်ကြီးရဲ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူးရှင်'

ဆေးများယူကာ ကျင်းလုံအား တိုက်ကျွေးလိုက်လေ၏၊

ထို့နောက် ကျင်းလုံက ငြင်းပယ်လိုက်လေသည်၊

'ကျုပ်မသောက်ဘူး'

'အစ်ကို'

'သူဟာ ကျုပ်ရဲ့ရန်သူပဲ၊ သူ့ဆေးကို ကျုပ်ဘာကြောင့် သောက်ရမှာလဲ'

တုတုဖိုး ခေါင်းခါယမ်းလိုက်သည်၊

'အစ်ကိုမှားနေပြီ၊ သူဟာ အခါကိုရှဲရန်သူ မဟုတ်တဲ့အပြင် အစ်လိုရဲ့ကျေးဇူးရှင် ဖခင်တစ်ယောက်သဲဖြစ်တယ်'

'ကျုပ်လက်မခံဘူး'

ကျင်းလုံက ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်၊

ထိုစဉ်....

'ဟား....ဟား....ဟား'

ကျယ်လောင်သော ရယ်မောသံနှင့်အတူ လူနှစ်ယောက် ရောက်ရှိလာကြသည်ကို တွေ့မြင်လိုက်ရလေသည်၊

---

အကြံသမားး

---

ရယ်မောသံနှင့်အတူ လူနှစ်ယောက် ရောက်ရှိလာကြလေသည်။

ညလူနှင့် ထင်းရိတို့ ဖြစ်ကြပါတော့သည်၊

ညလူကိုတွေ့ရသျှင် တုတုဖိုး မျက်နှာပျက်သွား၏။

'အစ်ကို သတိထား'

ကျင်းလုံအား တီးတိုးကာတိပေးလိုက်သည်၊

ကျင်းလုံက ဦးညွှတ်လိုက်သည်၊

'ဦးကိုတွေ့ရတာ အတော်ပဲ၊ ကျွန်တော် မေးစရာတစ်ခု ရှိလို့ပါ'

ထင်းရိက ရယ်ပေါနေပြီး ညလူအားငူငူငိုင်ငိုင် ရှိနေ၏။

အမှန်တော့ ထင်းရှိသည့် ညလူအဖြစ် ရုပ်ဖျက်ထားပြီး ထင်းရှိအား ညလူအဖြစ် ရုပ်ဖျက်ပေးထားခြင်း မဟုတ်ပါလား။

ထင်းရှိအဖြစ် ဟန်ဆောင်ထားသော ညလူ(ဝါ)ကျောင်းချုံး ကပင် ကြားဝင်ပြောလိုက်သည်။

'မင်း ဘာမေးချင်လို့လဲ'

'ကျွန်တော့် အဖေ ကျောင်းချုံးခုချိန်ထိ အသက်ရှင်နေသေးတယ်လို့သိရပါတယ်၊ အဲဒါအမှန်ပဲလားဗျာ'

ကျောင်းချုံးခေါင်းညိတ်လိုက်သည်။

'ဒါ အမှန်ပါပဲ'

'ဒါ…ဒါဆို'

'သူဟာ မင်းရဲ့အဖေပါပဲ'

ကျောင်းချုံးက ထင်းရှိကို ညွှန်ပြလိုက်လေသည်။

ကျောင်းလုံ၏ ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားသည်။

ကျောင်းချုံးက ဆက်ပြောလိုက်၏။

'မင်းအဖေကို အဆိပ်အရက်ပို့ပြီး ဒုက္ခပေးခဲ့တဲ့ ကောင်းဖုံးကို ဘာကြောင့် လက်ပိုက်ကြည့်နေရတာလဲ၊ မင်းအဖေဟာ အဆိပ်မိခဲ့တာကြောင့် ပင်ကိုယ်အခြေအနေမရှိတော့ဘူး သူဟာ အရူးတစ်ပိုင်းဖြစ်နေပြီ'

ကောင်းဖုံးက ဘာမှမပြောဘဲ စောင့်ကြည့်နေ၏။

တုတုဖုံးကား လက်မခံနိုင်ပါတော့ချေ။

'ရှင်လိမ်ပြောနေတာပဲ'

ကျောင်းချုံး ခုံတွန့်လိုက်၏။



'ကျုပ်က ဘာကြောင့်လိမ်ပြောရမှာလဲ'

'ဂိုဏ်းချုပ်ကြီး ကောင်းဖုံးဟာ အစ်ကိုကျောင်းလုံကို ဘယ်တော့မှ ဒုက္ခပေးမှာမဟုတ်ပါဘူး'

'မင်းဘာကြောင့် ဒီလိုပြောနိုင်တာလဲ'

တိုစဉ်….

'ကျွန်မက အဖြစ်မှန်ကို ရှင်းပြသွားခဲ့လို့ပါရှင်'

စကားသံနှင့်အတူ အမျိုးသမီးတစ်ယောက် လှမ်းဝင်လာသည်ကို တွေ့လိုက်ရ၏။

ထိုအမျိုးသမီးကား ရှင်ဆိုးမပင်ဖြစ်လေတော့သည်။

…☆…

ရုပ်ဆိုးမရောက်ရှိလာသည်နှင့် အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားလေတော့သည်။

ထင်းရှိအဖြစ် ဟန်ဆောင်ထားသော ကျောင်းချုံးကနောက်ဆုတ်လိုက်လေသည်။

ကျောင်းချုံးအဖြစ် ရုပ်ဖျက်ခံနေရသော ထင်းရှိကမူ မလှုပ်မယှက်ရပ်နေ၏။

ရုပ်ဆိုးမက ရှေ့တိုးလိုက်၏။

သူမသည် ထင်းရှူးအဖြစ် ဟန်ဆောင်ထားသော ကျောင်းချုပ်ကိုစိုက်ကြည့်လိုက်လေသည်။

'ရှင်ဘာတွေအကောက်ကြံနေတာလဲ ပြောစမ်းပါဦး'

'ဘာကွ....'

'ကျောင်းချုပ် ရှင့်ရဲ့မကောင်းတဲ့လုပ်ရပ်တွေ ရပ်ဘန်းက ရပ်လိုက်ပါတော့'

'ဟား....ဟား....ဟား'

ကျောင်းချုပ်က ဟားတိုက်ရယ်မောလိုက်လေသည်။

'ရှုယဉ် မင်းမဆိုးဘူး ကျုပ်က ဘယ်လောက်ပဲ ရုပ်ဖျက်ထားထား မင်းကမှတ်မိတယ်ပေါ့ဟုတ်လား'

'မှန်တာပေါ့ရှင် ကျွန်မဟာရှင့်အကြောင်းကောင်းကောင်းကြီးသိနေတာပဲ'

'ဟား....ဟား....ဟား....မင်းမဆိုးဘူး၊ ကျုပ်က အဆိပ်အရက်သောက်ပြီး အဘူတူးသေရအောင်ဆိုတော့ မင်းလက်ခံလိုက်တာလဲ ကျုပ်အကြောင်း၊သိသားလို့ပေါ့ဟုတ်လား'

ရုပ်ဆိုးမ(ဝါ)ရှုယဉ်ခေါင်းညိတ်လိုက်သည်။

'မှန်တာပေါ့ရှင်၊ ရှင်ဟာကျွန်မတို့မိသားစုအပေါ် အငြိုးကြီးထားပြီး ဒုက္ခပေးဖို့ကြံခဲ့တာပဲ၊ သားအဖချင်းအထင်မှားအောင် ထိပ်တိုက် တွေ့ရအောင် ရှင်ပဲအကွက်ချ စီစဉ်ခဲ့တာမဟုတ်လား'



'ဟား... ဟား... ဟား'

ကျောင်းချုပ်က လှောင်ပြောင်ရယ်မောလိုက်သည်။

'သားအဖချင်းဆိုတာ မင်းကဘယ်သူ့ကိုရည်ရွယ်ပြီးပြောနေတာလဲ ကျုပ်ကိုပြောစမ်းပါဦး'

'ဘယ်သူရှိရမလဲ သူတို့ဟာ'

ရှုယဉ်၏မျက်နှာ နီရဲကာ ခေါင်းငုံ့ထားလိုက်လေသည်။

တောင်းဖုံးနှင့် ကျင်းလုံတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေသည်။

ကောင်းဖုံး၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပလာ၏။

'ညီမရယ် ကျုပ်ကိုရှင်းပြနိုင်ရင် ရှင်းပြပါလား အမှန်အတိုင်းကျုပ်သိပါရစေ'

ဖနုံးအညွှတ်တောင်းပန်လိုက်လေသည်။

ရှုယဉ်သက်ပြင်းချလိုက်သည်။

သူမသည်ခေါင်းငုံ့ကာ မြေပြင်ကိုစိုက်ကြည့်ရင်းလေးလေးပင်ပင်ပြောလိုက်လေသည်။

'ကျောင်းလုံဟာ အစ်ကို့ရဲ့သားပါပဲ၊ကျွန်မတို့ ခွဲခွာသွားကြရမယ့်ညက အစ်ကိုဝမ်းနည်းကြေကွဲပြီး အရက်တွေမူးအောင်သောက်ခဲ့တယ်မဟုတ်လား၊ အဲဒီတော့....'

သူမ၏အသံ တဖြည်းဖြည်းတိမ်ဝင်သွားလေသည်။

ကောင်းဖုံးငိုင်သွား၏။

တိုက်စ်ည ...

ကြေကွဲဖွယ်ကောင်းအောင် ခွဲခွာရမည့်ညကို မြင်ရောင်သာလေသည်။

ဆိုစဉ်က....

'ယား....'

ရက်ကရက် ညာသံပေးသံထွက်ပေါ်လာလေသည်။

ကျင်းချူးသည် ကောင်းဖုံးထံ ခုန်အုပ် တိုက်ခိုက်လိုက်လေတော့သည်။

.... ★ ....

လိုက်ဂူအတွင်း၌ ပြင်းထန်သောတိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ကျင်းချူးက အလစ်အငိုက်ဖမ်းကာ ကောင်းဖုံးအား တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

မထင်မှတ်သည့်အချိန်၌ ကြောက်မက်ဖွယ်ကောင်းအောင် တိုက်ခိုက်လိုက်ခြင်းဖြစ်ပြီး ဒဏ်ရာရထားသော ကောင်းဖုံးမှာ ရှေ့တရက်မရှောင်နိုင်အောင် ဖြစ်သွားလေတော့သည်။



'ဝုန်း....'

'အား....'

စူးရှသောအော်သံများ ထွက်ပေါ်လာလေသည်။ ကောင်းဖုံးမှာ အဝေးသို့ လွင့်စဉ်သွား၏။ သူ၏လက်ထဲမှ ဆေးလုံးသေးသည် တုတုဖုံးအနီးသို့ ရောက်ရှိလာ၏။

တုတုဖုံးသည် ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ ဆေးလုံးသေးကိုကောက်ယူကာ ကျင်းလုံအနီးသို့ ချဉ်းကပ်သွားလိုက်သည်။

သူမ၏လက်ညှိုးတစ်ချောင်းသည် ကျင်းလုံ၏ သွေးကြောကို ထိုးပိတ်ပြီးသား ဖြစ်သွားလေသည်။

'ဟင်....'

မမျှော်လင့်သောဖြစ်ရပ်ကြောင့် ကျင်းလုံ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

တုတုဖုံးသည် သွေးကြောကို ထိုးပိတ်ပြီးသည်နှင့် ဆေးလုံးကို ကျင်းလုံ၏ပါးစပ်ထဲသို့ သွင်းလိုက်ရာ ကျင်းလုံမှာ ဆေးသောက်ပြီးသား ဖြစ်သွားတော့သည်။

ထိုအချိန်တွင် ကျင်းချူးက ကောင်းဖုံးအား ထပ်မံတိုက်ခိုက်နေပြန်သည်။

ဒဏ်ရာရထားသော ကောင်းဖုံးမှာ ကျင်းချူးအား မည်သို့မျှ ခံယှဉ်နိုင်ဘဲ ဖြစ်နေပါတော့သည်။

'ဝုန်း...'

'အား....'

ကောင်းဖုံးသည် စူးရှရှအော်ဟစ်ရင်း မြေပေါ်လူးလိမ့်နေတော့သည်။

ကျောင်းလုံ၏ချက်သဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာ၏။

ကောင်းဖုံးကား သူ၏ဖခင်အရင်း ဖြစ်နေသည်။

ကျောင်းချုံးသည် သူ့အား တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်ခဲ့သူ၊ သိုင်းပညာသင်ပေးခဲ့သူ ဖြစ်နေသည်။

နှစ်ယောက်စလုံး ကျေးဇူးရှင်များ ဖြစ်ကြ၏။

ကျောင်းချုံးက အဘယ်ကြောင့် ကောင်းဖုံးအပေါ် စိတ်နာနေရသည်ကိုလည်း နားလည် သဘောပေါက်မိလေသည်။

ရှုယဉ်သည် ကောင်းဖုံးနှင့်မှားယွင်းကာ ကိုယ်ဝန်ပါလာခဲ့သည်ကိုသိရှိပြီးနောက် အမုန်းကြီးမုန်းသွားမည်မှာ သေချာလှပေတည်။

ကံတရားကား ဆန်းကြယ်လှပေသည်။

ကျောင်းလုံ ငူငူကြီးကြည့်နေပါတော့သည်။

ထိုစဉ်....

'ရပ်လိုက်'



ရှုယဉ်သည် လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ ကျောင်းချုံးထံသို့ ပြေးဝင်သွားလေသည်။

ကျောင်းချုံးကလည်း ဒေါသအကြီး အော်ဟိုက်လေသည်'

'နင်လဲသေရမယ်'

ချာခနဲလှည့်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ရှုယဉ်မှာ အလောတကြီး ပြေးဝင်သွားမိသဖြင့် ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။

'ဝုန်း....'

'အမယ်လေး'

စူးရှရှအော်ဟစ်ကာ မြေပေါ်လဲကျသွားလေသည်။

'မေမေ'

ကျောင်းလုံ လန့်တ်ခနဲအော်လိုက်မိ၏။

'ဟား....ဟား....ဟား'

ကျောင်းချုံးက ဟားတိုက်ရယ်မောလို က်ပြန်သည်။

'နင်တို့နှစ်ယောက် ဒီကနေ့သေရမယ်ဆိုတာ မှတ်ထား'

ရှုယဉ်ကို လည်းကောင်း၊ ကောင်းဖုံးကို လည်းကောင်း ချမ်းသာပေးတော့မည် မဟုတ်ပါချေ။

'မလုပ်နဲ့'

ကျော့လုံက သွေးကြောပိတ်ခံထားရသဖြင့် လှုပ်ရှားဟန့်တားခြင်း မပြုနိုင်ပါချေ။

တုတုဖုးက ရှေ့သို့လှမ်းထွက်လိုက်၏။

'မြို့စားကြီး…ရှင့်ရဲ့ မကောင်းမှုတွေကို ရပ်တန့်ပေးရင် ကောင်းမယ်'

ကျင်းချုံး အံကြိတ်လိုက်သည်။

'မင်းတို့ကိုလဲ ကျုပ်က ချမ်းသာမပေးဘူးဆိုတာ မှတ်ထားပါ'

တုတုဖုးနှင့် ကျင်းလုံတို့ဘက်သို့ မြားဦးလှည့်လာသည့် ကျင်းလုံက အော်ခုပြောလိုက်၏။

'ညီမ…ကျုပ်ကို မြန်မြန်သေးကြိုးဖြေပေးပါ'

တုတုဖုးက သေးကြိုးဖြေမပေးဘဲ ကိုယ်တိုင် ကျင်းချုံးနှင့် ရင်ဆိုင်လိုက်သည်။

ကျင်းချုံး နှာခေါင်းရှုံ့လိုက်၏။

'မင်းတို့ ရွှေကျီးဂိုဏ်းကပညာ ဘာများ အသုံးကျလို့လဲ'

ချက်ချင်းပင် လက်ဝါးနှစ်ဖက်ကိုအသုံးပြုကာ တိုက်ခိုက်လိုက်လေသည်။

ထိုစဉ်….

'ရွှေကျီးဂိုဏ်းကိုစော်ကားတာ ဘယ်သူလဲ'

စကားသံနှင့်အတူ လူတစ်ယောက် လှမ်းပင်လာသည်ကို တွေ့လိုက်ရသည်။



၎င်းလူကား တုတုဖုး၏ဖခင် ရွှေကျီးဂိုဏ်းချုပ် တုတုရှောင်ဖြစ်ပါသည်။

'ဖေဖေ'

သူမ ဝမ်းသာအားရ ခေါ်လိုက်လေသည်။

တုတုရှောင်လည်း ဝမ်းသာသွားသည်။

'သမီး'

ပျောက်ဆုံးနေသော သမီးဖြစ်သူကို ပြန်တွေ့လိုက်ရလျှင် နှင်ယဲမျိုးသိမ်တားခဲ့ရသော စကားများကို ဖွင့်အန်ချလိုက်လေတော့သည်။

'သမီးရယ်…ဖေဖေဟာ အစ်ကိုယ်ကောင်းစိတ်နဲ့ ရွှေကျီးဂိုဏ်းအကျိုးကိုပဲ ကြည့်ခဲ့မိတာ မှားနေပြီဆိုတာ နားလည်လိုက်ပါပြီ၊ သမီးရဲ့မင်္ဂလာကိစ္စကို ဖျက်သိမ်းပစ်ဖို့ ဖေဖေ ဆုံးဖြတ်လိုက်ပါပြီ'

တုတုရှောင်က စစ်လိန်ထောင်မှ အဖြစ်ဆိုးများကြောင့် အမြင်မှန်ရသွားပြီ ဖြစ်လေသည်။

'ဝမ်းသာလိုက်တာ ဖေဖေရယ်'

ထိုစဉ်…

'ဟား….ဟား….ဟား'

ကျင်းချုံးကရယ်မောရင်း ရှေ့တိုးလာလေသည်။

တုတုရှောင်က ဟန့်တားလိုက်၏။

'မြို့စားလေး....ဂိုဏ်းချုပ်ကြီး ကောင်းဖုံးကို ဒုက္ခပေး ပါနဲ့တော့ဗျာ၊ မကောင်းဆိုးဝါးကောင်ကို ဆုံးမနှိမ်နင်းနိုင် တဲ့လူဟာ ဂိုဏ်းချုပ်ကြီး ကောင်းဖုံးတစ်ယောက်ပဲ ရှိပါ တယ်၊ မကောင်းဆိုးဝါးဟာ ခါတိုင်းထက်ပိုပြီး မွှေနှောက် ကောင်းကျန်းနေပါပြီ၊ စစ်လိန်တောင်မှာ သိုင်းလောကသား တွေ ဒုက္ခရောက်နေကြပါပြီ'

တုတုဖုံးသည် ကောင်းဖုံးနှင့်ပတ်သက်ခဲ့ကြောင်းထင်ရှား နေပါတော့သည်။

ကျင်းချုံး ဒေါပွသွား၏။

'တိတ်စမ်း....ခင်ဗျားက ကျုပ်နဲ့မပူးပေါင်းဘူးဆိုရင် ခင် ဗျားတို့ သားအဖနှစ်ယောက်ကိုလဲ ချမ်းသာမပေးနိုင်ဘူး'

'ကျွန်မတို့က ကြောက်နေရမှာလား'

တုတုဖုံးက ဒေါသတကြီး အော်ပြောလိုက်လေသည်။

ကျင်းချုံး ခေါင်းညိတ်လိုက်၏။

'စိတ်ချ....မင်းတို့ကို အရှင်ရှင်းပစ်မယ်၊ ခုချိန်မှာ ကျုပ်ကို ဘယ်သူက ခုခံနိုင်ဦးမှာလဲ'

မှန်ပေသည်။

လူဘိုင်းကိုယ်စီ ဒဏ်ရာရရှိသွားကြပြီဖြစ်ရာ ကျင်းချုံး အား ယှဉ်နိုင်တော့မည် မဟုတ်ပါချေ။



တုတုရှောင် သက်ပြင်းချလိုက်၏။

'မြို့စားလေး....ကျုပ်ကိုခွင့်လွှတ်ပါဗျာ'

ပြောရင်း ရှေ့သို့လှမ်းထွက်လိုက်လေသည်။

သားအဖနှစ်ယောက် ပူးပေါင်းကာ ရင်ဆိုင်ရန်ဟန်ပြင် လိုက်လေသည်။

ကျင်းချုံး အံကြိတ်လိုက်၏။

'ခင်ဗျားတို့ ဘယ်လောက်ခံနိုင်မလဲဆိုတာ ကြည့်ကြ သေးတာပေါ့'

သူက စတင်တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင်....

'ဟေး....'

ဝမ်းခေါင်းသံကြီးနှင့်အတူ အော်ဟစ်ကာ ပြေးဝင်လာသူ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူမှာ အားလုံးကြောက်ရွံ့ထိတ်လန့်နေရသော သူတော် ဖြစ်ပါတော့သည်။

သူတော်သည် ဒဏ်ရာရရှိသွားပြီးနောက်ပိုင်း ပို၍စိတ် ဖောက်ပြန်သွားပြီး မည်းမည်းမြင်သမျှ လိုက်သတ်တိုက်ခိုက်နေ လေသည်။

စစ်လိန်တောင်၌ ရောက်ရှိနေသည့် သိုင်းသမားများမှာ သူတော်၏လက်ချက်မိကာ ဒုက္ခရောက်ကြရလေသည်။

သူတော်သည် ဘာကိုမျှ ဂရုမထားဘဲ စိတ်တိုင်းကျမွှေ နှောက်ပြီး လိုဏ်ဂူထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ခြင်း ဖြစ် သည်။

သူ့ကားဟန်တားနိုင်မည့် ကျင်းလုံးကော ကောင်းဖုံးပါ ဒဏ်ရာရပြီး သွေးကြောပိတ်ခံနေရသောကြောင့် အခြေအနေ ပိုဆိုးသွားလေသည်။

သူတော်ရောက်လာသည်ကိုမြင်လျှင် ကျင်းချိုး ရင်ထိတ် သွားလေသည်။

'သူတော်...နောက်ဆုတ်လိုက်စမ်း၊ ဟိုတစ်ချိန်က ရှောင် လင်ကျောင်းခွဲမှာ အဆိပ်နဲ့တိုက်ခိုက်ခံခဲ့ရတာကို မင်းမမှတ် သေးဘူးလား'

'ဟာ...'

သူတော်၏အသံ ဟိန်းထွက်သွားလေသည်။

သူ၏ခြေ မ်း တုန်ခနဲရပ်သွား၏။

ကျင်းချိုးအား မျက်လုံးကြီးပြူးကာ ကြည့်လိုက်သည်။

'သူတော်... တာမိုသိုင်းကျမ်းဘယ်မှာလဲ ပေးစမ်း'

ကျင်းချိုးက လက်ဝါးဖြန့်ကာ တောင်းလိုက်သည်။

သူတော် ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ကောင်းပြီ၊ မင်းလိုချင်တာရမယ်'

စကားဆုံးလျှင် ကျင်းချိုးသို့ တဟုန်ထိုးဝင်ရောက်တိုက် ခိုက်လိုက်သည်။

ကျင်းလုံ ရင်ထိတ်သွားလေသည်။

'သတိထား'



သို့သော် ကျင်းချိုးက သူတော် ဒဏ်ရာရနေပြီဖြစ်၍ ဆိုး မနိုင်မည် ဂု ယုံကြည်ထားသကာ၊ ထိပ်တိုက်ရင်ဆိုင်လိုက်လေ သည်။

'ဝုန်း...'

'အား...'

ရုံးမှ ကျယ်လောင်သောအသံများ ထွက်ပေါ်လာကာ ကျင်းချိုးမှာ အဝေးသို့လွင့်စဉ်သွားလေတော့သည်။

--★--

သူတော် ရှူးသွင်းနေသည်။

ကျင်းချိုးသည်သည်း စိတ်ခမှန်းဘဲ ရှူးသွင်းနေသူတစ် ယောက်ပမာ ဖြစ်နေသည်။

သို့ကြောင့်လည်း သူတော်အား ထိပ်တိုက်ရင်ဆိုင်လိုက် ခြင်း ဖြစ်လေသည်

တကယ်တမ်းတွင် သူတော်သည် ဒဏ်ရာရထားသော်လည်း ကျင်းချိုးအား ကောင်းကောင်းကြီး ဆုံးမနိုင်သည့် အခြေ အနေ၌ ရှိနေပါသည်။

ကျင်းချုံးခံလိုက်ရသည်ကိုမြင်လျှင် တုဘုဖုံးတို့ ဝမ်းသာသွားကြသော်လည်း သူတော်က သူတို့ဘက်သို့ လှည့်လာလေသောအခါ ထိတ်လန့်သွားကြ၏။

'သမီး....မြန်မြန်ပြေး'

တုဘုရှောင်က သမီးဖြစ်သူအား ထွက်သွားခိုင်းလေ၏။ သူမက ထွက်မသွားပါချေ။

'ဟား....ဟား....ဟား'

သူတော် ဟားတိုက်ရယ်မောကာ ရှေ့တိုးလာသည်၊

သူမသည် ကျင်းလုံအနီးသို့ ချဉ်းကပ်သွားပြီး သွေးကြောဖွင့်ပေးလိုက်လေသည်။

'အစ်ကို....ကျွန်မကို ခွင့်လွှတ်ပါနော်'

ကျင်းလုံ ဝမ်းသာသွားလေသည်။

'ကိစ္စမရှိပါဘူး၊ သူ့ကိုဘန်းဘားရမည့်နည်းလမ်းကို အစ်ကိုကောင်းကောင်းသိထားတယ်'

ချက်ချင်း ငရှေ့ထွက်ကာ သူတော်နှင့် ရင်ဆိုင်လိုက်လေသည်။

ကောင်းဖုံးနှင့် ရှုသဉ်ဘိုကား ကျင်းချုံး၏ လက်ချက်ကြောင့် သတိလစ် မေ့မြောနေကြပြီ ဖြစ်လေသည်။

'ဟား....ဟား....ဟား'



သူတော် အရှေးတစ်ယောက်ပမာ ရယ်မောရင်း ရှေ့တိုးလာပြီး ကျင်းလုံအား လက်ဝါးဖြင့် ရိုက်ချလိုက်၏၊

ကျင်းလုံကလည်း အံကြိတ်ကာ ဂူနံရံမှသိုင်းကွက်ကိုအသုံးပြုပြီး ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

'ဝုန်း...ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာကာ ကျင်းလုံရော သူတော်ပါ မြေပေါ်လဲကျသွားတော့သည်။

....★....

ကျင်းလုံ၏ ဒဏ်ရာရထားသော ခြေထောက်မှာ မခံမရပ်နိုင်အောင် နာကျင်နေ၏။

ကောင်းဖုံး၏ ဆေးသောက်ခဲ့ရသော်လည်း ရုတ်တရက်အစွမ်းမပြသေးသဖြင့် အခက်ကြုံနေ၏။

'ဟား....ဟား....ဟား'

သူတော်က ရယ်မောရင်း ထခုန်ထလာ၏။

သူ၏ ပါးစပ် နှာခေါင်းထဲမှ သွေးများ ယိုစီးကျနေ၏။

ဒဏ်ရာပြင်းထန်စွာ ရထားသည့်တိုင် အသက်ပြင်းလှသည်မှာ အံ့သြစရာကောင်းလှပေသည်၊

'မင်းတို့အားလုံး သေဖို့ပြင်ထား'

တုတုဖုံးနှင့် ကုတုရောင်တို့သည် အခြေအနေမဟန်မှန်းသိလျှင် လက်တွဲရင်ဆိုင်ရင် ဟန်ပြင်လိုက်ကြလေသည်။

သို့သော် ကြောက်စရာကောင်းလှသည့် သူတော်အားယှဉ်နိုင်ကြပါမည်လော။

ကျင်းလုံသည်လည်း မည်သို့မျှမဟန်နိုင်ပဲ မြေပေါ်လဲကျနေ၏။

သူတော်၏လက်ချက်ဖြင့် အားလုံးသေဆုံးရတော့မည် ဖြစ်လေသည်။

ထိုစဉ်....

'ခွပ်....'

ကျယ်လောင်သော အသံထွက်ပေါ်လာ၏။

သူတော်ဦးခေါင်းမှာ သွေးချင်းချင်းနီရဲအောင် ကွဲအက်ကြေမွသွားကာ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။

သူတော်၏နောက်ကျောဘက်၌ ကျောက်ခဲတစ်လုံး ကိုင်ကာ ရပ်နေသောကျင်းချုံးအား တွေ့လိုက်ရလေသည်။

ကျင်းချုံးသည် သူတော်အားသုတ်သင်ကာ ကျင်းလုံတို့၏အသက်ကို ကယ်တင်လိုက်ခြင်းဖြစ်လေသည်။

ကျင်းလုံတို့ ထိတ်လန့်သွားကြသည်။

ကျင်းချုံးသည် သူတို့ကို ချမ်းသာပေးပါမည်လော။



ရှက်တရက် ကျင်းချုံး၏မျက်နှာတွင် အပြုံးရိပ်များ ထွက်ပေါ်လာလေသည်။

တုတုဖု အား လှမ်းပြောလိုက်၏။

'ကျုပ်ရဲ့သားကို ကောင်းကောင်းမွန်မွန်စောင့်ရှောက်ပါ'

စကားဆုံးလျှင် မြေပေါ်ဝုန်းခနဲ လဲကျသွားလေတော့သည်။

★

မကောင်းဆိုးဝါးဘုရားတော် သေဆုံးသွားပြီဖြစ်သလို တာမိုသိုင်းကျမ်းသည်လည်း ပျက်စီး ပျောက်ကွယ်သွားပြီ ဖြစ်ပေသည်။

စစ်လိန်တောင်သည်လည်းကောင်း၊ သိုင်းလောက သည်လည်းကောင်း ပြန်လည်အေးချမ်းသာယာသွားကြပြီဖြစ်လေသည်။

ကောင်းဖုံနှင့်ရှယဉ်တို့သည် ကျင်းလုံနှင့်တုတုဖုံတို့အား လက်ထပ်ပေးကာ ထင်းကျူန့်ဂိုဏ်းကို လွှဲပြောင်းဆက်ခံစေပြီး သိုင်းလောကမှ အနားယူသွားကြသည်။

ကျင်းလုံသည် အချားအကျိုး သိုင်းအကျိုးသယ်ပိုးဆောင်ရွက်သည့် သိုင်းသမားတစ်ယောက် အဖြစ် သိုင်းလောက၌ ထင်ရှားစွာရပ်တည်နိုင်ခဲ့လေသည်။

ကျင်းလုံသည် တတုဖုံးနှင့် လက်တွဲကာ ပျော်ရွှင်သောဘဝကို လျှောက်လှမ်းလာခဲ့သည့်တိုင် သူ၏ ရင်ထဲ၌ တဝင်မကျနိုင်စရာ မေးခွန်းတစ်ခုရှိနေပါသည်။

ကင်းချုံးက သူ၏အသက်ကို အဘယ်ကြောင့် ကယ်တင်ခဲ့ရသနည်း ဟူသောမေးခွန်းပင်ဖြစ်လေသည်။

ထို့အပြင် ကျင်းချုံးသေကာနီး ပြောသွားသောစကားနှင့် အပြုံးကို သူဘယ်သောအခါမှ မေ့ပျောက်နိုင်တော့မည်မဟုတ်တော့ချေ....။

ပြီး ပါ ပြီ။

ဝဏ္ဏအောင်